# ဓမ္မတရား

# အခန်း တစ်

# အကြောင်းတရား

## I

## သစ္စာတရားလေးပါး

၁. လောကကြီးသည် ဆင်းရဲဒုက္ခအပေါင်းနှင့် ပြည့်နှက်နေ၏။ မွေးဖွားခြင်းသည် ဆင်းရဲဒုက္ခ၊ အိုမင်း ရင့်ရော်မှုသည် ဆင်းရဲဒုက္ခ၊ ဖျားနာခြင်းနှင့် သေခြင်းများသည် ဆင်းရဲဒုက္ခများဖြစ်၏။ မုန်းတီးသူနှင့် တွေ့ ရခြင်းသည် ဆင်းရဲဒုက္ခ၊ ချစ်သူနှင့် ကွေကွင်းရခြင်းသည် ဆင်းရဲဒုက္ခ၊ လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန် အချည်းနှီး ရုန်းကန်နေခြင်းသည် ဆင်းရဲဒုက္ခ ဖြစ်၏။ အမှန်မှာ၊ ဆန္ဒရမက်များမှ မလွတ်ကင်းသော ဘဝ သည် ဆင်းရဲဒုက္ခများနှင့် အမြဲ ကြုံတွေ့နေရပေသည်။ ဤသည်ကို ဒုက္ခသစ္စာဟု ခေါ်သည်။

လူသားတို့၏ ဆင်းရဲဒုက္ခများကို ရုပကိုယ်ခန္ဓာ၏ ဆာလောင်မွတ်သိပ်မှုနှင့် လောကရမက်များ၏ အထင်မှားပြစ်မှုများတွင် မလွဲမသွေ တွေ့မြင်နိုင်ပေသည်။ အကယ်၍ ဤဆာလောင်မွတ်သိပ်မှုများနှင့် ထင်ယောင်ထင်မှားဖြစ်မှုများ၏ ဇစ်မြစ်များကို လေ့လာကြည့်မည် ဆိုပါက ၎င်းတို့သည် ရုပအာရုံများ၏ ပြင်းထန်သော ဆန္ဒရမက်များတွင် အမြစ်တွယ်နေကြောင်း တွေ့ရှိရမည် ဖြစ်ပေသည်။ ဤသို့ဖြင့် အသက်ရှင်နေလိုသော စိတ်ဆန္ဒ၏ အခြေခံအဖြစ်၊ ရမက်သည် တခါတရံ သေဆုံးခြင်းပင်ဖြစ်စေ၊ လိုလားဖွယ်ရာများကို ရှာကြံတတ်လေသည်။ ယင်းရှာကြံလိုသောစိတ်ကို သမုဒယသစ္စာ (ဂါ) ဆင်းရဲ ဒုက္ခ၏ အကြောင်းရင်း အမှန်တရားဟု ခေါ်လေသည်။

အကယ်၍ ဆန္ဒရမက်ဟူသော လူ့ရမက်များကို ဖယ်ရှားနိုင်မည် ဆိုပါက ဆန္ဒရမက်များ ပျောက် ဆုံးကာ လူသားတို့၏ ဆင်းရဲဒုက္ခများအားလုံး ကုန်ဆုံးသွားပေမည်။ ဤသည်ကို နိရောဓသစ္စာ (ဂါ) ဆင်းရဲဒုက္ခ ကုန်ဆုံးမှု၏ အမှန်တရားဟု ခေါ်လေသည်။

ဆန္ဒရမက်နှင့် ဆင်းရဲဒုက္ခများ မရှိသောဘဝအခြေအနေသို့ ရောက်ရှိနိုင်ရန် အတွက် မဂ္ဂင်ရှစ်ပါး ဟူသောလမ်းစဉ်ကို လိုက်ရပေမည်။ မဂ္ဂင်ရှစ်ပါးလမ်းစဉ်၏ အဆင့်များမှာ မှန်ကန်သော အမြင်၊ မှန်ကန် သော အတွေးအခေါ်၊ မှန်ကန်သော အပြောအဆို၊ မှန်ကန်သော အမူအကျင့်၊ မှန်ကန်သော စားသောက် နေထိုင်မှု၊ မှန်ကန်သော အားထုတ်ကြိုးပမ်းမှု၊ မှန်ကန်သော စိတ်နေစိတ်ထားနှင့် မှန်ကန်သော အာရုံ စူးစိုက်မှုတို့ ဖြစ်လေသည်။ ဤသည်ကို ဆင်းရဲဒုက္ခအကြောင်းရင်းများကို အဆုံးသတ်စေရန် မြင့်မြတ် သော လမ်းစဉ်၏ အမှန်တရား (၄) နိဗ္ဗာန်သို့ ရောက်ကြောင်း တရားလမ်းကောင်းဟု ခေါ်လေသည်။

လူတို့သည် ဤအမှန်တရားများကို စိတ်ထဲတွင် ခိုင်မြဲစွာ ထားရှိသင့်ပေသည်။ အဘယ်ကြောင့် ဆိုသော် လောကကြီးသည် ဆင်းရဲဒုက္ခများနှင့် ပြည့်နှက်နေ၍ ယင်းဆင်းရဲဒုက္ခများမှ ကင်းလွတ်လိုသူ သည် ဆင်းရဲဒုက္ခများ၏ တစ်ခုတည်းသော အကြောင်းရင်းဖြစ်သည့် လောဘရမက်များကို ဖြတ်တောက် ပစ်ရပေမည်။ လောဘရမက်နှင့် ဆင်းရဲဒုက္ခများမှ ကင်းလွတ်သော ဘဝလမ်းကြောင်းကို အမှန်တရား သိမြင်မှုမှတဆင့် သိရှိရယူနိုင်ခြင်း၊ အမှန်တရား သိမြင်မှုကိုလည်း မဂ္ဂင်ရှစ်ပါး မှတဆင့်သာ သိရှိရယူနိုင် ပေသည်။

၂. အမှန်တရားကို ရှာကြံနေသူ အားလုံးတို့သည် သစ္စာတရားလေးပါးကို သိရှိနားလည်ကြရမည် ဖြစ်သည်။ ဤသည်ကို မသိရှိပါက ၄င်းတို့သည် ထင်ယောင်ထင်မှားဖြစ်မှု၊ ဂဲသြဃထဲတွင် အဆုံးအစ မရှိ တဝဲလည်လည် ဖြစ်နေကြပေမည်။ သစ္စာတရားလေးပါးကို နားလည်ကြသူများအား (**မေ့စက္ကူ**) "အမှန် တရား မျက်စိများကို ရရှိထားကြသူများ (မှန်သော အသိဉာဏ်ပညာ ရရှိသူများ)" ဟု ခေါ်လေသည်။

ထို့ကြောင့် ဗုဒ္ဓ၏ အဆုံးအမများကို လိုက်နာကျင့်သုံးလိုသူများအား သစ္စာတရားလေးပါးကို စိတ် အာရုံပြုသင့်ကြပြီး၊ အနက်အဓိပ္ပာယ်များကို ရှင်းလင်းပြတ်သားစွာ နားလည်သဘောပေါက်လာစေရန် ကြိုးပမ်းသင့်ပေသည်။ ခေတ်အဆက်ဆက်တို့မှ စစ်မှန်သော ရဟန္တာများသည် သစ္စာတရားလေးပါးကို ကောင်းစွာ နားလည်သဘောပေါက်ကြ၍ အခြားသူများအား သင်ကြားပေးလေသည်။

သစ္စာတရားလေးပါးကို ကောင်းစွာ နားလည်သဘောပေါက်သောအခါ ၊

**အကြောင်းတရား**

မဂ္ဂင်ရှစ်ပါးလမ်းစဉ် မှတ ဆင့်၊ လောဘနှင့် ကင်းဝေးရာသို့ ရောက်ရှိနိုင်လေသည်။ အကယ်၍ လောဘ ကင်းမဲ့ပါက ကမ္ဘာကြီးနှင့် ခိုက်ရန် ဖြစ်ပွားမည် မဟုတ်ဘဲ၊ သတ်ဖြတ်ခြင်း၊ ခိုးပုက်ခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ လိမ်လည်မုသား ပြောဆိုခြင်း၊ မတရားပြုမူခြင်း၊ မြှောက်ပင့်ခြင်း၊ မနာလိုဂုန်တိုခြင်း၊ စိတ်ကို မထိန်းနိုင် ခြင်း၊ ဘဂ၏ မတည်မြဲမှုကို မေ့လျော့ခြင်းနှင့် မတရားပြုမူခြင်းများကို ပြုလုပ်မည် မဟုတ်ပါပေ။

၃.	မြင့်မြတ်သော လမ်းစဉ်ကို လိုက်ခြင်းသည် လက်ထဲတွင် ဖယောင်းတိုင်မီးကို ကိုင်၍၊ မှောင်နေ သောအခန်းထဲသို့ ဂင်ရောက်ခြင်းနှင့် တူလေသည်။ အမှောင်ထုများ အားလုံး ကင်းရှင်း၍ အခန်းထဲတွင် လင်းနေပေမည်။

အမှန်တရားများ၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက်၍ မြင့်မြတ်သော လမ်းစဉ်ကို လိုက်နာ တတ်သောသူသည် ဉာဏ်ပညာ၏ အလင်းရောင်ကို ပိုင်ဆိုင်၍၊ မသိတတ်မှု အမှောင်ထုကို ရှင်းလင်းပစ် လေသည်။

ဗုဒ္ဓသည် သစ္စာတရားလေးပါးကို ညွှန်ပြခြင်းဖြင့်သာ လူသားများကို ဦးဆောင်လေသည်။ ကောင်းမွန်စွာ နားလည်သဘောပေါက်သူများသည် အမှန်တရားကို သိရှိကြလေသည်။ ၄င်းတို့သည် တည်မြဲခိုင်ခန့်ခြင်း မရှိသော ဤကမ္ဘာအတွင်းရှိ အခြားသူများအား လမ်းညွှန်ကူညီနိုင်ကြမည် ဖြစ်ပြီး ယုံကြည်အားကိုးထိုက်သူများ ဖြစ်လေသည်။ သစ္စာတရားလေးပါးကို ကောင်းစွာ နားလည်သဘော ပေါက်သောအခါ၊ လောဘရမက်များ အားလုံး ခမ်းခြောက် သွားလေသည်။

သစ္စာတရားလေးပါးမှတဆင့် ချီတက်၍၊ ဗုဒ္ဓ၏ တပည့်တော်များသည် အခြားသော အဖိုးတန် အမှန်တရားအားလုံးကို သိမြင်ကြလေသည်။ ၄င်းတို့သည် အဓိပ္ပာယ်အားလုံးကို သိရှိနားလည်ကြသည့် ဉာဏ်ပညာများ ရရှိလာကာ ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့အား တရားဓမ္မကို ဟောပြော သင်ကြားနိုင် စွမ်း ရှိလာလေသည်။

# II
# အကြောင်းတရား

၁. လူသားတို့၏ ဆင်းရဲဒုက္ခများကို ဖြစ်ပေါ်စေသော အကြောင်းရင်းများ ရှိလေသည်။ ဤဆင်းရဲ ဒုက္ခများကို အဆုံးသတ်စေနိုင်သော နည်းလမ်းတစ်ခု ရှိလေသည်။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာပေါ်ရှိ အရာခပ်သိမ်းတို့သည် များပြားလှသော အကြောင်းရင်းများနှင့် အခြေအနေများကြောင့် ဖြစ်ပေါ်လာရ ခြင်း ဖြစ်ပြီး၊ ဤအကြောင်းရင်းများနှင့် အခြေအနေများ ပြောင်းလဲပျောက်ကွယ် သွားသည်နှင့် အမျှ အစစအရာရာ ပျောက်ကွယ်သွားလေသည်။

မိုးရွာခြင်း၊ လေတိုက်ခြင်း၊ ပန်းပွင့်ခြင်း၊ သစ်ရွက်များ ရင့်ရော်လာ၍ ကြွေကျလွင့်စင်သွားခြင်း အစရှိသည့် အခြင်းအရာအားလုံးတို့သည် အကြောင်းရင်း များနှင့် အခြေအနေများ ပြောင်းလဲသွားသည် နှင့်အမျှ ပျောက်ကွယ်သွား လေသည်။

လူသားတို့သည် မိမိတို့၏ ကိုယ်ခန္ဓာကို မိဘများမှ ရရှိသည်။ မွေးဖွားလာသူ၏ ကိုယ်ခန္ဓာကို အစားအစာများဖြင့် အာဟာရ ဖြစ်ထွန်းစေ၍၊ စိတ်ဓာတ်ကိုမူ ပညာဗဟုသုတနှင့် အတွေ့အကြုံများဖြင့် အာဟာရ ဖြစ်ထွန်းစေ လေသည်။

ထို့ကြောင့် အသွေးအသားနှင့် စိတ်ဓာတ်နှစ်ခုစလုံးသည် အခြေအနေ အရပ်ရပ်နှင့် ဆက်စပ်နေ၍ အခြေအနေများ ပြောင်းလဲသည်နှင့်အမျှ ပြောင်းလဲ သွားလေသည်။

ပိုက်ကွန်တစ်ခုကို အထုံးအဖွဲ့များ ပြုလုပ်ထားသကဲ့သို့ ဤလောကကြီး မှာလည်း အနှောင်အဖွဲ့ များဖြင့် ဆက်နွယ်နေလေသည်။ ပိုက်ကွန်တစ်ခုအတွင်းရှိ ဆက်စပ်နှောင်ဖွဲ့မှုများမှာ သီးခြားဖြစ်သည်ဟု ယူဆပါက မှားယွင်းမည်သာ ဖြစ်လေသည်။

ဆက်စပ်နေသော နှောင်ဖွဲ့မှုများ ရှိ၍သာ ပိုက်ကွန်ဟု ခေါ်ဆိုခြင်းဖြစ်ပြီး၊ နှောင်ဖွဲ့မှု တစ်ခုချင်း စီသည် အခြားသော အနှောင်အဖွဲ့များနှင့် ဆက်စပ်၍

ကိုယ်ပိုင်တည်နေရာနှင့် တာဂန်ဂတ္တရားများ ရှိပေ သည်။

၂. ပန်းပွင့်များသည် အစီအရီသော အကြောင်းအချက်အမျိုးမျိုးတို့ကြောင့် ပွင့်ဖူးလာခြင်းဖြစ်၏။ သစ်ရွက်များ ကြွေကျလွင့်စင်မှု၌လည်း ထိုကဲ့သို့ ဖြစ်လာစေသော အခြေအနေများကြောင့်ပင် ဖြစ်၏။ ပန်းပွင့်များသည် အကြောင်းရင်းမဲ့ ပွင့်ဖူးလာခြင်းမဟုတ်သကဲ့သို့ သစ်ရွက်များသည်လည်း ရာသီချိန်ခါ မဟုတ်၊ အလိုအလျောက်၊ ကြွေကျလာခြင်း မရှိပါပေ။ ထို့ကြောင့် အရာခပ်သိမ်းတို့၌ ဖြစ်ပေါ်လာခြင်းနှင့် ပျက်စီးပျောက်ကွယ်သွားခြင်းများ ရှိပေသည်။ အပြောင်းအလဲ မရှိသော သီးခြား အရာဂတ္ထုဟူသည် မရှိ ပါပေ။

အရာခပ်သိမ်းတို့သည် အစီအရီသော အကြောင်းရင်း၊ အခြေအနေများအရ ဖြစ်ပေါ်လာခြင်း၊ ပျောက်ကွယ်သွားခြင်းများမှာ ဤကမ္ဘာလောကကြီး၏ မပြောင်းလဲသော ထာဂရ ဓမ္မတာပင် ဖြစ်ပေ သည်။ အရာခပ်သိမ်းတို့သည် ပြောင်းလဲနေကြ၍ ပြောင်းလဲမှု မရှိသော အရာဟူသည် ဘာမျှ မရှိပါပေ။

# III

# ဒုက္ခ သမုဒယ

၁. လူသားတို့၏ ဂမ်းနည်းပူဆွေးမှု၊ နာကျင်မှုနှင့် ဆင်းရဲဒုက္ခများ၏ မူရင်းဇစ်မြစ်သည် အဘယ်မှာ နည်း။ လူသားများသည် အများအားဖြင့် မသိမှုနှင့် စိတ်လိုက်မာန်ပါမှုများ ရှိသည်ဟူသော အချက်တွင်၊ ရှာဖွေတွေ့ရှိနိုင်သည် မဟုတ်ပါလော။

လူသားများသည် ဆင်းရဲဒုက္ခ၏ ဇစ်မြစ်ဖြစ်သော ချမ်းသာ ကြွယ်ဂမှုနှင့်ဂုဏ်ရှိမှု၊ စည်းစိမ်ရှိမှုနှင့် ပျော်ပါးမှု၊ စိတ်လှုပ်ရှားမှုနှင့် ကိုယ်ကျိုးရှာမှု တို့ကို မသိနားမလည်ပဲ၊ လိုချင်တပ်မက်စွာနှင့် ပြုလုပ်ရယူ နေကြသည်။ လက်ဂယ် ရရှိမှုကြောင့် ပူပင်ကြောင့်ကြမှုများ ဖြစ်ပေါ်ကြရသည်။

ဤကမ္ဘာကြီးသည် အစကနဦးကပင် အမျိုးမျိုးသော ဆင်းရဲဒုက္ခများ ရှိနေပြီး ဖျားနာခြင်း၊ အသက်ကြီးရင့်ခြင်းနှင့် သေဆုံးခြင်းတို့ကို ရှောင်လွှဲမရ၍ ပူပင်ကြောင့်ကြမှုများ ရှိနေကြသည်။

သို့ရာတွင် ဤအကြောင်းအချက်အားလုံးကို သေချာစွာ စဉ်းစားလေ့လာ ကြည့်မည် ဆိုပါက လိုချင်တပ်မက်မှု နောက်ကွယ်တွင် ဆင်းရဲဒုက္ခအပေါင်း ရှိနေကြောင်း၊ ယုံကြည် သိရှိမည် ဖြစ်ပေသည်။ အကယ်၍ လောဘကို ဖယ်ရှားနိုင်မည်ဆိုပါက လူ့ဆင်းရဲဒုက္ခများသည်လည်း အဆုံးသတ်သွားမည် ဖြစ်ပေသည်။

မသိနားမလည်မှုသည် လူ့စိတ်ထဲတွင် ပြည့်လျှံနေသော လောဘ၌ ပေါ်လွင် နေပေသည်။

အရာဝတ္ထုများ၏ ဖြစ်ပေါ်ပြောင်းလဲမှု၊ အကြောင်းအစစ်အမှန်ကို မသိကြ၍သာ၊ လူသားများ၏ မိုက်မဲမှုနှင့် မှားယွင်းသော တည်ထွင်ကြံဆချက်များ ထွက်ပေါ်လာခြင်းဖြစ်ပေသည်။

မသိမှုနှင့် လောဘတို့မှနေ၍၊ မသန့်စင်သော တပ်မက်မှုများ ဖြစ်ပေါ်လာကာ၊ မရနိုင်သောအရာကို မနား မနေ၊ စမ်းတဝါးဝါး ရှာကြံကြလေသည်။

အဝိဇ္ဇာ (ဂါ) မသိနားမလည်မှုနှင့် လောဘကြောင့် လူများသည် ခွဲခြားမှုမရှိသော်လည်း ရှိသယောင် ထင်မှတ်ကြလေသည်။ မူလ လူ့အပြုအမူ များတွင် အမှန်နှင့်အမှား ခွဲခြားမှု မရှိသော်လည်း မသိနားမလည်မှုကြောင့် ထိုကဲ့သို့သော ခြားနားချက်များ ရှိသည်ဟု တွေးထင်ကာ၊ မှန်သည် သို့မဟုတ် မှားသည်ဟု ဝေဖန်ဆုံးဖြတ်ကြလေသည်။

မသိနားမလည်မှုကြောင့် လူသားများသည် အမြဲပင် မှားယွင်းသည့် အတွေးများကို တွေးခေါ်၍၊ မှန်ကန်သော ထင်မြင်ချက်များ ဆုံးရှုံးကာ ကိုယ့်ကိုယ်ကို အထင်ကြီးစိတ်ဖြင့် မှားယွင်းစွာ လုပ်ဆောင် ကြလေသည်။ ထို့ကြောင့် ၎င်းတို့သည် မရေရာသော ဘဝ၌ တွယ်ကပ်နေကြလေသည်။

လူတို့သည် မိမိတို့၏ လုပ်ရပ်များကို ကိုယ်ကျိုးရှာသော ဘဝင်မြင့်သည့်

**အကြောင်းတရား**

နယ်ပယ်တစ်ရပ် အဖြစ် ဖန်တီးကာ စိတ်၏ ခွဲခြားသိမြင်မှုကို မျိုးစေ့အဖြစ် အသုံးချလျက်၊ မသိနားမလည်မှုများ ဖြင့် စိတ်ကို ဖုံးလွှမ်းစေကာ၊ လိုချင်တပ်မက်မှု မိုးရေဖြင့် ရှင်သန်ဖွံ့ဖြိုးစေ၍၊ ကိုယ့်ကိုယ်ကို အထင်ကြီးမှု တူးမြောင်းမှ ရေပေးသွင်းကာ၊ မကောင်းဆိုးဝါးသော အသိဉာဏ်ကို ဖြည့်သွင်းလျက်၊ မရေမရာသော ရပ်တည်ချက် မျိုး၌ ရှိနေကြလေသည်။

၂. ထို့ကြောင့် အမှန်စင်စစ်မှာ၊ မိမိတို့၏ ကိုယ်ပိုင်စိတ်များကသာ၊ ဂမ်းနည်းကြေကွဲခြင်း၊ သောက ရောက်မှု၊ နာကျင်မှုနှင့် ဒုက္ခဝေဒနာများ၏ အကြောင်းရင်းခံ ဖြစ်လေသည်။

မရေမရာသော ဤကမ္ဘာကြီးတစ်ခုလုံးသည် ဤစိတ်ကြောင့် ဖြစ်ပေါ်လာသော အရိပ်အယောင်မျှ သာဖြစ်ပေသည်။ သို့သော်လည်း အမှန်တရား သိမြင်မှု ကမ္ဘာကြီးသည်လည်း ဤစိတ်မှပင် ထွက်ပေါ် လာပေသည်။

၃. ဤလောကကြီး၌ မှားယွင်းသော ထင်မြင်ယူဆချက် ၃-ရပ် ရှိလေသည်။ ဤထင်မြင်ချက်များကိုသာ ဖက်တွယ်ထားမည် ဆိုပါက ကမ္ဘာကြီး တစ်ခုလုံး အတွင်းရှိ အရာခပ်သိမ်းတို့ကို ငြင်းပယ်ရာ ကျပေ မည်။

ပထမ ယူဆချက်မှာ လူ့အတွေ့အကြုံ ခံစားချက် မှန်သမျှသည် ကံကြမ္မာပေါ်တွင် မူတည်နေ သည်ဟု အချို့သူတို့က ပြောဆိုကြ၍ ဒုတိယ ယူဆချက်မှာ အရာခပ်သိမ်းတို့သည် ဘုရားသခင်က ဖန်ဆင်းထားခြင်း ဖြစ်၍ ဘုရားသခင်၏ အလိုတော်အရ ချုပ်ထိန်းထားခြင်း ဖြစ်သည်ဟု အချို့က ထင်မှတ်ကာ တတိယ ယူဆချက်မှာမူ အရာခပ်သိမ်းတို့သည် အကြောင်းရင်း သို့မဟုတ် အခြေအနေ ဟူ၍ မရှိဘဲ မတော်တဆ ဖြစ်ပွားမှုများသာ ဖြစ်သည်ဟု အချို့က ပြောဆိုကြလေသည်။

အကယ်၍ အရာခပ်သိမ်းအလုံးစုံကို ကံကြမ္မာကသာ အဆုံးအဖြတ်ပေးမည် ဆိုလျှင် ကောင်း သော လုပ်ရပ်သည် ၄င်း၊ မကောင်းသော လုပ်ရပ်များသည် ၄င်း၊ ကြိုတင်သတ်မှတ်ပြီးသား ဖြစ်နေ၍ ဆင်းရဲဒုက္ခများကိုလည်း ရှောင်လွှဲ၍ ရနိုင်မည်

မဟုတ်ပါပေ။ ကြိုတင် သတ်မှတ်ပြီးသော အရာများသာ တည်ရှိပေမည်။ သို့ဖြစ်လျှင် လူသားတို့၏ တိုးတက်ကောင်းမွန်ရေးအတွက် ကြံစည် ကြိုးပမ်းချက်များ သည်လည်း အချည်းနှီးသာ ဖြစ်ကာ၊ လူ့ဖြစ်စဉ်သည် မျှော်လင့်ချက် ကင်းမဲ့နေမည် ဖြစ်ပေသည်။

အခြားသော ထင်မြင်ယူဆချက်များ အတွက်လည်း အလားတူပင် ဖြစ်ပေသည်။ အဘယ်ကြောင့် ဆိုသော် အကယ်၍ အရာခပ်သိမ်းတို့၏ ဘဂကံကြမ္မာတို့သည် မသိနိုင်သော ဘုရားသခင်၏ လက်ထဲ၌ ရှိနေပါက သို့မဟုတ် မတော်တဆ ဖြစ်မှုပေါ်မူတည်နေပါက လူ့ဘဂသည် ဂပ်တွား ခံယူရုံမှအပ အဘယ် တွင် မျှော်လင့်ချက် ရှိမည်နည်း။ ဤအတွေးအခေါ်များကို ခံယူထားသူတို့က မျှော်လင့်ချက် ကင်းမဲ့ကာ၊ မကောင်းမှုများကို ရှောင်ရှား၍ အမှန်အတိုင်း လုပ်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းမှု မပြုကြသည်မှာ အံ့သြဖွယ်ရာ မဟုတ်ပါပေ။

အမှန်မှာ၊ ဤ တွေးခေါ်မျှော်မြင်မှု ၃-ရပ်စလုံးသည် လုံးဂ များယွင်း နေပေသည်။ အရာခပ်သိမ်း တို့သည် ဖြစ်ပေါ်လာမှု အစဉ်အဆက်များဖြစ်၍၊ အကြောင်းရင်းတရားနှင့် အခြေအနေ အဆင့်ဆင့်တို့၌ အရင်းခံလေသည်။ (ထေရဂါဒ အနေဖြင့် ပြောရလျှင် ကံ၊ ကံ၏ အကျိုးသာ ဖြစ်ပေသည်။ တည်းဖြတ်ရေးအဖွဲ့)

# အခန်း နှစ်

# လူ့စိတ်နှင့်လက်ရှိသွင်ပြင်

## I

## မတည်မြဲမှု (အနိစ္စ) နှင့် အနတ္တများ

၁. ကိုယ်ခန္ဓာနှင့် စိတ်နှစ်ရပ်စလုံး စုပေါင်းသည့် အကြောင်းရင်းများကြောင့် ထွက်ပေါ်လာသော်လည်း ငါ ဟူသော ကိုယ်အင်္ဂါရုပ် မရှိပါပေ။ ကိုယ်ခန္ဓာအသားများသည် ဒြပ်များ၏ စုပေါင်းဖွဲ့စည်းမှု ဖြစ်သဖြင့် တည်မြဲမှု မရှိပါပေ။

အကယ်၍ ကိုယ်ခန္ဓာကသာ ငါ ဟူသော အင်္ဂါရုပ် ဖြစ်ခဲ့လျှင် လုပ်လိုရာကို လုပ်နိုင်ပေမည်သာ ဖြစ်သည်။

ရှင်ဘုရင်သည် ချီးကျူးခြင်း သို့မဟုတ် ဒဏ်ခတ်ခြင်းတို့ကို စိတ်ဆန္ဒအလျောက် ပြုလုပ်နိုင်သည့် အာဏာရှိသော်လည်း မလိုလားပဲနှင့် ဖျားနာခြင်း၊ ဆန္ဒမရှိပဲနှင့် အသက်ကြီးရင့်လာခြင်း၊ စည်းစိမ်ဥစ္စာနှင့် လိုအင်ဆန္ဒများ သီးခြားစီ ဖြစ်သွားခြင်းများ ဖြစ်တတ်ပေသည်။

စိတ်သည်လည်း ငါ ဟူသော အင်္ဂါရုပ်တစ်ရပ် မဟုတ်ပါပေ။ လူ့စိတ်သည် အကြောင်းရင်းများနှင့် အခြေအနေများ၏ စုပေါင်းအကျိုးပင် ဖြစ်ပေသည်။ ၎င်းသည် အစဉ်အမြဲ ပြောင်းလဲနေပေသည်။

အကယ်၍ စိတ်ကသာ ငါ ဟူသော အင်္ဂါရုပ်တစ်ခု ဖြစ်ပါက လုပ်ချင်တိုင်း လုပ်၍ ရပေမည်။ သို့ရာတွင် စိတ်သည် သိမြင်ထားသော အမှန်မှ ရှောင်ကွင်းကာ မကောင်းမှု နောက်သို့ လိုက်ပါသွား တတ်ပေသည်။ မိမိ၏ ဆန္ဒအတိုင်း အတိအကျ မဖြစ်နိုင်ပါပေ။

၂. ကိုယ်ခန္ဓာသည် ထာဝရစဉ် တည်မြဲမှု ရှိသလား၊ မတည်မြဲပါသလားဟု မေးပါက "မတည်မြဲပါ" ဟု သာ ဖြေဆိုရမည် ဖြစ်ပေသည်။

မတည်မြဲသော ရုပ်တည်မှုသည် ပျော်ရွှင်မှုလော၊ ဆင်းရဲဒုက္ခလောဟု မေးပါက "ဆင်းရဲဒုက္ခ" ဟုသာ ဖြေဆိုရမည် ဖြစ်ပေသည်။

ယင်းကဲ့သို့သော တည်မြဲမှု မရှိသည့်အရာ၊ ပြောင်းလဲလွယ်လှပြီး၊ ဆင်းရဲဒုက္ခအတိ ဖြစ်သော အရာကို တည်မြဲသော အင်္ဂါရုပ်အဖြစ် မှတ်ယူပါက ၊ ဆိုးဂါးလှသော အမှားသာ ဖြစ်ပေမည်။

လူ့စိတ်သည်လည်း မတည်မြဲပဲ ဆင်းရဲဒုက္ခ ရှိပေသည်။ တည်မြဲသော အင်္ဂါရုပ် မဟုတ်ပါပေ။

လူတစ်ဦးတစ်ယောက်၏ ဘဝနှင့် ပတ်ဝန်းကျင်ရှိ ပြင်ပကမ္ဘာကို ဖြစ်ပေါ်စေသော စစ်မှန်သည့် ကိုယ်ခန္ဓာနှင့် စိတ်သည် "ကျွန်ုပ်" နှင့် "ကျွန်ုပ်၏ ဉစ္စာ" ဟူသော အတွေးအခေါ် ခံယူချက်များနှင့် အလှမ်း ဝေးလှပေသည်။

၄င်းသည် မသန့်စင်သော လိုအင်ဆန္ဒများဖြင့် ဖုံးလွှမ်းနေကာ အသိပညာကို နားမလည်နိုင်ဘဲ ခေါင်းမာစွာဖြင့် "ကျွန်ုပ်" နှင့် "ကျွန်ုပ်၏ ဉစ္စာ" တို့ကိုသာ စွဲမြဲ စဉ်းစားနေခြင်း ဖြစ်ပေသည်။

ကိုယ်ခန္ဓာနှင့် ပတ်ဝန်းကျင်နှစ်ရပ်စလုံးသည် အကြောင်းရင်းများနှင့် အခြေအနေတို့၏ ပေါင်း လဒ်မှ ထွက်ပေါ်နေခြင်း ဖြစ်၍ အစဉ်အမြဲ ပြောင်းလဲနေကာ ဆုံးခန်းတိုင်သို့ ရောက်ရှိနိုင်မည် မဟုတ်ပါ ပေ။

ဆုံးခန်းတိုင် မရှိသော၊ ပြောင်းလဲမှုများဖြင့် ဖြစ်နေသည့် လူ့စိတ်သည် မြစ်ထဲ၌ စီးဆင်းနေသော ရေ နှင့် ၄င်း တောက်လောင်နေသော ဖယောင်းတိုင်မီးနှင့် ၄င်း တူပေသည်။ မျောက်ဂံတစ်ကောင်ကဲ့သို့ အမြဲတမ်း ခုန်ဆွခုန်ဆွ ဖြစ်နေကာ၊ ခဏတာမျှပင် ရပ်နားခြင်း မရှိပါပေ။

ပညာရှိသော သူသည် အမှန်တရားကို ရရှိလိုပါက ယင်းကဲ့သို့သော အမြင်နှင့်အကြားတို့ ကြောင့် ကိုယ်ခန္ဓာနှင့် စိတ်အပေါ် တွယ်တာမှုများမှ ရှောင်ကွင်းသင့်ပေသည်။

## လူ့စိတ်နှင့်လက်ရှိသွင်ပြင်

၃. ဤကမ္ဘာကြီးတွင် မည်သူမျှ ရယူနိုင်စွမ်း မရှိသော အရာငါးခု ရှိပေသည်။ ပထမ - အသက်ကြီးရင့် လာသည်ကို ရပ်ဆိုင်းထားခြင်း၊ ဒုတိယ - ဖျားနာမှုများမှ လွတ်ကင်းခြင်း၊ တတိယ - သေဆုံးမှုမှ ရှောင် ကွင်းခြင်း၊ စတုတ္ထ - ကြေမွပျက်စီးသွားမှုမှ ရှောင်ကွင်းခြင်း၊ ပဉ္စမ - လုံးဝပျက်ပြား ပျောက်ဆုံးသွားမှုမှ ရှောင်ကွင်းခြင်းတို့ ဖြစ်ပေသည်။

ဤကမ္ဘာပေါ်တွင် ရှိကြသော သာမန်လူသားအားလုံးတို့သည် အနေးနှင့်အမြန် ဆိုသလို ဤအ ချက်များနှင့် ရင်ဆိုင်တွေ့ကြရပြီး၊ အများစုမှာ ဆင်းရဲဒုက္ခမျိုးစုံနှင့် ကြုံတွေ့ကြရသော်လည်း ဗုဒ္ဓ၏ ဟောပြောမှုကို ကြားနာဘူးသူများမှာမူ မခံစားကြရပါပေ။ အဘယ်ကြောင့်ဆိုသော် ဤအရာများကို ရှောင်ကွင်း၍ မရနိုင်ကြောင်း ၄င်းတို့ နားလည်ကြသောကြောင့် ဖြစ်ပေသည်။

တဖန် ၊ ဤလောကတွင် အမှန်တရားလေးရပ် ရှိပေသည်။ ပထမ - သက်ရှိသတ္တဝါ မှန်သမျှ သည် အဝိဇ္ဇာ (ဝါ) မသိနားမလည်မှုမှ ပေါက်ဖွားလာကြသည်။ ဒုတိယ - လိုချင်တပ်မက်သော အရာဝတ္ထု ခပ်သိမ်းသည် မတည်မြဲဘဲ ပြောင်းလဲတတ်ပြီး ဆင်းရဲဒုက္ခသာဖြစ်သည်။ တတိယ - အရာဝတ္ထု မှန်သမျှ သည်လည်း တည်မြဲခြင်းမရှိဘဲ ပြောင်းလဲတတ်ပြီး ဆင်းရဲဒုက္ခများပင် ဖြစ်သည်။ စတုတ္ထ - ကမ္ဘာလောက တစ်ခွင်လုံးတွင် အတ္တ (ဝါ) ငါ ဟူသော အင်္ဂါရပ် မရှိဘဲ "ကျွန်ုပ်၏ ဥစ္စာ" ကဲ့သို့သော အရာသည်လည်း မရှိပါပေ။

အရာခပ်သိမ်းတို့သည် တည်မြဲမှု မရှိဘဲ ဖြစ်လိုက်ပျက်လိုက်နှင့် ငါ ဟူသော အင်္ဂါရပ် ကင်းမဲ့နေသည့် အဖြစ်မှန်များသည် ဗုဒ္ဓက ဤကမ္ဘာတွင် ပေါ်ထွက်လာမည် သို့မဟုတ် ပေါ်ထွက်လာခြင်း မပြု ဟူ သောအချက်နှင့် ဆက်စပ်မှု မရှိပါပေ။ ဤအမှန်တရားများသည် ဖောက်ပြန် ပြောင်းလဲခြင်း မရှိနိုင်ပေ။ ဤအချက်ကို ဗုဒ္ဓက သိမြင်၍ လူသားအပေါင်းတို့အား သွန်သင် ဆုံးမခြင်း ဖြစ်လေသည်။

# II
# စိတ်ဖွဲ့စည်းပုံ

၁. တွေ့ဝေမှု ၊ သံသယဖြစ်မှုနှင့် အမှန်တရားရမှုတို့သည်၊ စိတ်တွင်းမှ စတင်ဖြစ်ပေါ်လာခြင်း ဖြစ်ပြီး၊ တည်ရှိမှု သို့မဟုတ် ဖြစ်စဉ်အပေါင်းတို့သည်လည်း စိတ်၏ လှုပ်ရှားမှုမှ ထွက်ပေါ်လာခြင်းဖြစ်ရာ မျက်လှည့်ဆရာ တစ်ဦး၏ အကျီလက်မောင်း အတွင်းမှ ဂဏ္ဍုပစ္စည်းမျိုးစုံ ထွက်ပေါ်လာသကဲ့သို့ပင် ဖြစ်ပေသည်။

စိတ်၏ လှုပ်ရှားမှုများသည် အကန့်အသတ် မရှိဘဲ ဘဝ၏ ပတ်ဝန်းကျင်တစ်ခုလုံးကို ဖန်တီး လျက် ရှိပေသည်။ မသန့်စင်သော စိတ်ကို မသန့်စင်သော အရာများက ဝိုင်းရံနေ၍ သန့်စင်သော စိတ်ကို သန့်စင်သော အရာများက ဝိုင်းရံထားလေသည်။ ထို့ကြောင့် ပတ်ဝန်းကျင်၏ ပြောင်းလဲလှုပ်ရှားမှုမှာ လည်း အကန့်အသတ်ထက် ပို၍ မရှိနိုင်ပေ။

ပန်းချီဆရာတစ်ဦးက ပန်းချီကားကို ရေးဆွဲသကဲ့သို့ပင်၊ ပတ်ဝန်းကျင် ကမ္ဘာကိုလည်း စိတ်၏ လှုပ်ရှားမှုများက ဖန်တီးလေသည်။ ဗုဒ္ဓက ဖန်တီးသည့် ပတ်ဝန်းကျင်သည် သန့်စင်၍ အပြစ်အနာအဆာ ကင်းမဲ့သော်လည်း သာမန် လူသားများက ဖန်တီးသော ပတ်ဝန်းကျင်မှာမူ ထိုကဲ့သို့ မဟုတ်ပါပေ။

ပန်းချီကားတစ်ချပ်တွင် မရေမတွက်နိုင်လောက်သော အသေးစိတ် အချက်အလက်များ ပါရှိနိုင် လေသည်။ လူသားတို့၏ စိတ်သည်လည်း ဘဝ၏ ပတ်ဝန်းကျင်လောကတွင် အပြည့် ဖြစ်လေသည်။ ကမ္ဘာပေါ်တွင် စိတ်က ဖန်တီးခြင်း မဟုတ်သော အရာဟူသည် ဤ ကမ္ဘာမြေနှင့် တောတောင်မြစ်ချောင်း သမုဒ္ဒရာတို့သာ ရှိ၏။

တည်မြဲမှု မရှိသော စိတ်က ဖန်တီးသည့် အရာခပ်သိမ်းကို ဗုဒ္ဓက မှန်ကန်စွာ သိရှိနားလည်လေ သည်။ ထို့ကြောင့် ဤအချက်ကို သိရှိသောသူများသည် စစ်မှန်သော ဗုဒ္ဓကို တွေ့မြင်နိုင်လေသည်။

## လူ့စိတ်နှင့်လက်ရှိသွင်ပြင်

၂. သို့ရာတွင် မိမိ၏ ပတ်ဂန်းကျင်ကို ဖန်တီးသောစိတ်သည် အတိတ်ကာလ သာမက ပစ္စုပ္ပန်နှင့် အနာဂါတ်တို့တွင်လည်း အမှတ်ရခြင်း၊ ကြောက်ရွံ့ခြင်း၊ သို့မဟုတ် နောင်တရ ညည်းညူခြင်းတို့မှ မည် သည့်အခါမျှ ကင်းမဲ့နိုင်မည် မဟုတ်ပါပေ။ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် မသိနားမလည်မှုနှင့် လောဘတို့မှ ပေါက်ဖွားလာခြင်းကြောင့် ဖြစ်ပေသည်။

ထင်ယောင်ထင်မှား ဖြစ်သော ကမ္ဘာကြီးသည် မသိနားမလည်မှုနှင့် လောဘရမက်တို့မှ စတင် ပေါက်ဖွားလာခြင်း ဖြစ်၍ များမြောင်ရှုပ်ထွေးလှသော အကျိုးအကြောင်းဆက် အကြောင်းရင်းများနှင့် အခြေအနေများသည်လည်း စိတ်အတွင်း၌သာ တည်ရှိပြီး အခြားမည်သည့်နေရာတွင်မျှ မရှိပါပေ။

အသက်ရှင်ခြင်းနှင့် သေဆုံးခြင်းတို့သည် စိတ်မှ ပေါက်ဖွားလာခြင်း ဖြစ်၍ စိတ်ထဲ၌ပင် တည်ရှိ လေသည်။ ထို့ကြောင့် အသက်ရှင်မှု၊ သေဆုံးမှုတို့ကို မှန်ကန်သော ကျင့်စဉ်ဖြင့် ကျော်သွားပါက အသက်ရှင်မှုနှင့် သေဆုံးမှု ကမ္ဘာသည်လည်း ပြီးဆုံးသွားပေလိမ့်မည်။

မိမိ၏ ကိုယ်ပိုင် ထင်ယောင်ထင်မှား ဖြစ်သော ကမ္ဘာဖြင့် ယောင်လည်လည် ဖြစ်နေသော စိတ်မှ၊ မသိနားမလည်ပဲ ယောင်လည်လည်ဖြစ်နေသော ဘဂ ထွက်ပေါ်လာလေသည်။ စိတ်၏ ပြင်ပ၌ ထင် ယောင်ထင်မှားဖြစ်သော ကမ္ဘာကြီး မရှိကြောင်း သိရှိနားလည်လာသည်နှင့်အမျှ ယောင်လည်လည် ဖြစ် နေသော စိတ်သည်လည်း ကြည်လင်သန့်ရှင်းလာလေသည်။ မသန့်စင်သော ပတ်ဂန်းကျင်ကို ဖန်တီး ခြင်း မပြုတော့သည်နှင့်အမျှ အမှန်တရားကို ရရှိနိုင်လေသည်။

ဤသို့သော နည်းအားဖြင့် အသက်ရှင်ခြင်းနှင့် သေခြင်းလောကသည် စိတ်၏ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာပြီး၊ စိတ်၏ ချုပ်နှောင်မှု နှင့် အုပ်စိုးမှုကို ခံနေရလေသည်။ စိတ်သည် အခြေအနေပေါင်းစုံ၏ အချုပ်ပင် ဖြစ်ပေသည်။ ဆင်းရဲဒုက္ခ ကမ္ဘာကြီးသည် အထင်မှား၍ မတည်မြဲသော စိတ်ကြောင့် ဖြစ်ပေါ် လာရလေသည်။

၃.  ထို့ကြောင့် အရာခပ်သိမ်းတို့သည် အခြေခံအားဖြင့် စိတ်၏ ထိန်းချုပ်မှုနှင့် အုပ်စိုးမှုကို ခံရ၍ စိတ် ၏ စေစားရာအတိုင်း ဖြစ်လေသည်။ လှည်းကိုဆွဲသော နွား၏ နောက်သို့ ဘီးက လိုက်ပါရသကဲ့သို့ပင်၊ မသန့်စင်သော စိတ်ဖြင့် ပြောဆိုပြုမူသူ၏ နောက်သို့ ဆင်းရဲဒုက္ခက လိုက်ပါလာလေသည်။

သို့ရာတွင် အကယ်၍ လူတစ်ယောက်က ကောင်းမွန်သော စိတ်ဖြင့် ပြောဆိုပြုမူမည် ဆိုပါက ပျော်ရွှင်ချမ်းသာမှုသည် အရိပ်သဖွယ် ၎င်း၏ နောက်၌ လိုက်ပါလာလေသည်။ မကောင်းမှုကို ပြုသော သူ၏နောက်သို့ "ငါအမှားပြုမိပြီ" ဟူသော အတွေးလိုက်ပါလာကာ ယင်းလုပ်ဆောင်ချက်၏ အမှတ် သညာသည် နောင်လာမည့် ဘဝများ၌ မလွဲမသွေလက်စားချေ တုံ့ပြန်ခြင်း ခံရရန် ကျန်ရစ်လေသည်။ သို့ရာတွင် ကောင်းသော ရည်ရွယ်ချက်မျိုးဖြင့် ပြုမူပြုလုပ်သူသည် "ငါ ကောင်းမှု လုပ်ခဲ့သည်" ဟူသော အတွေးကြောင့် ပျော်ရွှင်ကြည်နူးမည် သာမက၊ ကောင်းမွန်သော လုပ်ရပ်ကြောင့် နောင်ဘဝများ၌လည်း ဆက်လက် ပျော်ရွှင်ချမ်းသာလိမ့်မည် ဟူသော အတွေးကြောင့်၊ ပိုမို ပျော်ရွှင်နိုင်ကြလေသည်။

အကယ်၍ စိတ်က မသန့်စင်ပါက ခြေထောက်များသည် ကြမ်းတမ်း၍ ခက်ခဲသော လမ်းကြောင်း ပေါ်တွင် ခလုတ်တိုက်နေမည် ဖြစ်ပြီး၊ အကြိမ်ကြိမ်အခါခါ လဲကျခြင်းနှင့် နာကျင်မှုများ ဖြစ်ပေါ်ပေမည်။ သို့ရာတွင် သန့်စင်သောစိတ် ရှိပါက လမ်းကြောင်းသည် ချောမွတ်ဖြောင့်ဖြူး၍ ခရီးစဉ်မှာလည်း အေး ချမ်းသက်သာမည်သာ ဖြစ်လေသည်။

ကိုယ်ခန္ဓာ နှင့် စိတ် နှစ်ခုစလုံးတို့၌ သန့်ရှင်းစင်ကြယ်သူသည် ဗုဒ္ဓဖြစ်စဉ် လမ်းကြောင်းတလျှောက်၊ လျှောက်လှမ်းကာ တစ်ကိုယ်ကောင်းဆန်မှု၊ မသန့်စင်သော အတွေးအခေါ်နှင့် မကောင်းသော ရမက်ပိုက်ကွန်ကို ချိုးဖောက်ပစ် လေသည်။ စိတ်တည်ငြိမ်မှုရှိသူသည် အေးချမ်းမှု ရရှိကာ၊ မိမိ၏ စိတ်ကို နေ့ရောညပါ လုံ့လဂီရိယ ပိုမိုကြီးမားစွာဖြင့် ပျိုးထောင်နိုင်လေသည်။

# III
# ရုပ်ဂဝတ္ထုပစ္စည်းတို့၏ အခြေအနေမှန်များ

၁. ဤလောကအတွင်းရှိ အရာခပ်သိမ်းအားလုံးတို့သည် အကြောင်းရင်းနှင့် အခြေအနေများ၏ တိုက်ဆိုင်မှုကြောင့် ဖြစ်ပေါ်လာရခြင်း ဖြစ်ရာ နဂိုကတည်းက ကွဲပြားခြားနားချက်များ မရှိနိုင်ပါပေ။ ကွာခြားမှုများ တည်ရှိရခြင်းမှာ လူသားတို့၏ အဓိပ္ပာယ် ကင်းမဲ့သော ခွဲခြားသည့် အတွေးအခေါ် များ ကြောင့် ဖြစ်ပေသည်။

ကောင်းကင်ပေါ်တွင် အရှေ့နှင့်အနောက် ဟူသော အရပ် ခြားနားမှုများ မရှိပါပေ။ ယင်းကွာခြား မှုများကို လူတို့က ၄င်းတို့၏ စိတ်ထဲမှ ဖန်တီးကာ၊ မှန်ကန်သည်ဟု ထင်မှတ်နေကြလေသည်။

တစ် မှ မရေတွက်နိုင်သည်အထိသော ကိန်းဂဏန်းများမှာလည်း ပြည့်စုံသော ဂဏန်းတစ်ခုစီ ဖြစ်၍ ယင်းဂဏန်းတစ်ခုချင်းစီ၏ ပင်ကိုယ်၌ အရေအတွက် ကွာခြားမှု မရှိပါပေ။ သို့ရာတွင် ပမာဏ အမျိုးမျိုးကို ညွှန်ပြနိုင်ရန်အတွက်၊ လွယ်ကူအဆင်ပြေစေရန် လူတို့က သီးခြား ခွဲခြားထားခြင်း ဖြစ်လေသည်။

စကြာဝဠာအတွင်းရှိ ဖြစ်ပေါ်ခြင်းနှင့် ဆိုင်သော ဖြစ်စဉ်တွင်၊ မူရင်းအားဖြင့် ဘဝဖြစ်စဉ်နှင့် ပျက်သုဉ်းမှု ဖြစ်စဉ်တို့ အကြား၌ ကွဲပြားမှုမရှိပါပေ။ လူသားများက ခွဲခြားမှုပြုကာ၊ တစ်ခုကို မွေးဖွားခြင်း နှင့် ကျန်တစ်ခုကို သေဆုံးခြင်းဟု ခေါ်ဆိုကြလေသည်။ လုပ်ရပ်တွင်လည်း အမှန် နှင့် အမှား အကြား ကွာခြားမှုမရှိပါပေ။ သို့ရာတွင် လူသားများက ၄င်းတို့၏ မှားယွင်းသော ကိုယ်ပိုင် အဆင်ပြေမှုအတွက် ခွဲခြားထားလေသည်။

ဗုဒ္ဓသည် ဤ ခွဲခြားမှုများမှ ရှောင်ကွင်းကာ၊ ကမ္ဘာလောကကြီးကို ရွှေ့လျားနေသော တိမ်ထု သဖွယ် ကြည့်မြင်လေသည်။ ဗုဒ္ဓအတွက် တိကျပြတ်သားသော အရာဂဝတ္ထု မှန်သမျှသည် လှည့်စားမှုသာ ဖြစ်ပေသည်။ စိတ်က သိရှိခံယူ၍၊ လွှင့်ပစ်သော အရာမှန်သမျှသည် အရာဂဝတ္ထု မဟုတ်ကြောင်း ဗုဒ္ဓက သိလေသည်။ ထို့ကြောင့် ဗုဒ္ဓသည် ရုပ်အသွင်၏ မှားယွင်းမှုများနှင့် ခွဲခြားသည့် အတွေးအခေါ်များကို ကျော်လွှန်သွားလေသည်။

၂. လူတို့သည် မိမိတို့၏ ကိုယ်ပိုင် စိတ်ကူးယဉ် သက်သာမှုနှင့် အဆင်ပြေမှုတို့အတွက် အရာဝတ္ထု များကို ရှာကြံရယူလေသည်။ ၎င်းတို့သည် စည်းစိမ်ပစ္စည်း၊ ကျောက်မျက်ရတနာနှင့် ဂုဏ်ရာထူးများကို ရှာကြံရယူလေသည်။ ၎င်းတို့သည် မတည်မြဲသော ဘဝကို အစွမ်းကုန် ကြိုးစား ဖက်တွယ်ထားကြလေ သည်။

၎င်းတို့သည် မိမိတို့ ဆန္ဒအလျောက် တည်ရှိမှုနှင့် မတည်ရှိမှု၊ အကောင်းနှင့်အဆိုး၊ အမှန်နှင့် အမှား စသည်တို့ကို ခွဲခြားထားလေသည်။ လူသားများအတွက် ဘဝသည် ဆုပ်ကိုင်ရယူမှုနှင့် တွယ်တာ မှု ဂဲဩဃ ဖြစ်နေ၍၊ ဝေဒနာနှင့် ဆင်းရဲဒုက္ခတို့၏ လှည့်စားမှုများကို ခံယူကြရလေသည်။

တစ်ရံရောအခါက ခရီးရှည် နှင်လာသော လူတစ်ဦးသည် မြစ်ကြီးတစ်သွယ်နားသို့ ရောက်လာ လေသည်။ ၎င်းက "မြစ်၏ ဤဘက်ကမ်းသည် အန္တရာယ် များ၍ လျှောက်သွားရန် ခက်ပေသည်။ ဟို ဘက်ကမ်းမှာမူ လွယ်ကူ၍ လုံခြုံစိတ်ချရပေသည်။ သို့ရာတွင်၊ မြစ်ကို အဘယ်သို့ ဖြတ်ကူးရမည်နည်း" ဟု မိမိကိုယ်ကို ပြောလေသည်။ ထို့ကြောင့် ၎င်းသည် သစ်ခက်များနှင့် မြက်ပင်တို့ဖြင့် ဖောင်ငယ်တစ်ခု ကို ဖွဲ့ကာ၊ မြစ်ကို ဖြတ်ကူးလိုက်လေသည်။ ထို့နောက်၊ ၎င်းသည် ဤသို့ တွေးမိလေသည်။ "မြစ်ကို ဖြတ်ကူးရန်အတွက်၊ ဤဖောင်သည် ငါ့အတွက် အထူး အသုံးဝင်ပေသည်။ ကမ်းဘေးတွင် ဆွေးမြေ့ ပျက်စီးသွားစေရန် စွန့်ပစ်မထားဘဲ ငါနှင့်အတူ ထမ်းပိုးသွားမည်။" ဤသို့ဖြင့် ၎င်းသည် မိမိ ဆန္ဒအ လျောက်၊ မလိုအပ်သော ဝန်ကို သယ်ဆောင်သွားလေသည်။ ဤလူကို ပညာရှိဟု ခေါ်နိုင်ပါမည်လော။

ဤပုံပြင်အရ မလိုလားအပ်သော ဝန်ထုပ်ဝန်ပိုး ဖြစ်လာသောအခါ မကောင်းသော အရာကို မဆို ထားဘိ၊ ကောင်းသောအရာ ဖြစ်သည့်တိုင်အောင်၊ စွန့်ပစ်သင့်လေသည်။ ဗုဒ္ဓသည် မိမိ၏ ဘဝ၌ အမိဟ္ပာယ် ကင်းမဲ့၍ မလိုလားအပ်သော ဆွေးနွေးမှုများကို ရှောင်ကွင်းရန် မူချထားလေသည်။

## လူ့စိတ်နှင့်လက်ရှိသွင်ပြင်

၃. အရာဝတ္ထုများသည် လာခြင်းမရှိ၊ ထွက်ပေါ်လာခြင်း မရှိ၊ ပျောက်ကွယ်သွားခြင်း မရှိပါပေ။ ထို့ကြောင့် အရာဝတ္ထုများကို ရယူခြင်းသော် ၄င်း၊ ဆုံးရှုံးခြင်းသော် ၄င်း မရှိပါပေ။

အရာဝတ္ထုများသည် အမှန်တည်ရှိခြင်းနှင့် မတည်ရှိခြင်းတို့ထက် များစွာမြင့်မားကာ ထွက်ပေါ် ခြင်း မရှိ၊ ပျောက်ကွယ်ခြင်းလည်းမရှိဟု ဗုဒ္ဓက ဟောပြောလေသည်။ အဓိပ္ပာယ်မှာ အရာခပ်သိမ်း မှန် သမျှသည် အကြောင်းရင်းများနှင့် အခြေအနေများ၏ ဂဲသြဃထဲ၌ တိုက်ဆိုင်မှုသာ ဖြစ်၍ တည်ရှိခြင်းမရှိ။ တစ်ချိန်တည်းမှာပင် အကြောင်းရင်းနှင့် အခြေအနေများနှင့် ခိုင်းနှိုင်းဆက်စပ်မှု ရှိ၍ မတည်ရှိမှု မဟုတ် ဟုလည်း ပြောဆိုနိုင်လေသည်။

အသွင်သဏ္ဍာန်ကြောင့် ဝတ္ထုတစ်ခုကို တွယ်ကပ်ခြင်းသည် တွေဝေသောစိတ်၏ ဇစ်မြစ် ဖြစ်လေ သည်။ အကယ်၍ ယင်းအသွင်သဏ္ဍာန်ကို တွယ်ကပ်စွဲလမ်းခြင်း မပြုပါက၊ မှားယွင်းသော ထင်မြင်ချက် နှင့် အဓိပ္ပာယ် ကင်းမဲ့သော လုပ်ရပ်များ ဖြစ်ပေါ်လာမည် မဟုတ်ပါပေ။ အမှန်တရား သိမြင်ခြင်းသည် ဤအဖြစ်မှန်ကို ကြည့်မြင်ကာ မိုက်မဲသော လုပ်ရပ်များမှ လွတ်ကင်းနိုင်သော ဉာဏ်ပညာ ဖြစ်လေ သည်။

ကမ္ဘာလောကကြီးသည် အမှန်တကယ်ပင် အိပ်မက်နှင့်တူ၍ ကမ္ဘာ့ရွှေငွေရတနာများသည် စွဲမက် ဖွယ်ရာကောင်းသော တံလျှပ်ပင် ဖြစ်လေသည်။ ရုပ်ပုံတစ်ခုအတွင်းရှိ ကွာဝေးသော နေရာများ၏ ပုံသဏ္ဍာန်အတိုင်း အရာဝတ္ထုများတွင် အမှန်တကယ် ဖြစ်စဉ် ဟူ၍ မရှိဘဲ၊ အပူငွေ့များကဲ့သို့ပင် ဖြစ်လေ သည်။

၄. မရေမတွက်နိုင်သော အကြောင်းရင်း အစဉ်အဆက်များကြောင့် ဖြစ်ပေါ်လာသည့် အရာများ သည် ထာဝရတည်မြဲနေနိုင်သည်ဟု ယုံကြည်သည်မှာ အထူးမှားယွင်းမှုပင် ဖြစ်၍ (သဿတဒိဋ္ဌိ) တည်မြဲ မှု အမြင်ဟု ခေါ်လေသည်။ သို့ရာတွင် အရာဝတ္ထုများ လုံးဝ ပျောက်ကွယ်သွားသည်ဟု ယုံကြည်သည် မှာလည်း အလားတူပင် ကြီးမားလှသော မှားယွင်းမှု ဖြစ်ပေသည်။ ဤသည်ကို

မတည်ရှိမှု အမြင်ဟု (ဥစ္ဆေဒ ဒဋ္ဌိ) ခေါ်လေသည်။

ဤကဲ့သို့သော (သဿတဒိဋ္ဌိ) ထာဝရ တည်မြဲသည့် ဘဝနှင့် ထာဝရ တည်မြဲသည့် သေဆုံးခြင်း၊ (ဥစ္ဆေဒ ဒဋ္ဌိ) တည်ရှိမှုနှင့် မတည်ရှိမှုတို့သည် အရာဝတ္ထုတို့၏ ပင်ရင်းသဘာဝနှင့် အကြုံးမဝင်ဘဲ မှား ယွင်းသော လူသားတို့၏ မျက်စိများဖြင့် တွေ့မြင်ရသည့် အသွင်သဏ္ဍာန်များသာ ဖြစ်လေသည်။ လူသားတို့၏ ဆန္ဒရမက်ကြောင့် လူတို့သည် ဤအသွင်သဏ္ဍာန်များနှင့် ဆက်နွယ်ကာ တွယ်ကပ်သွားခြင်း ဖြစ်လေသည်။ သို့ရာတွင် အရာဝတ္ထုတို့၏ မူလသဘာဝတွင် ယင်းကဲ့သို့သော ခွဲခြားမှုများနှင့် တွယ်တာ မှုများ ကင်းမဲ့နေလေသည်။

အရာခပ်သိမ်းတို့သည် အစီအရီဖြစ်သော အကြောင်းရင်းများနှင့် အခြေအနေများကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်ရာ အရာဝတ္ထုတို့၏ အသွင်သဏ္ဍာန်များသည် အမြဲပင် ပြောင်းလဲနေလေသည်။ ဆိုလို ရင်းမှာ စစ်မှန်သော ဒြပ်ဝတ္ထုများ၌ ရှိသင့်သော ရှေ့နောက်ကိုက်ညီမှု ဟူသည် မရှိ။ ဤကဲ့သို့သော အစဉ်အမြဲ ဖြစ်သည့် အသွင်သဏ္ဍာန် အစဉ်အမြဲ ပြောင်းလဲမှုများကြောင့် အရာဝတ္ထုများကို တံလျှပ်လိုလို အိပ်မက်လိုလို မြင်ရလေသည်။ သို့ရာတွင် အစဉ်အမြဲ အသွင်သဏ္ဍာန် ပြောင်းလဲမှု ရှိနေစေကာမူ အရာဝတ္ထုများ၏ ပင်ကိုယ်နာမ်သဘာဝမှာ တည်မြဲ၍ ပြောင်းလဲခြင်း မရှိပါပေ။

လူတစ်ဦးတစ်ယောက်အတွက် မြစ်ကို မြစ်ကဲ့သို့ မြင်ရစေကာမူ၊ ရေထဲတွင် မီးကို မြင်ရသော ဆာလောင်နေသည့် ပြိတ္တာဘီလူးသရဲအတွက် မြစ်ကို မီးကဲ့သို့ပင် မြင်ရကောင်း မြင်ရပေလိမ့်မည်။ ထို့ကြောင့် မြစ်ရှိနေကြောင်း လူတစ်ဦးအား ပြောပြပါက အဓိပ္ပာယ်ရှိမည် ဖြစ်သော်လည်း ယင်း ဘီလူး သရဲအတွက်မူကား အဓိပ္ပာယ်ရှိမည် မဟုတ်ပါပေ။

အလားတူပင် အရာခပ်သိမ်းတို့ကို ပြောဆိုနိုင်လေသည်။ အရာဝတ္ထုများသည် တံလျှပ် နှင့် တူ၍ တည်ရှိခြင်း မဟုတ်၊ မတည်ရှိခြင်း မဟုတ်ဟု ပြောဆိုနိုင်လေသည်။

ထို့အပြင် အပြောင်းအလဲ မရှိသော စစ်မှန်သည့် ဘဝကို ခဏတာမျှ ဖြစ်သော ဤဘဝနှင့် ခိုင်း နှိုင်းပါက မှားယွင်းမည်သာ ဖြစ်ပေသည်။ သို့ရာတွင်

ပြောင်းလဲမှုနှင့် ဖြစ်ပေါ်မှု ရှိသည့် ဤကမ္ဘာကြီးမှအပ အခြားသော တည်မြဲမှုနှင့် စစ်မှန်သည့်ကမ္ဘာ ရှိသည်ဟု မပြောနိုင်ပါပေ။ ဤကမ္ဘာကြီးအား ပြောင်းလဲနေသော ကမ္ဘာအဖြစ်၄င်း၊ သို့မဟုတ် သင်္ခါရကမ္ဘာ စစ်မှန်သော ကမ္ဘာအဖြစ် ၄င်း မှတ်ယူပါက မှားယွင်းပေ မည်။

သို့ရာတွင် ဤကမ္ဘာရှိ မသိနားမလည်သော လူသားများသည် စစ်မှန်သော ကမ္ဘာအဖြစ် ယူဆ ကာ ထိုမှားယွင်းသော ယူဆချက်နှင့်အတူ ပြုမူလုပ်ဆောင်ကြလေသည်။ သို့ရာတွင် ဤ ကမ္ဘာကြီးသည် တံလျှပ်တစ်ခုသာ ဖြစ်သဖြင့် အမှားအပေါ် အခြေခံထားသော ၄င်းတို့၏ လုပ်ရပ်များသည် ဘေးဒုက္ခနှင့် ဆင်းရဲဒုက္ခများကိုသာ ဖြစ်ပေါ်စေလေသည်။

ဤကမ္ဘာကြီးသည် တံလျှပ်တစ်ရပ်သာ ဖြစ်သည်ကို သိရှိထားသော ပညာရှိသူမှာမူ စစ်မှန်သော ကမ္ဘာတစ်ခုသဖွယ် ပြုမူခြင်း မရှိသဖြင့် ဆင်းရဲဒုက္ခများမှ လွတ်ကင်းလေသည်။

# IV
# မဇ္ဈိမ (ဂ) - အလယ်အလတ်လမ်း

၁. အမှန်တရားသို့ ရောက်ရှိနိုင်သော လမ်းကို ရွေးချယ်သူများသည် အလွန်အကျွံဖြစ်မှု နှစ်ရပ်ကို ရှောင်ရှားသတိပြုသင့်ပေသည်။ ပထမမှာ၊ ကိုယ်ခန္ဓာ၏ ဆန္ဒရမက်ကို အလွန်အကျွံ အလိုလိုက်မှု ဖြစ် သည်။ ဒုတိယမှာ ဆန့်ကျင်ဘက် လွန်ကဲမှု ဖြစ်၍၊ မိမိ၏ ခန္ဓာကိုယ်နှင့် စိတ်ကို ယုတ္တိကင်းမဲ့စွာ ညှင်းဆဲ သော ဒုက္ကရစရိယာဘ၀ ဖြစ်ပေသည်။

ဤအလွန်အကျွံဖြစ်မှု နှစ်ရပ်စလုံးကို ကျော်လွန်ကာ အမှန်တရား၊ အသိဉာဏ်နှင့် စိတ်၏ အေး ချမ်းမှုကို ရယူနိုင်စေသော၊ မြင့်မြတ်လှသည့် လမ်းစဉ်ကို မဇ္ဈိမဟု ခေါ် ဆိုနိုင်ပေသည်။ မဇ္ဈိမ (ဂ) အလယ်အလတ်လမ်း ဟူသည် အဘယ်နည်း။ ယင်းမှာ မဂ္ဂင်ရှစ်ပါး၊ မှန်ကန်သော အမြင်၊ မှန်ကန်သော အတွေး၊ မှန်ကန်သော စကား၊ မှန်ကန်သော အပြုအမူ၊ မှန်ကန်သော နေထိုင်မှု၊

မှန်ကန်သော ကြိုးပမ်းမှု၊ မှန်ကန်သော ဆင်ခြင်သတိထားမှုနှင့် မှန်ကန်သော အာရုံစူးစိုက်မှုတို့ပင် ဖြစ်လေသည်။

အရာခပ်သိမ်းတို့သည် ယခင်က ဖော်ပြခဲ့သည့်အတိုင်း၊ အဆုံးအစ မရှိသော အစီအရီသော အကြောင်းရင်းများကြောင့် ပေါ်ထွက်လာခြင်း၊ သို့မဟုတ် ပျောက်ကွယ်သွားခြင်း ဖြစ်ပေသည်။ မသိနား မလည်သော သူများသည် ဘဝကို တည်ရှိမှု သို့မဟုတ် မတည်ရှိမှုအဖြစ် ကြည့်မြင်ကြသော်လည်း ပညာ ရှိသူများမှာမူ ၊ တည်ရှိမှုနှင့် မတည်ရှိမှု နှစ်ရပ်စလုံးထက် ကျော်လွန်ကာ ယင်းတို့ထက် သာလွန်မြင့်မား သောအရာအဖြစ် ကြည့်မြင်ကြလေသည်။ ဤသည်မှာ အလယ်အလတ်လမ်းကို ကြည့်မြင်မှုပင် ဖြစ်ပေ သည်။

၂. မြစ်ထဲ၌ သစ်တုံးတစ်တုံး မျောပါနေသည် ဆိုပါစို့။ အကယ်၍ တစ်နေရာရာ၌ ငြိနေခြင်း၊ သို့မဟုတ် နစ်မြုပ်သွားခြင်း၊ သို့မဟုတ် လူတစ်ဦးတစ်ယောက်က ဆယ်ယူခြင်း၊ သို့မဟုတ် ဆွေးမြေ့ သွားခြင်း မရှိပါက၊ ယင်းသစ်တုံးသည် နောက်ဆုံး၌ ပင်လယ်သို့ ရောက်ရှိသွားပေမည်။ ဘဝသည်လည်း မြစ်ကြီးတစ်ခု၏ ရေစီးကြောင်းထဲ၌ မျောပါနေသော သစ်တုံးနှင့် တူပေသည်။ အကယ်၍ လူတစ်ဦးသည် မိမိကိုယ်ကို အလိုလိုက်သော ဘဝ၌ တွယ်ကပ်နေခြင်း မရှိပါက သို့မဟုတ် ဘဝကို စွန့်လွှတ်ခြင်းဖြင့် ကိုယ့်ကိုယ်ကို ညှင်းဆဲသောဘဝ၌ စွဲကပ်နေခြင်း မရှိပါက၊ အကယ်၍ လူတစ်ဦးသည် ၎င်း၏ ကောင်းမှု များအတွက် ဂုဏ်ယူခြင်း မရှိပဲ၊ သို့မဟုတ် မကောင်းသော လုပ်ရပ်များ၌ တွယ်ကပ်နေခြင်း မရှိပါက၊ အကယ်၍ အမှန်တရားကို ရှာကြံရာ၌ လှည့်ဖျားမှုများကို အထင်သေးခြင်း သို့မဟုတ် စိုးရွံ့ခြင်း မရှိပါက ထိုကဲ့သို့သော လူသည် မဇ္ဈိမ (ဂါ) အလယ်အလတ်လမ်းကို လိုက်နေပေသည်။

အမှန်တရား လမ်းကြောင်းကို လိုက်နာရာ၌ အရေးကြီးသောအရာမှာ မည်သည့် အလွန်အကျွံ ဖြစ်မှုတွင်မျှ တွယ်ကပ်ငြိစွန်းနေခြင်း မရှိအောင်၊ ရှောင်ကွင်းရန်ပင် ဖြစ်ပေသည်။ ဆိုလိုသည်မှာ အလယ် အလတ်လမ်းကို အမြဲလိုက်နာရန်ပင် ဖြစ်ပေသည်။

**လူ့စိတ်နှင့်လက်ရှိသွင်ပြင်**

အရာဝတ္ထုများသည် တည်ရှိခြင်း မရှိ၊ မတည်ရှိခြင်းလည်း မရှိဟူသည်ကို သိရှိထားကာ အရာ ခပ်သိမ်းတို့၏ အိပ်မက်ဆန်သော သဘာဝကို စွဲမြဲမှတ်သားကာ ဂုဏ်ပါမောက်ကြွားမှု၊ သို့မဟုတ် ကောင်း သော လုပ်ငန်းရပ်များအတွက် ချီးကျူးမှု၊ သို့မဟုတ် အခြားသော အရာများ၌ တွယ်တာငြိစွန်းနေမှုများမှ ရှောင်ကွင်း သင့်ပေသည်။

အကယ်၍ လူတစ်ဦးသည် ၄င်း၏ ဆန္ဒရမက် စီးကြောင်းများ၌ ငြိစွန်းနစ်မွန်းသွားခြင်း မရှိစေရန်၊ ရှောင်ကွင်းလိုပါက ၄င်းသည် အစကနဦး၌ပင် အရာဝတ္ထုများနောက်သို့ လိုက်လံ ဖမ်းဆီးခြင်း မပြုမိရန် ဆည်းပူးရပေမည်။ သို့မဟုတ်ပါက ယင်းအရာများနှင့် ယဉ်ပါးကာ၊ စွဲမြဲသွားမည် ဖြစ်ပေသည်။ ၄င်းသည် တည်ရှိမှု၊ သို့မဟုတ် မတည်ရှိမှု၊ အရာခပ်သိမ်းတို့၏ အတွင်း၊ သို့မဟုတ် အပြင် ကောင်းသောအရာ သို့မဟုတ် မကောင်းသော အရာ၊ အမှန် သို့မဟုတ် အမှားများ၌ တွယ်တာစွဲမြဲနေမှု မဖြစ်ရပါပေ။

အကယ်၍ အရာဝတ္ထုများ၌ တွယ်တာစွဲကပ်သွားမည် ဆိုပါက ယင်းအချိန်၌ပင် ချက်ချင်းလက် ငင်း၊ တွေဝေသော ဘဝ၊ ဒွိဟဖြစ်သော ဘဝ၊ စတင်လာမည် ဖြစ်ပေသည်။ အမှန်တရားသို့ မြင့်မြတ်သော လမ်းစဉ်အတိုင်း လိုက်သူသည် ဝမ်းနည်းမှု မရှိသကဲ့သို့၊ မျှော်လင့်ချက်များလည်း မထားရှိပါပေ။ သို့ရာ တွင် တည်ငြိမ်အေးချမ်းသော စိတ်ဖြင့်၊ မည်သည့်အရာကိုမဆို လက်ခံရင်ဆိုင်ပေသည်။

၃. အမှန်တရားသည် အသွင်သဏ္ဍာန်ဖြင့် ဖော်ပြနိုင်သော တိကျသည့်ပုံစံ သို့မဟုတ် သဘာဝမျိုး မရှိပါပေ။ ထို့ကြောင့် အမှန်တရား၌ပင်လျှင်၊ အမှန်အတိုင်း သိရှိနိုင်သောအရာ ဘာမျှ မရှိပါပေ။

တွေဝေမှု၊ သံသယဖြစ်မှုနှင့် မသိနားမလည်မှုများကြောင့်သာလျှင်၊ အမှန်တရား တည်ရှိနေခြင်း ဖြစ်ပေသည်။ အကယ်၍ ယင်းအရာများ ပျောက်ကွယ်သွားမည် ဆိုပါက အမှန်တရားလည်း ပျောက် ကွယ်သွားမည် ဖြစ်ပေသည်။ ဤအချက်နှင့် ဆန့်ကျင်ဘက်လည်း မှန်ကန်ပေသည်။ တွေဝေမှု၊

သံသယ ဖြစ်မှုနှင့် မသိနားမလည်မှုများ တည်ရှိနေခြင်းမှာ၊ အမှန်တရား ရှိနေသောကြောင့် ဖြစ်ပေသည်။ အမှန် တရား မရှိပါက မသိနားမလည်မှုနှင့် တွေဝေမှု၊ သံသယဖြစ်မှုများလည်း ရှိမည် မဟုတ်ပါပေ။

ထို့ကြောင့် အမှန်တရားအား ဖမ်းယူချုပ်ကိုင်နိုင်သော "အရာ" တစ်ခုအဖြစ် မထင်မှတ်မိစေရန်၊ သတိပြုရမည် ဖြစ်ပေသည်။ သို့မဟုတ်ပါက အမှန်တရားသည်လည်း အဟန့်အတားတစ်ခု ဖြစ်လာပေ မည်။ အမှောင်ထဲ၌ ရှိနေသည့် စိတ်၏ အလင်းရောင် ရရှိလာပါက ပျောက်ကွယ်သွားမည် ဖြစ်ပြီး၊ ဤပျောက်ကွယ်မှုနှင့်အတူ အမှန်တရားဟု ခေါ်သော အရာသည်လည်း ပျောက်ကွယ်သွားမည် ဖြစ်ပေ သည်။

အမှန်တရားကို လိုလားကာ လိုက်လံဖမ်းဆီးနေသမျှ ကာလပတ်လုံး ထင်ယောင်ထင်မှားဖြစ်မှု ရှိနေဆဲပင်ဖြစ်ကြောင်း သိသာသေည်။ ထို့ကြောင့် အမှန်တရား လမ်းစဉ်ကို လိုက်နေသော သူများသည် လိုက်လံဖမ်းဆီးခြင်း မပြုကြရပါပေ။ အကယ်၍ အမှန်တရားကို ရရှိပါကလည်း တွယ်ကပ် တုံ့ဆိုင်းနေ ခြင်း မပြုရပါပေ။

ဤအနက်သဘောဖြင့် အမှန်တရားကို ရရှိပါက အရာခပ်သိမ်းတို့သည် အမှန်တရားပင် ဖြစ်ပေ သည်။ ထို့ကြောင့် လူသားများသည် ၎င်းတို့၏ အတွေးများ၊ လောဘရမက်များနှင့် အမှန်တရားများ၊ လုံးဝထပ်တူညီမျှ ဖြစ်သွားသည်အထိ၊ အမှန်တရားလမ်းစဉ်ကို လိုက်နာသင့်ပေသည်။

၄. အရာခပ်သိမ်းတစ်ခုတည်း ဖြစ်မှု ဟူသော ဤအတွေးအခေါ်ကို အရာခပ်သိမ်းတို့၏ ပင်ကိုယ် သဘာဝ၌ ထူးခြားကွဲပြားခြားနားမှု မရှိဟူသော တွေးခေါ်မှု "သုည (ဂါ) နတ္တိ" ဟု ခေါ်သည်။ သုည (နတ္တိ) ၏ အဓိပ္ပာယ်မှာ အကောင်အထည်မရှိမှု၊ မမွေးမှု၊ ပင်ကိုယ်သဘာဝ မရှိမှု၊ ဒွိဟ မရှိမှုပင် ဖြစ်ပေ သည်။ အဘယ်ကြောင့်ဆိုသော် အရာဝတ္ထုများကိုယ်၌ပင် ဒြပ် သို့မဟုတ် ပုံပန်းသဏ္ဍာန်၊ သို့မဟုတ် မွေးဖွားလာခြင်းမရှိ သို့မဟုတ် ပျက်စီးခြင်းမရှိ ဟူသော ဂုဏ်ထူးဂိုသေသများ မရှိသောကြောင့် ဖြစ်ပေ သည်။ ခွဲခြားမှုသဘောဖြင့်

ဖော်ပြနိုင်သော အရာဂတ္ထုများ၏ ပင်ကိုယ်သဘာဂများ လုံးဂမရှိသဖြင့် သုည (နတ္ထိ) ဟု ခေါ် ဆိုခြင်း ဖြစ်လေသည်။

ယခင်က ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အရာခပ်သိမ်းတို့သည် အကြောင်းရင်းများနှင့် အခြေ အနေ တိုက်ဆိုင်မှုများကြောင့် ပေါ် ထွက်ခြင်းနှင့် ပျောက်ကွယ်ခြင်းများ ဖြစ်ရပေသည်။ မည်သည့်အရာ မျှတစ်ခုတည်း အထီးတည်းရပ်တည်ခြင်း မရှိပါပေ။ အရာခပ်သိမ်းတို့သည် အခြားသော အရာများနှင့် ဆက်နွယ်နေပေသည်။

အလင်းရောင်ရှိသော နေရာတိုင်း၌ အရိပ်ရှိသည်။ အရှည်ရှိသည့် နေရာတိုင်း၌ အတိုရှိသည်။ အဖြူရှိသည့် နေရာတိုင်း၌ အမဲရှိသည်။ ဤအရာများကဲ့သို့ပင် အရာဂတ္ထုများ၏ အနှစ်သာရမှာ အထီး တည်း ရပ်တည်ခြင်း မရှိနိုင်သောကြောင့် ၄င်းတို့ကို အကောင်အထည် မဟုတ်ဟု ဖော်ဆိုပေသည်။

အလားတူ အတွေးအခေါ် အရပင်လျှင် အမှန်တရားသည် မသိနားမလည်မှုနှင့် သီးခြားစီ ရပ် တည်နေနိုင်ခြင်း မရှိဘဲ၊ မသိနားမလည်မှုသည်လည်း အမှန်တရားနှင့် သီးခြားစီ မတည်ရှိနိုင်ပါပေ။ အရာဂတ္ထုများ၏ ပင်ကိုယ်သဘာဂများ၌ ကွာခြားမှု မရှိသောကြောင့် အဘယ်မှာလျှင် ဒွိဟသဘော ရှိနိုင် ပါမည်နည်း။

၅. လူများသည် မိမိကိုယ်ကို မွေးခြင်းနှင့် သေခြင်းတို့ဖြင့် ဆက်နွယ်နေသည်ဟု အလိုအလျောက် ထင်မှတ်လေ့ ရှိပေသည်။ သို့ရာတွင် အမှန်မှာ ယင်းကဲ့သို့သော အတွေးအခေါ် များ မရှိပါပေ။

ဤအဖြစ်မှန်ကို လူများက နားလည်နိုင်စွမ်း ရှိပါက ၄င်းတို့သည် မွေးခြင်းနှင့် သေခြင်းတို့၏ ဒွိဟ မဟုတ်သော အမှန်တရားကို နားလည်ပြီး ဖြစ်ပေသည်။

ငါ ဟူသော အတ္တသဘောကို မြတ်နိုးသောကြောင့် လူများသည် ပိုင်ဆိုင်မှုသဘောကို ဖက်တွယ် ထားကြခြင်း ဖြစ်ပါသည်။ သို့ရာတွင် "ငါ" ဟူသော အရာမျိုး မရှိသဖြင့် "ပိုင်ဆိုင်မှု" ဟူသော အရာများ လည်း မရှိပါပေ။ ဤအမှန်တရားကို နားလည်နိုင်ပါက ဒွိဟမဟုတ်သော အမှန်တရားကို နားလည်နိုင် မည် ဖြစ်ပေသည်။

လူများသည် သန့်စင်မှုနှင့် ညစ်ထေးမှုတို့၏ ကွဲပြားခြားနားမှုကို အာရုံစိုက်ကြလေသည်။ သို့ရာတွင် အရာဝတ္ထုများ၏ သဘာဝတွင် ထိုကဲ့သို့သော ကွဲပြားခြားနားမှုမျိုး မရှိပါပေ။ စိတ်တွင်းရှိ မှားယွင်း ၍ အဓိပ္ပာယ်ကင်းမဲ့သော ရုပ်လွှာများမှ ပေါ်ထွက်လာခြင်းသာ ဖြစ်ပေသည်။

အလားတူပင် လူများသည် အကောင်းနှင့် အဆိုးတို့၏ ကွဲပြားခြားနားမှုကို အာရုံပြုလေသည်။ သို့ရာတွင် အကောင်းအဆိုးဟူ၍ သီးခြားခွဲခြား တည်ရှိနေသော အရာမျိုး မရှိပါပေ။ အမှန်တရားလမ်းစဉ် သို့ လိုက်နေသူများသည် ယင်းကဲ့သို့သော ဒွိဟမျိုးကို အသိအမှတ်မပြု၍ အကောင်းကို ချီးမွမ်းခြင်း၊ သို့မဟုတ် အဆိုးကို ဝေဖန်ပြစ်တင်ခြင်းမျိုး မရှိသကဲ့သို့ပင်၊ အကောင်းကိုရှုံ့ချကာ အဆိုးကို ခွင့်လွှတ် ခြင်းလည်း မရှိပါပေ။

လူများသည် သဘာဝအလျောက် ကံဆိုးမှုကို စိုးရိမ်ကြောက်ရွံ့ကြ၍ ကံကောင်းမှုကို လိုလား တပ်မက်ကြလေသည်။ သို့ရာတွင် ဤကွာခြားချက်ကို သေသေချာချာ လေ့လာကြည့်ရှုမည် ဆိုပါက ကံဆိုးမှုသည် မကြာခဏ ဆိုသလိုပင် ကံကောင်းမှု ဖြစ်လာ၍ ကံကောင်းမှုမှာလည်း ကံဆိုးမှု ဖြစ်လာ တတ်လေသည်။ ဉာဏ်ပညာရှိသူသည် ဘဝ၏ အတက်အကျ ပြောင်းလဲမှု အခြေအနေများကို တည်ငြိမ်သော စိတ်ဓာတ်ဖြင့် ရင်ဆိုင်လက်ခံ၍ အောင်မြင်မှုကြောင့် ပျော်ရွှင်ခြင်း မဖြစ်သကဲ့သို့၊ ကျရှုံးမှုကြောင့် လည်း ဝမ်းနည်းစိတ်ပျက်ခြင်း မဖြစ်ပါပေ။ ဤသို့ဖြင့် ဒွိဟမဟုတ်သော အမှန်တရားကို နားလည် သဘောပေါက်လေသည်။

ထို့ကြောင့် ဒွိဟဆက်နွယ်မှု၊ ပဋိပက္ခဖြစ်မှုကို ဖော်ပြသော စကားလုံး အားလုံးတို့သည် ဥပမာ တည်ရှိမှုနှင့် မတည်ရှိမှု၊ လောကီရမက်နှင့် အမှန်တရား၊ သန့်ရှင်းရနှင့် အသန့်ရှင်းရ၊ အကောင်းနှင့်အဆိုး စသည်တို့သည် လူတစ်ဦး တစ်ယောက်၏ တွေးခေါ်မှု၌ ခြားနားခြင်းများသာ ဖြစ်၍ သဘာဝ၏ အစစ် အမှန်မဟုတ်ပါပေ။ ဤကဲ့သို့သော စကားလုံးများနှင့် ယင်းစကားလုံးများကြောင့် ပေါ်ထွက်လာသော စိတ်လှုပ်ရှားမှုများမှ လွတ်ကင်းနိုင်ပါက သုည (ဂါ) နတ္တိဟူသော အမှန်တရားကို နားလည်ခြင်းပင် ဖြစ် ပေသည်။

## လူ့စိတ်နှင့်လက်ရှိသွင်ပြင်

၆. သန့်ရှင်းသော မြေပြန့်ပေါ်မှ မဟုတ်ဘဲ ရွှံ့နွံရေအိုင်ထဲမှ နေ၍ သန့်စင်၍ မွှေးကြိုင်သော ကြာပွင့် များ ထွက်ပေါ်လာသကဲ့သို့ပင် ညစ်ညမ်းလှသော လောကီရမက်များအတွင်းမှ သန့်စင်သော ဗုဒ္ဓ၏ အမှန်တရားများ ထွက်ပေါ်လာလေသည်။ အယူမှားယွင်းနေသူများ၏ အမြင်သဘောထားများနှင့် လောကီရမက်များ၏ လှည့်စားမှုများပင်လျှင်၊ ဗုဒ္ဓဖြစ်မှု၏ အခြေခံမျိုးစေ့များ ဖြစ်နိုင်ပေသည်။

ရေငုပ်နေသူ တစ်ဦးသည် ပုလဲများကို ရယူလိုပါက ကြမ်းတမ်းခက်ထန်လှသော ကျောက်ဆောင် ကျောက်သားများနှင့် ငါးမန်းများ၏ ဘေးအန္တရာယ်များကို စွန့်စားဖြတ်ကျော်ကာ၊ ပင်လယ်ရေပြင် အောက်အထိ ငုပ်ဆင်းရပေမည်။ ထို့ကြောင့် အမှန်တရားဟူသော အဖိုးတန်ပုလဲကို ရယူလိုသော သူ သည် လောကရမက် အပေါင်း၏ အန္တရာယ်များနှင့် ရင်ဆိုင်ရပေမည်။ ၎င်းသည် ရှေးဦးစွာ အတ္တဟူသော တစ်ကိုယ်ကောင်းဆန်မှု အနှောင်အဖွဲ့များအတွင်း၌ နစ်မွန်းကာ ပျောက်ကွယ်နေပြီးမှ အမှန်တရားသို့ ရောက်ရှိနိုင်မည့် လမ်းကြောင်းကို ရှာဖွေလိုသော ဆန္ဒမျိုး ဖြစ်ထွန်းလာမည် ဖြစ်ပေသည်။

အမှန်တရားကို တွေ့ရှိလိုလှသော ဆန္ဒရှိသည့် ရသေ့တစ်ပါးသည် တွေ့ရှိလိုလှသော ဆန္ဒ ကြောင့် သည်းခံကာ ဓါးများဖြင့် အပြီးဖြစ်သော တောင်ပေါ်သို့ တက်ရောက်ကာ မီးထဲသို့ ခုန်ချခဲ့ကြောင်း ပုံပြင်တစ်ခုရှိလေသည်။ လမ်းစဉ်တလျှောက်ရှိ ဘေးအန္တရာယ်များကို ရင်ဆိုင်စွန့်စားလိုသောသူသည် အတ္တဟိတဓါးများဖြင့် အပြည့်ဖြစ်သော တောင်ပေါ်နှင့် မုန်းတီးမှု မီးပုံထဲတွင် လေပြည်လေညှင်း တိုက် ခတ်နေကြောင်း တွေ့ရှိရမည်ဖြစ်ပြီး၊ မိမိ ခံစားခဲ့ရ၍ ဆန့်ကျင်ရန်းကန်လာခဲ့သော၊ တစ်ကိုယ်ကောင်း ဆန်မှုနှင့် လေကီရမက်များသည် အမှန်တရားပင် ဖြစ်ကြောင်း၊ နားလည်သဘောပေါက်လာမည် ဖြစ်ပေ သည်။

၈. ဗုဒ္ဓ၏ အဆုံးအမသည် ပဋိပက္ခ ဖြစ်နေသော အမြင်သဘောထား နှစ်ခုတို့မှ သီးခြားကွဲပြားထားသော အတွေးအခေါ်ဖြစ်သည့် ဒွိဟမဟုတ်မှုသို့ ရောက်ရှိနိုင်ပေသည်။ အကောင်းနှင့်အမှန်ဟု ယူဆရ သော အရာဂတ္တုကို ရှာကြံခြင်းနှင့် အဆိုးနှင့်အမှားဟု ယူဆရသော အခြားသောအရာမှ ရှောင်ကွင်းခြင်း သည်

မှားယွင်းမှုပင် ဖြစ်ပေသည်။

အရာဂတ္တုခပ်သိမ်းတို့သည် ဗလာပင် ဖြစ်၍ ယာယီသာ ဖြစ်သည်ဟု ပြောဆိုပါက အမှန်ပင် ဖြစ် ၍ ပြောင်းလဲခြင်း မရှိဟု ပြောဆိုသည့်အတိုင်းပင် မှားယွင်းမည်သာ ဖြစ်ပေသည်။ အကယ်၍ လူတစ်ဦး တစ်ယောက်က ၎င်း၏ ငါ အင်္ဂါရုပ်၌ တပ်မက်စွဲလမ်းနေမည် ဆိုပါက ထိုစွဲလမ်းမှုကြောင့် မကျေနပ်မှုနှင့် ဆင်းရဲဒုက္ခများမှ မိမိကိုယ်ကို ကယ်တင်နိုင်မည် မဟုတ်သဖြင့် မှားယွင်းမှုပင် ဖြစ်ပေသည်။ အကယ်၍ "ငါ" ဟူသော အရာမရှိဟု ယုံကြည်ပါကလည်း အမှန်တရားလမ်းစဉ်ကို ကျင့်ကြံရန် အဓိပ္ပာယ် မရှိသော ကြောင့် မှားယွင်းမှုပင် ဖြစ်ပေသည်။ အကယ်၍ အရာခပ်သိမ်းသည် ဆင်းရဲဒုက္ခပင် ဖြစ်သည်ဟု ပြော ဆိုပါက မှားယွင်းမည်သာ ဖြစ်ပြီး၊ အရာခပ်သိမ်းသည် ပျော်ရွှင်မှုပင် ဖြစ်သည်ဟု ပြောဆိုပါကလည်း မှားယွင်းမည်သာဖြစ်ပေသည်။ ဤမှားယွင်းသော အတွေး အခေါ်များထက် ကျော်လွန်ကာ ဒွိဟသည် လည်း တစ်ခုတည်း ဖြစ်လာသော အလယ်အလတ်လမ်းကို ဗုဒ္ဓက ဟောပြောခဲ့ပေသည်။

# အခန်း သုံး

# ဗုဒ္ဓ - သဘာဝ

## I

## သန့်စင်မှုစိတ်

၁. လူသားများအထဲတွင် စိတ်နေသဘောထားအမျိုးမျိုးနှင့် အဆင့်ဆင့် ရှိကြလေသည်။ အချို့ သောသူများသည် ဉာဏ်ပညာရှိ၍ အချို့သောသူများက အသိဉာဏ် ခေါင်းပါးကြလေသည်။ အချို့က သဘောကောင်း၍ အချို့က သဘောဆိုးလေသည်။ အချို့က အလွယ်တကူ ယုံကြည်၍၊ အချို့က အလွယ်တကူ မယုံကြည်ပေ။ အချို့က သန့်စင်သောစိတ်မျိုး ရှိ၍ အချို့က ညစ်ညမ်းသောစိတ် ရှိလေ သည်။ သို့ရာတွင် ဤကွာဟချက်များသည် အမှန်တရား ရရှိရေး၌ မပြောပလောက်သော အရာများသာ ဖြစ်လေသည်။ ကမ္ဘာကြီးသည် အပင်အမျိုးအစား မြောက်များစွာ ပေါက်ရောက်နေသော ကြာပန်းအိုင် နှင့် တူလေသည်။ အရောင်အမျိုးမျိုး ရှိသော ပန်းပွင့်များ ပွင့်ဖူးနေလေသည်။ အချို့သော ပန်းများသည် အဖြူရောင်၊ အချို့က ပန်းရောင်၊ အချို့က အပြာရောင်၊ အချို့ အဝါရောင် ဖြစ်နေ၍ အချို့သော ကြာပင် များသည် ရေအောက်၌သာ ဖူးပွင့်နေကြပြီး အချို့သော အရွက်များက ရေပြင်ပေါ်တွင် ပေါ်နေကာ အချို့သော အရွက်များက လေထဲတွင် ရှိနေကြလေသည်။ လူသားများတွင် ထိုထက်များသော ခြားနား ချက်များ ရှိလေသည်။ လိင်ခြားနားမှုများ ရှိသော်လည်း ဤခြားနားချက်များမှာ အရေးမကြီးပါပေ။ အဘယ်ကြောင့်ဆိုသော် သင့်တင့် မှန်ကန်သော လေ့ကျင့်မှုများဖြင့် ယောကျာ်းနှင့် မိန်းမ နှစ်ဦးစလုံး သည် အမှန်တရားကို ရရှိနိုင်ပေသည်။

ဆင်ဦးစီး ဖြစ်ရန်အတွက် အရည်အချင်းငါးရပ် ရှိရမည် ဖြစ်ပေသည်။ ကျန်းမာရေး ကောင်းမွန် ခြင်း၊ ယုံကြည်မှုရှိခြင်း၊ ဂီရိယရှိခြင်း၊ ရည်ရွယ်ချက် စစ်မှန်ခြင်းနှင့် ပညာရှိခြင်းတို့ ဖြစ်ပေသည်။ ဗုဒ္ဓ၏ မြင့်မြတ်လှသော အမှန်တရားလမ်းစဉ်ကို လိုက်နာရန်အတွက် အလားတူ ကောင်းမွန်သော အရည်

အချင်းငါးရပ်နှင့် ပြည့်စုံရမည် ဖြစ်ပေသည်။ ဤအရည်အသွေးများ ရှိပါက ကျား-မ မရွေး၊ အမှန်တရားသို့ ရောက်ရှိနိုင်ပေသည်။ ဗုဒ္ဓ၏ ဟောပြောချက်များကို လေ့လာသိရှိနိုင်ရန်၊ အချိန်ကြာမြင့်စွာ မလိုအပ်ပါ ပေ။ အဘယ်ကြောင့်ဆိုသော် လူသား အားလုံးတို့တွင် အမှန်တရားကို ချစ်မြတ်နိုးသော ပင်ကိုယ် သဘာဝများ ရှိကြလေသည်။

၂. အမှန်တရားလမ်းစဉ်ကို ကျင့်ကြံအားထုတ်ရာတွင် လူသားများသည် ၎င်းတို့၏ ကိုယ်ပိုင် မျက်စိ များဖြင့် ဗုဒ္ဓကို ကြည့်မြင်၍ ၊ ကိုယ်ပိုင်စိတ်များဖြင့် ဗုဒ္ဓကို ယုံကြည်လေသည်။ ဗုဒ္ဓအား ကြည့်မြင်သော မျက်စိများနှင့် ယုံကြည်သော စိတ်များသည် ထိုနေ့မတိုင်မီအထိ၊ မွေးခြင်းနှင့် သေခြင်းကမ္ဘာထဲ၌ တဝဲလည်လည် ဖြစ်နေခဲ့သော မျက်စိများနှင့် စိတ်များပင် ဖြစ်ပေသည်။

အကယ်၍ ရှင်ဘုရင်တစ်ပါးသည် သူပုန်သောင်းကျန်းသူများ၏ အနှောင့်အယှက်ကို ခံနေရပါက သူပုန်များအား တိုက်ခိုက်နှိမ်နင်းခြင်း မပြုမီ၊ ၎င်းတို့၏ နေရာစခန်းကို ရှာဖွေသိရှိရန် လိုအပ်ပေသည်။ ထို့ကြောင့် လောကီရမက်များ၏ အနှောင့်အယှက်ကို ခံနေရသောသူသည် ရှေးဦးစွာ မူရင်းဇစ်မြစ်များကို သိရှိနိုင်ရန် စူးစမ်းသင့်ပေသည်။

အိမ်ထဲတွင် ရှိနေသူတစ်ဦးသည် ၎င်း၏ မျက်စိများကို ဖွင့်ကြည့်ပါက ရှေးဦးစွာ အခန်းတွင်းရှိ အရာများကို တွေ့မြင်ပြီးနောက်မှသာ ပြတင်းပေါက်ပြင်ပရှိ ရှုခင်းကို တွေ့မြင်ရမည် ဖြစ်ပေသည်။ အလားတူသဘောပင် ကျွန်ုပ်တို့သည် အိမ်တွင်းရှိ အရာဝတ္ထုများကို မတွေ့မြင်ရမီ၊ ပြင်ပရှိ အရာများကို တွေ့မြင်ရမည် မဟုတ်ပါပေ။

ကိုယ်ခန္ဓာထဲ၌ စိတ်ရှိမည် ဆိုပါက ကိုယ်ခန္ဓာအတွင်းရှိ အရာများကို ရှေးဦးစွာ သိရှိသင့်ပေ သည်။ သို့ရာတွင် ယေဘုယျအားဖြင့် လူများသည် ပြင်ပအရာများ၌သာ စိတ်ပါဝင်စားမှု ရှိပြီး၊ ကိုယ်ခန္ဓာ အတွင်းရှိ အရာများကို သိရှိဟန် သို့မဟုတ် သတိပြုဟန် မရှိကြပါပေ။

အကယ်၍ စိတ်သည် ကိုယ်ခန္ဓာ၏ ပြင်ပ၌ တည်ရှိနေမည် ဆိုပါက

အဘယ်သို့လျှင် စိတ်သည် ကိုယ်ခန္ဓာ၏ လိုအပ်ချက်များနှင့် ဆက်သွယ်နိုင်ပါမည်နည်း။ သို့ရာတွင် အမှန်တကယ်၌ စိတ်က သိရှိ သည်များကို ကိုယ်ခန္ဓာက ခံစားနိုင်၍၊ ကိုယ်ခန္ဓာက ခံစားရသည်များကိုလည်း စိတ်က သိပေသည်။ ထို့ကြောင့် လူ့စိတ်သည် ကိုယ်ခန္ဓာ၏ ပြင်ပ၌ ရှိသည်ဟု မပြောနိုင်ပါပေ။ သို့ဖြစ်လျှင် စိတ်၏ ပင်ကိုယ် ဂုဏ်သည် အဘယ်နေရာ၌ တည်ရှိပါသနည်း။

၃. ရှေးအတိတ်ကာလကပင်လျှင် မိမိတို့၏ ကိုယ်ပိုင်လုပ်ရပ်များနှင့် အခြေခံကျသော မှားယွင်း သည့် တွေးခေါ်ယူဆချက် နှစ်ရပ်တို့ကြောင့် လူသားများသည် မသိနားမလည်စွာဖြင့် တဝဲလည်လည် ရစ်ဂဲသွားလာနေကြလေသည်။

ရှေးဦးပထမ ၎င်းတို့သည် မွေးဖွားခြင်းနှင့် သေခြင်းဟူသော ဤဘဝ၏ အောက်ခြေ ဇစ်မြစ်၌ တည်ရှိသည့် သံသယစိတ်ကို ၎င်းတို့၏ စစ်မှန်သော သဘာဝဟု ယုံကြည်ကြလေသည်။ ဒုတိယမှာ သံသယစိတ်၏ နောက်ကွယ်၌ ဖုံးကွယ်နေသော အမှန်တရားကို သိရှိသည့် သန့်စင်သောစိတ်သည် ၎င်းတို့၏ စစ်မှန်သော သဘာဝ ဖြစ်ကြောင်း ၎င်းတို့ မသိကြပါပေ။

လူတစ်ဦးတစ်ယောက်က ၎င်း၏လက်သီးကို ဆုပ်၍ လက်မောင်းကို မြှောက်လိုက်သောအခါ၊ မျက်စိက ကြည့်မြင်၍ စိတ်က ခွဲခြားလိုက်သော်လည်း ခွဲခြားသိရှိသောစိတ်သည် စစ်မှန်သောစိတ် မဟုတ်ပါပေ။

ခွဲခြားမှုရှိသော စိတ်သည် မိမိကိုယ်နှင့် ဆက်စပ်နေသော လောဘနှင့် အခြားသော စိတ်အခြေ အနေများက ဖန်တီးလိုက်သည့် စိတ်အထင် ခြားနားမှုများကို ခွဲခြားသောစိတ်သာ ဖြစ်လေသည်။ ခွဲခြား မှုရှိသောစိတ်သည် အကြောင်းရင်းနှင့် အခြေအနေများပေါ်တွင် မူတည်၍၊ ပင်ကိုယ်ဂုဏ်ဟူ၍ လုံးဝ မရှိဘဲ အစဉ်အမြဲ ပြောင်းလဲနေလေသည်။ သို့ရာတွင် ဤစိတ်သည် မိမိတို့၏ စစ်မှန်သောစိတ်ဟု လူများ ထင်မှတ်ယုံကြည်သောကြောင့်၊ ဆင်းရဲဒုက္ခကို ဖြစ်ပေါ်စေသော အကြောင်းရင်းများနှင့် အခြေအနေများ အတွင်းသို့ ထင်ယောင်ထင်မှားဖြစ်မှုများ ဝင်ရောက်လာလေသည်။

လူတစ်ဦးတစ်ယောက်က ၎င်း၏ လက်ဖါးကို ဖြန့်လိုက်သောအခါ စိတ်က

သိလေသည်။ သို့ရာ တွင် ရွေ့လျား၍ သွားသောအရာသည် မည်သည့်အရာနည်း။ စိတ်လော၊ လက်လော။ သို့မဟုတ် မည်သည်မျှ ရွေ့လျားခြင်း မရှိသလော။ လက်က ရွေ့လျားလျှင် စိတ်ကလည်း ရွေ့လျား၍ စိတ်က ရွေ့ လျားလျှင်လည်း လက်က ရွေ့လျားပေသည်။ သို့ရာတွင် ရွေ့လျားသောစိတ်သည် စိတ်၏ အပေါ်ယံ ရုပ်သွင်သာ ဖြစ်လေသည်။ ၄င်းသည် စစ်မှန်၍ အခြေခံကျသောစိတ် မဟုတ်ပါပေ။

၄. မူလအခြေခံအားဖြင့် လူတိုင်းတွင် သန့်စင်သည့်စိတ် ရှိပေသည်။ သို့ရာတွင် သာမန်အားဖြင့် ၄င်းစိတ်သည် အခြေအနေအရပ်ရပ်ကြောင့် ပေါ်ပေါက်လာသော သံသယအညစ်အကြေး ဖုန်များဖြင့် ဖုံးလွှမ်းနေလေသည်။ ဤညစ်ညမ်းနေသော သံသယစိတ်သည် မူလသဘာဝ အစစ်အမှန် မဟုတ်ပါပေ။ အသစ် ဝင်ရောက်လာသူ၊ သို့မဟုတ် ဧည့်သည်တစ်ဦးကဲ့သို့ ဖြစ်၍ အိမ်ရှင် မဟုတ်ပါပေ။

လသည် မကြာခဏ၊ တိမ်များ၏ ဖုံးအုပ်ခြင်းကို ခံရသော်လည်း၊ တိမ်များကြောင့် ရွေ့လျားသွား ခြင်း၊ ညစ်ညမ်းသွားခြင်း မရှိပါပေ။ ထို့ကြောင့် ဤညစ်ညမ်းသော သံသယစိတ်သည်၊ မိမိတို့၏ ကိုယ်ပိုင် စစ်မှန်သောစိတ် ဖြစ်သည်ဟု မှားယွင်းစွာ မထင်မှတ်ကြရပါပေ။

လူများသည် ၄င်းတို့၏ အတွင်း၌ရှိသော၊ သန့်စင်ပြောင်းလဲခြင်း မရှိသော အမှန်တရား အခြေခံ စိတ်ကို နိုးကြားလာစေရန် ကြိုးပမ်းလုပ်ဆောင်ခြင်းဖြင့်၊ မှန်ကန်သောအချက်ကို အမြဲမပြတ် သတိပြုရ မည် ဖြစ်ပေသည်။

အစဉ်အမြဲ ပြောင်းလဲညစ်ညမ်းနေသောစိတ်တွင် ချုပ်မိနေကာ၊ မိမိတို့၏ ကိုယ်ပိုင် ဖောက်ပြန်နေ သော အတွေးအခေါ်ဖြင့် မျက်စိလည်နေသောကြောင့်၊ ၄င်းတို့သည် သံသယကမ္ဘာထဲတွင် တဂဲလည် လည် ဖြစ်နေကြလေသည်။

လူ့စိတ်၏ ဒွိဟဖြစ်မှုများနှင့် ညစ်ညမ်းမှုများသည် လောဘနှင့်တကွ၊ အခြေအနေ ပြောင်းလဲမှု များ အပေါ်စိတ်၏ တုံ့ပြန်မှုများ နှိုးဆွပေးကြလေသည်။

အဖြစ်အပျက်များကြောင့် တုန်လှုပ်ခြင်းမရှိဘဲ မည်သည့်အခြေအနေမျိုးမဆို၊ အစဉ်အမြဲ သန့်စင်ကာ၊ တည်ငြိမ်မှုရှိသော စိတ်သည်၊ စိတ်က ပျောက်ကွယ်သွားသဖြင့်၊ မိမိ၏ စစ်မှန်သော ကိုယ်ပျောက် ကွယ်သွားပြီဟု

မပြောနိုင်ပါပေ။ ပြောင်းလဲနေသော အခြေအနေများနှင့်အညီ၊ ပြောင်းလဲသောအရာသည် စိတ်၏ စစ်မှန်သော ပင်ကိုယ်သဘာဝ မဟုတ်ပါပေ။

၅. နေရောင်တောက်ပနေ လင်းနေသော်လည်း၊ နေဝင်သွားသောအခါ၌ မှောင်မဲသွားသော ဓမ္မာရုံ ကြီးတစ်ခုအကြောင်းကို စဉ်းစားကြည့်ကြပါစို့။

နေနှင့်အတူ အလင်းရောင်ပျောက်ကွယ်သွားပြီး၊ ညနှင့်အတူ အမှောင်ထု ရောက်ရှိလာသည်ကို ကျွန်ုပ်တို့ တွေးထင်နိုင်ကြသော်လည်း၊ အလင်းနှင့်အမှောင်ကို သိရှိသောစိတ်ကိုမူ၊ ထိုကဲ့သို့ထင်၍ မရပါ ပေ။ အလင်းနှင့်အမှောင်ကို သိရှိခံစားနိုင်စွမ်းရှိသောစိတ်အား၊ မည်သူ့ထံသို့မှ ပြန်လည်ပေးအပ်နိုင်ခြင်း မရှိဘဲ၊ ပိုမိုစစ်မှန်သော သဘာဝဖြစ်သည့် အခြေခံ သဘာဝသို့သာ၊ ပြောင်းလဲနိုင်ခြင်း ရှိလေသည်။

၎င်းသည်၊ နေထွက်နှင့်နေဝင်ချိန်နှင့်အတူ၊ ပြောင်းလဲဖြစ်ပေါ်လာသော အလင်းနှင့် အမှောင်တို့ ကို အခိုက်အတန့်အားဖြင့်သာ မှတ်သားသိရှိနိုင်သည့် `ယာယီ´ စိတ်သာ ဖြစ်လေသည်။

၎င်းသည် ဘဝအခြေအနေ ပြောင်းလဲမှုများနှင့်အတူ၊ တိုတောင်းလှသော အချိန်ပိုင်းတစ်ခုမှ သည်၊ နောက်အချိန်ပိုင်းတစ်ခုသို့၊ ခြားနားသောခံစားချက်များ ရှိနေသည့် `ယာယီ´ စိတ်တစ်ခုသာ ဖြစ် လေသည်။

ပတ်ဝန်းကျင်နှင့် ပြောင်းလဲနေသော ပြင်ပ အခြေအနေများကြောင့် ပေါ်ထွက်လာသည့်၊ အကောင်းနှင့်အဆိုး၊ အချစ်နှင့်အမုန်း၊ အစရှိသော ယာယီခံစားချက်များသည်၊ လူ့စိတ်ထဲ၌၊ စုဆောင်း ကိန်းအောင်းနေခဲ့သော ညစ်ညမ်းမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည့် ယာယီ တုံ့ပြန်မှုသာ ဖြစ်ပေသည်။

စိတ်က ခံယူထားသော၊ လိုချင်တပ်မက်မှုများနှင့် လောကီရမ္မက်များများ၏ နောက်ကွယ်တွင်၊ သန့်စင်ကြည်လင်၍၊ အခြေခံကျသော၊ စစ်မှန်သည့်စိတ်၏ ပင်ကိုယ်သဘာဝများ တည်ရှိနေလေသည်။

ရေသည် ခွက်အလုံးထဲတွင် လုံးဝိုင်း၍ လေးထောင့်ခွက်ထဲတွင် လေးထောင့်ပုံသဏ္ဍာန် ရှိသော် လည်း၊ ရေ၌ ပင်ကိုယ်ပုံသဏ္ဍာန်ဟူ၍ မရှိပါပေ။ လူများသည် ဤအချက်ကို နားလည်သဘောပေါက် သည့်တိုင်အောင်၊ မကြာခဏ မေ့လျော့နေတတ်လေသည်။

လူများသည် အကောင်းနှင့်အဆိုးကို ကြည့်မြင်ခြင်း၊ ချစ်ကြိုက်ခြင်းနှင့်မုန်းတီးခြင်း၊ တည်ရှိမှုနှင့် မတည်ရှိမှုတို့ကို ခွဲခြားခြင်း၊ စသည်တို့ကို ပြုလုပ်ကြလေသည်။ ထို့နောက်၊ ဤအနှောင်အဖွဲ့များ၌ ချုပ်နှောင်မိပြီး တွယ်တာမှု ရှိလာသဖြင့်၊ ဆင်းရဲဒုက္ခ ရောက်ကြရလေသည်။

အကယ်၍သာ၊ လူများသည် စိတ်ကူးယဉ်ဖြစ်၍ မှားယွင်းသော ဤခွဲခြားမှုစိတ်အပေါ် တွယ်တာ မှုများကို စွန့်လွှတ်၍၊ မူလစိတ်၏ သန့်စင်မှုကို ပြန်လည်ရရှိနိုင်မည် ဆိုပါက၊ ၎င်းတို့၏ စိတ်နှင့်ကိုယ်ခန္ဓာ နှစ်ရပ်စလုံးသည် ညစ်ညမ်းမှုနှင့် ဆင်းရဲဒုက္ခအပေါင်းမှ ကင်းလွတ်နိုင်မည် ဖြစ်ပေသည်။ ၎င်းတို့သည် ယင်း ကင်းလွတ်မှုနှင့်အတူ၊ ဒွန်တွဲပါလာသော လွတ်လပ်မှုနှင့် အေးချမ်းမှုကိုပါ ခံစားကြတော့မည် ဖြစ် ပေသည်။

# II

# ဗုဒ္ဓ - သဘာဝ

၁. သန့်စင်၍ စစ်မှန်သောစိတ်သည် အခြေခံပင် ဖြစ်သည်ဟု၊ ကျွန်ုပ်တို့ ပြောကြားခဲ့ပြီး ဖြစ်ပေ သည်။ ၎င်းသည် ဗုဒ္ဓသဘာဝပင် ဖြစ်သည်။ တစ်နည်းဆိုသော်၊ ဗုဒ္ဓဖြစ်စဉ်၏ မျိုးစေ့ပင် ဖြစ်ပေသည်။

နေနှင့်ရွက်ခြောက်တို့အကြား၌ မှန်ဘီလူးကို ခံထားပါက၊ မီးလောင်ပေမည်။ သို့ရာတွင်၊ ၎င်းမီး သည် ဘယ်မှ လာသနည်း။ မှန်ဘီလူးသည် နေနှင့် အလှမ်းဝေးလှပေသည်။ သို့သော်လည်း၊ မှန်ဘီလူး ကြောင့် ရွက်ခြောက်ပေါ်တွင် မီးစွဲလာလေသည်။ သို့ရာတွင်၊ ရွက်ခြောက်သည် မီးတောက်လောင်နိုင် သည့် သဘာဝမျိုး မရှိပါက၊ မီးစွဲလာမည် မဟုတ်ပါပေ။

အလားတူပင်၊ အကယ်၍ ဗုဒ္ဓဉာဏ်တော်၏ အလင်းရောင်ကို၊ လူ့စိတ်ပေါ်သို့ စုဆုံ ကျရောက် စေမည် ဆိုပါက ဗုဒ္ဓဖြစ်စဉ် ဖြစ်သော စိတ်၏စစ်မှန်သည့် သဘာဝသည် ထွန်းတောက်လာမည် ဖြစ်ပြီး၊ ယင်းအလင်းရောင်၏ တောက်ပမှုဖြင့်၊ လူသားတို့၏စိတ်ကို ထွန်းလင်းစေကာ၊ ဗုဒ္ဓအား ယုံကြည်စိတ်များ နိုးကြားလာပေမည်။ လူသားအားလုံးတို့၏ စိတ်များရှေ့တွင်၊ ဗုဒ္ဓသည် အသိဉာဏ် မှန်ဘီလူးကို ခံပေးထားသဖြင့် ယုံကြည်စိတ်များ စောလျင်စွာ ဖြစ်ထွန်းလာလေသည်။

၂. မိမိတို့၏ စစ်မှန်သောစိတ်သည်၊ အမှန်တရားကို သိမြင်သော ဗုဒ္ဓ၏ဉာဏ်တော်နှင့် နီးစပ်ကြောင်းကို လူများက မကြာခဏ လျစ်လျူရှု ထားကြသဖြင့်၊ လောကီရမက်များတွင် စွဲညှိကာ၊ အကောင်းနှင့်အဆိုး ခွဲခြားမှုများ၌ တွယ်ကပ်နေပြီးနောက်၊ မိမိတို့၏ အနှောင်အဖွဲ့များနှင့် ဆင်းရဲဒုက္ခ များတွင် ရုန်းကန်လူးလွန့်နေကြလေသည်။

ဤအခြေခံကျ၍ သန့်စင်သောစိတ်ကို ပိုင်ဆိုင်လျက်နှင့်ပင်၊ လူများသည် အဘယ်ကြောင့် လှည့် ဖျားမှုနှင့် ဆင်းရဲဒုက္ခ သံသရာထဲ၌ တဝဲလည်လည် ဖြစ်စေမည့်၊ မသေချာဘဲ သံသယရှိသော ဘဝကို ဆက်လက်တွယ်ဖက်ထားကာ၊ မိမိတို့၏ ပတ်ဝန်းကျင်နေရာအားလုံး၌ ဗုဒ္ဓ၏ ဉာဏ်တော်အလင်းရောင် များ ပြည့်နှက်နေသော်လည်း၊ မိမိတို့၏ ကိုယ်ပိုင်ဗုဒ္ဓသဘာဝကို အဘယ်ကြောင့် ဖုံးကွယ်ထားပါသနည်း။

တရံရောအခါက၊ လူတစ်ဦးသည် ကြည့်မှန်တချပ်၏ နောက်ဖက်သို့ ကြည့်သောအခါ၊ မိမိ၏ မျက်နှာနှင့်ခေါင်းတို့ကို မတွေ့မြင်ရသဖြင့် အံ့သြထိတ်လန့်သွားလေသည်။ သတိမေ့လျော့ကာ၊ မှန်၏ အခြားတစ်ဖက်သို့ ကြည့်မိရုံမျှဖြင့် ရူးသွားရန် မလိုအပ်ပါပေ။

အလားတူပင်၊ တွေ့ရှိရလိမ့်မည်ဟု ထင်မှတ်ထားသောနေရာ၌၊ အမှန်တရားကို မတွေ့ရှိရသဖြင့်၊ ဆက်လက်၍ ဆင်းရဲဒုက္ခ ရောက်နေခြင်းသည်လည်း၊ မလိုအပ်သော မိုက်မဲမှုပင် ဖြစ်ပေသည်။ အမှန် တရား၌ ဒွိဟဖြစ်မှု မရှိပါပေ။ မိမိတို့၏ စစ်မှန်သောစိတ်ကို ဖုံးလွှမ်းကွယ်ပုက်ထားသော၊ လောဘနှင့် အထင်မှားမှုတို့၏

ပေါင်းစုမှုကြောင့် ဖြစ်ပေါ်လာသည့် စိတ်အတုအယောင်များ၊ တစ်နည်းအားဖြင့် ခွဲခြား စိတ်များသာ ဖြစ်ကြောင်း မသိရှိဘဲ အမှန်တရားကို နစ်ပေါင်းများစွာ ရှာကြံခဲ့သူများသာ ကျရှုံးမှု ရှိပေ သည်။

အကယ်၍ မှားယွင်းသော ယုံကြည်မှုများ စုပုံလာခြင်းကို ဖယ်ရှားပစ်မည် ဆိုပါက၊ အမှန်တရား ပေါ်ထွက်လာပေမည်။ သို့ရာတွင်၊ အံ့သြဘွယ်ရာ ကောင်းလောက်အောင်ပင်၊ မှားယွင်းသော ယုံကြည် ချက်များ မရှိဘဲနှင့်၊ အမှန်တရားများ မရှိနိုင်ကြောင်းကို၊ အမှန်တရား ရရှိပြီး သူများက နားလည်လာကြမည် ဖြစ်ပေသည်။

၃. ဗုဒ္ဓသဘာဝသည် အဆုံးတိုင် မရောက်နိုင်ပေ။ စဉ်းလဲကောက်ကျစ်သူများသည် တောရိုင်း တိရိစ္ဆာန်များ သို့မဟုတ် ဆာလောင်မွတ်သိပ်နေသော ပြိတ္တာများအဖြစ် ပြန်လည်မွေးဖွားလာသည် ဖြစ်စေ၊ သို့မဟုတ် ငရဲပြည်သို့ ကျရောက်သွားသည်ဖြစ်စေ၊ ၄င်းတို့၏ ဗုဒ္ဓသဘာဝများသည် မည်သည့် အခါမျှ ပျောက်ပျက်ဆုံးရှုံးသွားခြင်း မရှိပါပေ။

အသား၏ ညစ်ညမ်းမှုတွင် မည်ကဲ့သို့နစ်မြုပ်နေသည်ဖြစ်စေ၊ သို့မဟုတ် လောကီရမက်များ၏ အမြစ်တွင် ဖုံးကွယ်နေ၍ မေ့ပျောက်နေသည်ဖြစ်စေ၊ လူသားတို့၏ ဗုဒ္ဓဖြစ်စဉ် ပင်ကိုယ်သဘောသည်၊ မည်သည့်အခါမျှ လုံးဝချုပ်ငြိမ်းသွားခြင်း မရှိပါပေ။

၄. အရက်ကြောင့် မူးယစ်အိပ်ပျော်သွားသော လူတစ်ယောက်အကြောင်း၊ ရှေးဟောင်းပုံပြင် တစ်ခု ရှိလေသည်။ ၄င်း၏သူငယ်ချင်းသည် ၄င်း၏ဘေးနား၌ တတ်နိုင်သ၍ စောင့်ကြည့်နေခဲ့သော်လည်း၊ မလွဲမရှောင်သာဘဲ ထွက်ခွာသွားရမည့် အချိန်၌၊ သူငယ်ချင်း၌ ငွေကြေး လိုအပ်လိမ့်မည်ကို စိုးရိမ်သဖြင့်၊ အရက်မူးနေသူ၏ အဝတ်အစားထဲတွင်၊ ကျောက်သံပတ္တမြားတစ်ခုကို ထည့်ထားပေးခဲ့လေသည်။ အရက်မူးသူသည် အမူးပြေသွားသောအခါ၌၊ သူငယ်ချင်းက အဝတ်အစားထဲတွင် ကျောက်သံပတ္တမြား တခုကို ထည့်ထားပေးခဲ့သည်ကို မသိရှိသဖြင့်၊

ဆင်းရဲနွမ်းပါးစွာနှင့် ဆာလောင်မွတ်သိပ်စွာဖြင့် ချေးဦး တည့်ရာ ခရီးလှည့်ခဲ့လေသည်။ အချိန်များစွာ ကြာမြင့်လာပြီးနောက် သူဌေးချင်းက ဆင်းရဲသူအား၊ ကျောက်သံပတ္တမြားအကြောင်း ပြောပြကာ၊ ရှာကြည့်ရန် အကြံပေးလေသည်။

ဤပုံပြင်ထဲ၌ ပါရှိသောအရက်မူးသူကဲ့သို့ပင်၊ လူများသည် ၎င်းတို့၏ အတွင်းသဘာဝ၌ သန့်စင် ကြည်လင်စွာဖြင့် ဖုံးကွယ်နေသော၊ တန်ဖိုးမဖြတ်နိုင်သည့် ဗုဒ္ဓသဘာဝရတနာရှိနေကြောင်းကို သတိမမူ မိကြဘဲ၊ မွေးဖွားခြင်းနှင့်သေခြင်းဖြစ်သော ဤဘဝထဲတွင်၊ ဆင်းရဲဒုက္ခကြီးစွာဖြင့် တဝဲလည်လည် ဖြစ်နေကြလေသည်။

ဤအထွတ်အထိပ်ဖြစ်သော သဘာဝကို လူတိုင်းက ပိုင်ဆိုင်နေကြောင်း၊ မည်ကဲ့သို့ပင် သတိ မမူမိစေကာမူ၊ မည်မျှပင် အသိဉာဏ်ကင်းမဲ့၍ နိမ့်ကျနေစေကာမူ၊ အနိမ့်ကျဆုံးသော သူ၌ပင်၊ ဗုဒ္ဓဖြစ် စဉ်သို့ ရောက်ရှိနိုင်သော ပါရမီ အလားအလာများ ရှိနေကြောင်းကို ဗုဒ္ဓ သိရှိထားသဖြင့်။ လူသားများ အပေါ် မည်သည့်အခါမျှ အယုံအကြည် မပျက်ပါပေ။

ထို့ကြောင့်၊ အသိဉာဏ်ကင်းမဲ့မှုကြောင့် လှည့်စားခြင်း ခံရကာ၊ မိမိတို့၏ ကိုယ်ပိုင်ဗုဒ္ဓ သဘာဝကို မတွေ့မြင်နိုင်သူများအား၊ ဗုဒ္ဓက ယုံကြည်စိတ်ကို နှိုးဆွပေးပြီး၊ ၎င်းတို့၏ ထင်ယောင်ထင်မှားမှုမှ ဝေးရာ သို့ ဆောင်ကြဉ်းကာ၊ ၎င်းတို့ကိုယ်တိုင်နှင့် ဗုဒ္ဓဖြစ်စဉ်၏အကြား၌၊ မူရင်းအခြေခံအားဖြင့် ကွာခြားမှု မရှိကြောင်းကို သွန်သင်ဟောပြောလေသည်။

၅. ဗုဒ္ဓသည်၊ ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိခဲ့သူဖြစ်၍၊ လူများမှာမူ၊ ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိနိုင်စွမ်းရှိသူများ ဖြစ်လေသည်။ ဤသည်မှာ၊ ဗုဒ္ဓနှင့်လူသားတို့၏ ခြားနားချက် အလုံးစုံပင် ဖြစ်လေသည်။

အကယ်၍၊ လူတစ်ဦးတယောက်က၊ ၎င်းသည် အမှန်တရားကိုရရှိခဲ့ပြီဟု ထင်မှတ်ပါက၊ မိမိ ကိုယ်ကို လှည့်စားခြင်းပင် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်၊ ၎င်းသည် အကျွတ်တရားဖက်သို့ ဦးတည်ရွေ့လျား နေစေကာမူ၊ ဗုဒ္ဓဖြစ်စဉ်သို့ မရောက်ရှိသေးသည့်အတွက်ကြောင့် ဖြစ်ပေသည်။

ဖွဲ့ဂိရိယရှိရှိ၊ သစ္စာရှိရှိဖြင့် ကြိုးပမ်းခြင်း မရှိပါက၊ ဗုဒ္ဓသဘာဝသည် ပေါ်ထွက်လာခြင်း ရှိသကဲ့သို့၊ ကြိုးပမ်းဆောင်ရွက်ချက်များသည်လည်း ဗုဒ္ဓသဘာဝ ပေါ်ထွက်လာခြင်း မတိုင်မီ ပြီးဆုံးခြင်း မရှိပါပေ။

၆. တရံရောအခါက၊ ရှင်ဘုရင်တစ်ပါးသည် မျက်မမြင်အချို့တို့အား၊ ဆင်တစ်ကောင်အနီး၌ စုရုံးစေ ပြီး၊ ဆင်၏ပုံသဏ္ဍာန်ကို ပြောပြပါရန် မေးမြန်းလေသည်။ ပထမလူသည် ဆင်စွယ်ကို စမ်းသပ်ကိုင်တွယ် ကာ၊ ဆင်သည် အကြီးစား မုန်လာဥနီနှင့် တူပါသည်ဟု ပြောလေသည်။ အခြားသော မျက်မမြင်တစ်ဦး ကမူ၊ ဆင်၏ နားရွက်ကိုစမ်းမိသဖြင့်၊ ယပ်တောင်အကြီးစားနှင့် တူကြောင်း ပြောလေသည်။ အခြား တစ်ဦးကလည်း နှာမောင်းကိုစမ်းမိကာ၊ ကျည်ပွေ့နှင့် တူကြောင်း ပြောလေသည်။ နောက်တစ်ဦးကမူ၊ ခြေကိုစမ်းမိပြီး၊ ထောင်းဆုံနှင့် တူကြောင်း ပြောလေသည်။ ဆင်၏အမြီးကို ကိုင်တွယ်မိသူက၊ ကြိုးနှင့် တူကြောင်း ပြောလေသည်။ ဆင်၏ ပုံသဏ္ဍာန်အစစ်အမှန် မျက်မမြင်တစ်ဦးတစ်ယောက်ကမျှ ရှင်ဘုရင် အား ပြောပြနိုင်ခြင်း မရှိပါပေ။

အလားတူပင်လျှင်၊ လူ့သဘာဝကို တစ်စိတ်တစ်ပိုင်း ရှင်းလင်း ပြောပြနိုင်စေကာမူ၊ ဗုဒ္ဓ သဘာဝ တည်းဟူသော လူသားတဦး၏ သဘာဝအစစ်အမှန်ကို ရှင်းလင်းပြောပြနိုင်ခြင်း ရှိမည် မဟုတ်ပါပေ။

လောကီရမက်များဖြင့် တုန်လှုပ်ခြင်းမရှိဘဲ သေခြင်းဖြင့်လည်း ပျက်ပြား သွားခြင်း မရှိသော၊ ထာဝရတည်မြဲသည့် ဗုဒ္ဓသဘာဝခေါ်၊ လူ့သဘာဝကို ရှာဖွေတွေ့ရှိနိုင်ရန်၊ တစ်ခုတည်းသော နည်းလမ်းမှာ၊ ဗုဒ္ဓနှင့် ဗုဒ္ဓ၏ မှန်မြတ်လှသော အဆုံးအမများမှတစ်ဆင့်သာ ဖြစ်လေသည်။

# III
# ဗုဒ္ဓ သဘာဂနှင့် ငါမဟုတ်မှု

၁. ဗုဒ္ဓသဘာဂသည် ရှင်းလင်းဖော်ပြနိုင်သည့် အရာတစ်ခုခုကဲ့သို့၄င်း၊ အခြားသော သွန်သင်မှု များ၏ `ဂိညာဉ်´နှင့် ဆင်တူသကဲ့သို့၄င်း၊ ကျွန်ုပ်တို့ ပြောဆိုနေခဲ့ကြသော်လည်း၊ အမှန်မှာ မဟုတ်ပါ ပေ။

အတ္တ (ငါ) `ငါ´ ဟူသော အတွေးအခေါ်သည်၊ ခွဲခြားသော စိတ်ကရှေးဦးစွာ ဖမ်းယူဆုပ်ကိုင် ထားပြီးနောက်၊ စွဲငြိနေကာ၊ စွန့်လွှတ်ရမည့် စိတ်ကူးယဉ် အရာဝတ္ထုတစ်ခုခုသာ ဖြစ်ချေသည်။ ဗုဒ္ဓ သဘာဂမှာမူ၊ ရှင်းလင်းဖေါ်ပြနိုင်သော အရာမဟုတ်ဘဲ၊ ရှေးဦးစွာ ရှာဖွေတွေ့ရှိရမည့်အရာ ဖြစ်ပေသည်။ တစ်နည်းအားဖြင့်၊ ဗုဒ္ဓသဘာဂသည် `ငါ´ နှင့် ဆင်တူရိုးမှားဖြစ်သော်လည်း `အတ္တ´ သို့မဟုတ် `အတ္တဟိတ´ ဟူသော `အတ္တ´ မဟုတ်ပါပေ။ အတ္တ (ငါ) `ငါ´ ရှိသည်ဟု ယုံကြည်ခြင်းသည် မတည်ရှိ မှုကို ယူဆထားသော မှားယွင်းသည့် ယုံကြည်မှုဖြစ်သည်။ ဗုဒ္ဓသဘာဂကို ငြင်းပယ်ခြင်းသည်လည်း မှားယွင်းပေသည်။ အဘယ်ကြောင့်ဆိုသော်၊ တည်ရှိမှုသည် မတည်ရှိမှု ဖြစ်သည်ဟု ယူဆထားသော ကြောင့် ဖြစ်သည်။

ဤသဘောတရားကို ပုံပြင်တခုဖြင့် ရှင်းပြနိုင်ပေသည်။ မိခင်တစ်ဦးသည် ဖျားနာနေသော သူမ၏ နို့စို့ကလေးအား ဆရာဝန်တစ်ဦးထံသို့ ခေါ်ဆောင် ပြသလေသည်။ ဆရာဝန်သည် ကလေးသောက်ရန် ဆေးပေးပြီးနောက်၊ ဆေးသောက်သုံးပြီး၊ ကောင်းစွာ ကြေညက်သွားချိန် အထိ၊ နို့မတိုက်ရန် ညွှန် ကြားလိုက်လေသည်။

ကလေးက နို့စို့လိုစိတ် မရှိစေရန်အတွက်၊ မိခင်သည် သူမ၏ နို့အုံကို ခါးသောအရာဖြင့် သုတ် လိမ်းထားလေသည်။ ဆေးကို သောက်သုံးပြီး၍၊ ကောင်းစွာ ကြေညက်လောက်ပြီးသော အချိန်သို့ ရောက်လာမှ၊ မိခင်သည် သူမ၏ နို့အုံကို ဆေးကြောသန့်စင်ကာ၊ ကလေးအား နို့တိုက်လေသည်။ ကလေးကို ချစ်သောကြောင့်၊ မိခင်သည် ကြင်နာသနားစိတ်ဖြင့်၊ ဤနည်းကို အသုံးပြုကာ၊ ကလေးကို ကယ်တင်လေသည်။

ပုံပြင်ထဲ၌ ပါရှိသော မိခင်ကဲ့သို့ပင်၊ ထင်မှားမှုများကို ဖယ်ရှားပစ်ရန်နှင့် `ငါ´

၌ ဖက်တွယ် စွဲလမ်းနေမှုများကို ဖြတ်တောက်ပစ်ရန်အတွက် ဗုဒ္ဓသည် `ငါ´မရှိကြောင်း မြွက်ကြားခြင်း ဖြစ်လေသည်။ အထင်မှားမှုနှင့် စွဲလမ်းမှုများကို ရှင်းလင်းပြီးသည့်နောက်တွင် ဗုဒ္ဓသည် ဗုဒ္ဓသဘာဂဖြစ်သော စစ်မှန် သည့် စိတ်၏ ဖြစ်ရပ်အမှန်များကို ရှင်းလင်းမြွက်ကြားလေသည်။

`ငါ´ဟူသော အဂ္ဂိရုပ်၌ စွဲမက်နေမှုသည်၊ မရေရာသောဘာဂသို့ ခေါ်ဆောင်သွား၍၊ ဗုဒ္ဓ သဘာဂကို ယုံကြည်မှုသည် အမှန်တရားသို့ ရောက်စေနိုင်လေသည်။

ဤသည်မှာ သေတ္တာတစ်လုံး အမွေရလိုက်သော ပုံပြင်ထဲမှ အမျိုးသမီးနှင့် တူလေသည်။ သေတ္တာထဲ၌ ရွှေရှိကြောင်းကို မသိရှိသော အမျိုးသမီးသည်၊ ဆင်းရဲကျပ်တည်းစွာ၊ ဆက်လက် နေထိုင် လာခဲ့ရာ၊ နောက်ဆုံး၌ အခြားသူတစ်ဦးက ရွှေရှိနေကြောင်း၊ သေတ္တာကို ဖွင့်ပြခဲ့ရလေသည်။ ဗုဒ္ဓသည် လူသားများ၏ စိတ်ကိုဖွင့်၍၊ သန့်စင်လှသော ၄င်းတို့၏ ဗုဒ္ဓသဘာဂကို ပြသလေသည်။

၂. အကယ်၍၊ လူတိုင်းတွင် ဤဗုဒ္ဓသဘာဂ ရှိနေပါက အဘယ်ကြောင့်၊ အချင်းချင်း လိမ်လည်နေ သော၊ သို့မဟုတ် သတ်ဖြတ်နေကြသော လူများ၌ ဆင်းရဲဒုက္ခများလှပါသနည်း။ အဘယ်ကြောင့် ရာထူး ကြီးငယ်၊ ကြွယ်ဝမှုနှင့် ဆင်းရဲမှု ဟူသော များပြားလှသည့် ကွဲပြားခြားနားမှုများ ရှိနေပါသနည်း။

တန်ဆာဆင်သည့်အနေဖြင့်၊ အဖိုးတန်ကျောက်မျက်ရတနာတစ်ခုကို နဖူးတွင် ဆင်ယင်ထား လေ့ရှိသော နဘမ်းသမားတယောက်အကြောင်း၊ ပုံပြင်တခုရှိလေသည်။ တစ်ချိန်တွင်၊ နဘမ်း သတ်နေစဉ် ယင်းကျောက်မျက် ရတနာသည်၊ ၄င်း၏ နဖူးအတွင်းသို့ နစ်ဝင်သွားလေသည်။ အဖိုးတန် ကျောက်မျက် ရတနာ ပျောက်ဆုံးသွားပြီဟု ထင်မှတ်ကာ၊ ၄င်းသည် အနာကို ဆေးထည့်ရန် အတွက် ခွဲစိတ်ဆရာဝန်တစ်ဦးထံသို့ သွားလေသည်။ ဆရာဝန်သည် ဆေးထည့် ပေးရန်အတွက် ကြည့်လိုက် သောအခါ၊ နဖူးတွင်းသို့နစ်ဝင်ပြီး၊ သွေးနှင့်ချွေးတို့ဖြင့် ဖုံးကွယ်ပေရေနေသော ကျောက်ကို တွေ့မြင်ရ လေသည်။ ၄င်းသည် ကြည့်မှန်တချပ်ကို ထောင်ပြကာ၊ ယင်း ကျောက်မျက်ရတနာကို နဘမ်းသမားအား ပြသလေသည်။

ဗုဒ္ဓ - သဘာဝ

ဗုဒ္ဓသဘာဝသည်၊ ဤပုံပြင်ထဲရှိ အဖိုးတန်ကျောက်မျက်ရတနာနှင့် တူလေသည်။ အခြားသော လိုအင်ဆန္ဒရမက်များမှ အညစ်အကြေးဖုန်များဖြင့် ဖုံးကွယ်နေ၍ ပျောက်ဆုံးသွားပြီဟု လူများက ထင်မှတ်နေကြသော်လည်း ဆရာကောင်းတစ်ဦးက၊ ယင်းဗုဒ္ဓသဘာဝကို ၎င်းတို့အား ပြန်လည် ထုတ်ဖော်ပေးလေသည်။

မည်မျှပင်၊ လောဘ၊ ဒေါသနှင့် မောဟတို့ဖြင့် ဖုံးလွှမ်းနေစေကာမူ၊ သို့မဟုတ် ကံအကျိုး အကြောင်းကြောင့် ဝင်္ဂလည်နေစေကာမူ၊ လူတိုင်းတွင် ဗုဒ္ဓသဘာဝ ရှိလေသည်။

ဗုဒ္ဓသဘာဝသည် ပျောက်ဆုံးသွားခြင်း၊ သို့မဟုတ် ပျက်ဆီးသွားခြင်း မရှိနိုင်ပေ။ ညစ်ညမ်းမှု အားလုံးကို ဖယ်ရှားလိုက်သောအခါ၊ အနေးနှင့်အမြန်ဆိုသလို ဗုဒ္ဓသဘာဝ ထွက်ပေါ်လာမည် ဖြစ်ပေ သည်။

ကြေးမုံတစ်ချပ်ဖြင့်၊ အသွေးနှင့်အသားထဲ၌ နစ်ဝင်နေသော ကျောက်မျက်ရတနာကို၊ နဘမ်း သမားအား ပြသခဲ့သကဲ့သို့၊ လောကီရမက်အောက်တွင် နစ်မြုပ်နေသော ဗုဒ္ဓသဘာဝကို ဗုဒ္ဓ၏ အလင်း ရောင်ဖြင့် ပြသနိုင်လေသည်။

၃. နေထိုင်မှု ဘဝအခြေအနေများနှင့် ပတ်ဝန်းကျင်များ မည်ကဲ့သို့ပင် ပြောင်းလဲနေစေကာမူ၊ ဗုဒ္ဓ သဘာဝသည် အစဉ်အမြဲပင် သန့်စင်၍ တည်ငြိမ်နေလေသည်။ နွား၏အရောင်သည် အနီ၊ အဖြူ၊ သို့မဟုတ် အနက်ဖြစ်စေကာမူ၊ နွားနို့၏အရောင်သည် အမြဲတမ်း ဖြူနေသကဲ့သို့ပင်လျှင်။ လုပ်ရပ် အမျိုးမျိုးတို့ကြောင့်၊ ဘဝအခြေအနေများ ပြောင်းလဲသွားရာ သို့မဟုတ် လုပ်ရပ်များနှင့် အတွေးအခေါ် များကြောင့် ဖြစ်ပေါ်လာသော၊ အမျိုးမျိုးသော အကျိုးသက်ရောက်မှုများသည် အကြောင်း မဟုတ်ပါပေ။

ဟိမဝန္တာတောင်ပေါ်ရှိ၊ ရှည်လျားလှသော မြက်ပင်များအောက်တွင် ကွယ်နေသော လျှို့ဝှက် ဆန်းကြယ်သည့် ဆေးဖက်ဝင်သော အပင်အကြောင်း၊ အိန္ဒိယပုံပြင်တစ်ခု ရှိလေသည်။ ယင်းဆေးပင်ကို လူများက နှစ်ပေါင်းများစွာ ရှာဖွေခဲ့ကြသော်လည်း၊ အချည်းနှီးဖြစ်ခဲ့ပေသည်။ သို့ရာတွင်၊ နောက်ဆုံး၌

ပညာရှိတစ်ဦးက၊ ဆေးပင်၏ ချိုမြသော အမွှေးအကြိုင်အရ၊ ရှာဖွေတွေ့ရှိခဲ့လေသည်။ ၎င်းပညာရှိသည် အသက်ရှင်နေစဉ်ကာလအတွင်း၊ ဆေးပင်များကို ကောက်ယူစုဆောင်းကာ၊ အိုးတစ်လုံးတွင် ထည့်ထား လေသည်။ သို့ရာတွင်၊ ပညာရှိ ကွယ်လွန်သွားပြီး သည့်နောက်၌ ချိုမြသော ဆေးထည့်ထားသည့် အိုးသည် တောင်တန်းထဲရှိ ဂေးလံလှသော ချောင်းငယ် တခု၌၊ မည်သူမျှ ရှာမတွေ့သဖြင့်၊ ဆေးရည်များ သည်လည်း အချဉ်ပေါက်ကာ၊ ဥပါဒ် ဖြစ်စေနိုင်သည့်၊ အရသာပျက်သွားသော အရည်မျိုး ဖြစ်သွားလေ သည်။

အလားတူပင်၊ ဗုဒ္ဓသဘာဝသည် လောကီရမက်တည်းဟူသော၊ တောမြက်ရိုင်းများအောက်တွင် ကွယ်နေပြီး၊ ရှာဖွေတွေ့ရှိနိုင်ရန် လွန်စွာ ခက်ခဲလေသည်။ သို့ရာတွင်၊ ဗုဒ္ဓက ရှာဖွေတွေ့ရှိခဲ့ပြီး၊ လူသား များအား ဖော်ပြခဲ့ရာ၊ အာရုံအမျိုးမျိုးတို့ဖြင့် ခံစားကြရာ၌၊ လူတစ်ယောက်နှင့်တစ်ယောက် ခံစားရသော အရသာချင်း မတူညီကြပါပေ။

၄. အမာခံဆုံးဂုဏ္တာဖြစ်သည့် စိန်ကို ကြေမွသွားစေရန် ချေဖျက်၍ မရပါပေ။ သဲနှင့်ကျောက်ခဲများကို အမှုန့်ဖြစ်သွားအောင် ချေဖျက်၍ ရသော်လည်း၊ စိန်များကိုမူ၊ အစင်းထင်သွားစေရန် ခြစ်၍ မရနိုင်ပါပေ။ ဗုဒ္ဓသဘာဝသည် စိန်ကဲ့သို့ပင် ဖြစ်သောကြောင့်၊ ချိုးဖျက်၍ မရနိုင်ပါပေ။

ဗုဒ္ဓသဘာဝသည် အမှန်တကယ်ပင်၊ လူ့သဘာဝ၏ ကောင်းမွန်ဆုံးသော သွင်ပြင် လက္ခဏာ တစ်ခုပင် ဖြစ်လေ၏။ လူ့သဘာဝတွင်၊ ယောကျ်ားနှင့်မိန်းမကဲ့သို့သော အဆုံးမရှိသည့် အမျိုးအစားမျိုးစုံ ရှိသော်လည်း ဗုဒ္ဓသဘာဝနှင့် ပတ်သက်၍မူ၊ ကွဲပြားခြားနားမှု မရှိပါပေ။

ရွှေသတ္တုရိုင်းကို အရည်ကျို၍ မသန့်စင်သော ဂုဏ္တာပစ္စည်းအားလုံးကို ဖယ်ရှားလိုက်ခြင်းဖြင့်၊ ရွှေ အစစ်ကို ရယူနိုင်လေသည်။ အကယ်၍ လူများသည် ၎င်းတို့စိတ်ရိုင်းကို အရည်ကျို၍၊ လောကီရမက် များနှင့် ငါဟူသော အတ္တအညစ်အကြေးအားလုံးကို ဖယ်ရှားလိုက်မည် ဆိုပါက အတူတူပင်ဖြစ်သော၊ သန့်စင်သည့် ဗုဒ္ဓသဘာဝကို ဖော်ထုတ်ရယူနိုင်လေသည်။

# အခန်း လေး

# လူ့စိတ်၏အညစ်အကြေး (ကိလေသာ) များ

## I

## လူ့သဘာဝ

၁. ဗုဒ္ဓက (လူ့) သဘာဝ၏ သန့်စင်မှုကို ဖုံးလွှမ်းညစ်ညမ်းစေသော၊ လောကီရမက်များ နှစ်မျိုးနှစ်စား ရှိသည်ဟု ဟောကြားလေသည်။ ပထမတစ်မျိုးမှာ၊ ဆုံးဖြတ်ချက်ကို အရောရော အနှောနှော ရှုပ်ထွေး သွားစေသော တွေးခေါ်ဆင်ခြင်မှုရမက် ဖြစ်လေသည်။ ဒုတိယတစ်မျိုးမှာမူ၊ လူ့တန်ဖိုးများ ရောနှော ရှုပ်ထွေးသွားစေသည့်၊ စိတ်လှုပ်ရှားမှု အတွေ့အကြုံရမက် ဖြစ်လေသည်။

တွေးခေါ်ဆင်ခြင်မှုနှင့် လက်တွေ့လုပ်ဆောင်မှု နှစ်မျိုးစလုံးတို့တွင်၊ ထင်ယောင်ထင်မှား ဖြစ်ရ ခြင်းကို လူသားများ၏ ညစ်ညမ်းမှုအလုံးစုံဟု ခွဲခြားသတ်မှတ်နိုင်ကြောင်း၊ မှတ်ယူနိုင်သော်လည်း၊ အမှန် စင်စစ်မှာမူ အခြေခံအားဖြင့်၊ မူရင်း လောကီအခြေအနေ နှစ်ရပ် ရှိပေသည်။ ပထမမှာ အဝိဇ္ဇာ (ဂါ) မသိ နားမလည်မှု ဖြစ်၍ ဒုတိယမှာမူ၊ တဏှာရမက်ပင် ဖြစ်လေသည်။

တွေးခေါ်ဆင်ခြင်မှု၏ ထင်ယောင်ထင်မှားဖြစ်မှုများသည်၊ မသိနားမလည်မှုပေါ်တွင် အခြေခံ၍ လက်တွေ့လုပ်ဆောင်မှု၏ ထင်ယောင်ထင်မှားဖြစ်မှုများသည် တဏှာရမက်ပေါ်တွင် အခြေခံသဖြင့်၊ ဤ နှစ်ရပ်သော ထင်ယောင်ထင်မှား ဖြစ်မှုများသည်၊ စိတ်ဆင်းရဲမှုအပေါင်း၏ ပင်ရင်းဇစ်မြစ် ဖြစ်လေ သည်။

အကယ်၍ လူများသည် မသိနားမလည်ပါက၊ တိကျမှန်ကန်စွာနှင့် လုံခြုံစိတ်ချစွာ၊ ချင့်ချိန် စဉ်းစားနိုင်မည် မဟုတ်ပါ။ ရပ်တည်နေလိုသည့်ရမက်ကြောင့်၊ အရာဂတ္တုခပ်သိမ်းကို ဆုပ်ကိုင်ဖက် တွယ်မှုများနှင့် တွယ်တာမှုများ၊ မလွဲမသွေ ဖြစ်ပေါ်လာလေသည်။ ဤကဲ့သို့သော၊ တွေ့မြင်ကြားသိ ရသည့် သာယာနာ ပျော်ဖွယ် အရာခပ်သိမ်းကို၊ အစဉ်အမြဲ လိုလားတပ်မက်မှု မှတဆင့်၊ အလေ့အထ၏ ထင်ယောင်ထင်မှားဖြစ်မှုများ ဖြစ်ပေါ်လာလေသည်။ အချို့သော လူများသည်၊

ကိုယ်ခန္ဓာ၏ သေဆုံးမှု အတွက်၊ ဆန္ဒရမက်မျိုးပင် ရှိကြလေသည်။

ဤ မူလဇစ်မြစ်များမှ၊ အလုံးစုံသော လောဘ၊ ဒေါသ၊ မောဟ၊ ဒိဋ္ဌိ (အထင်မှားမှု)၊ ဒေါသ (မကျေနပ်မှု)၊ မနာလိုမှု၊ မြှောက်ပင့်မှု၊ လိမ်လည်မှု၊ မာန (ဘဝင်မြင့်မှု)၊ အထင်သေးမှု၊ မူးယစ်မှု၊ တစ်ကိုယ်ကောင်းဆန်မှုများ ထွက်ပေါ်လာလေသည်။

၂. မှားယွင်းသည့် ကျေနပ်မှု အတွေးအခေါ်များမှ လောဘ ထွက်ပေါ်လာလေသည်။ မိမိ၏ အကြောင်းကိစ္စနှင့် ပတ်ဝန်းကျင် အခြေအနေများအပေါ်၊ မှားယွင်းသော ထင်မြင်ယူဆချက်များ မှ ဒေါသ ထွက်ပေါ်လာလေသည်။ မှန်ကန်သော အကျင့်စရိုက်ကို ခွဲခြားဆုံးဖြတ်နိုင်စွမ်းမရှိမှုမှ၊ မိုက်မဲမှု ထွက်ပေါ်လာလေသည်။

လောဘ၊ ဒေါသနှင့် မောဟဟူသော၊ ဤအရာသုံးခုကို၊ ကမ္ဘာအရာသုံးခုကို၊ ကမ္ဘာကြီး၏ မီး သုံးပါးဟု ခေါ်လေသည်။ လောဘကြောင့် မိမိတို့၏ စိတ်ရင်းအမှန် ပျောက်ဆုံးသွားသူများသည် လောဘမီး တောက်လောင်ခြင်း ခံရလေသည်။ ဒေါသကြောင့် စိတ်ရင်းအမှန် ပျောက်ဆုံးသွားသူများ အား၊ ဒေါသမီး စွဲလောင်လေသည်။ ဗုဒ္ဓအဆုံးအမများကို ကြားနာသတိမူခြင်းမရှိမှုကြောင့်၊ စိတ်ရင်း အမှန် ပျောက်ဆုံးနေသူများအား၊ မောဟမီး စွဲလောင်လေသည်။

အမှန်မှာ၊ ဤကမ္ဘာကြီးတွင်၊ မီးမျိုးစုံ အမြောက်အများ တောက်လောင်နေလေသည်။ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ပဋိသန္ဓေမီး၊ အိုမင်းရင့်ရော်မီး၊ ဖျားနာမှုမီးနှင့် သေဆုံးမှုမီး၊ ဂမ်းနည်းကြေကွဲမှုနှင့် ဆင်းရဲဒုက္ခရောက်မှုမီး၊ နာကျင်မှုမီး စသည်ဖြင့် မီးမျိုးစုံရှိလေသည်။ နေရာတိုင်းတွင်၊ ဤမီးများ တောက်လောင်နေလေသည်။ ဤမီးများသည်၊ မိမိကိုယ်ကို တောက်လောင်ရသာမကပဲ၊ အခြားသူများ အားလည်း ဆင်းရဲဒုက္ခရောက်စေကာ၊ ကိုယ်ကာယ၊ နှုတ်ဝစီနှင့် စိတ်မနောတို့၏ မှားယွင်းမှုများကို ကျူးလွန်စေလေသည်။ ဤမီးများကြောင့် ရရှိလာသော ဒဏ်ရာများမှ ထွက်ပေါ်လာသော ပြည်သည်၊ ချဉ်းကပ်လာသူများအား ကူးစက်အဆိပ်သင့်စေကာ၊ မကောင်းသည့် လမ်းသို့ ပို့ဆောင်ပေးလေသည်။

**လူ့စိတ်၏အညစ်အကြေး (ကိလေသာ)များ**

၃. ကျေနပ်မှုမှ လောဘ၊ မကျေနပ်မှုမှ ဒေါသနှင့် မသန့်စင်သော အတွေးအခေါ်များမှ မောဟတို့ ထွက်ပေါ်လာလေသည်။ လောဘတွင်ရှိသော အညစ်အကြေးအနည်းငယ်ကို ဖယ်ရှားရန် လွန်စွာ ခဲယဉ်းလေသည်။ ဒေါသတွင် အညစ်အကြေး ပိုများသော်လည်း၊ ဖယ်ရှားပစ်ရန် လွယ်ကူလေသည်။ မောဟတွင်မူ၊ အညစ်အကြေးမြောက်များစွာရှိ၍၊ ဖယ်ရှားရန်လည်း လွန်စွာ ခက်ခဲလေသည်။

ထို့ကြောင့်၊ လူသားများသည် စစ်မှန်သည့်ကျေနပ်မှု ပိုပေးစွမ်းနိုင်သောအရာကို၊ မှန်ကန်စွာ ဆုံးဖြတ်ခြင်း၊ ဘဝ၏ မကျေနပ်ချက်များနှင့် ကြုံတွေ့ရာ၌၊ စိတ်ကို ကျပ်တည်းစွာ ချုပ်ထိန်းခြင်းနှင့်၊ စိတ်ကောင်းထားရှိခြင်းနှင့် ကြင်နာသနားခြင်း ဟူသော ဗုဒ္ဓ၏ ဟောပြောချက်များကို ပြန်ပြောင်း အမှတ်ရခြင်း တို့ဖြင့်၊ မည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို၊ ထွက်ပေါ်လာသော ဤမီးများကို ငြိမ်းသတ်သင့်ပေသည်။ စိတ်ထဲ၌ ပညာရှိ၍၊ သန့်စင်ပြီး တစ်ကိုယ်ကောင်း မဆန်သော အတွေးအခေါ်များဖြင့် ပြည့်နှက် နေပါက လောကီရမက်တဏှာများ ဖြစ်ပေါ်လာရန် နေရာရှိမည် မဟုတ်ပါပေ။

၄. လောဘ၊ ဒေါသနှင့် မောဟများသည်၊ အဖျားရောဂါနှင့် တူလေသည်။ ဤကဲ့သို့သော အဖျား ရောဂါမရှိသောသူသည် ချမ်းအေးသော ဆောင်းတွင်းည၌ လှဲလျောင်းနေစေကာမူ၊ အပူဝေဒနာ ခံစား ရပြီး၊ အိပ်ပျော်နိုင်မည် မဟုတ်ပါပေ။

ဤကဲ့သို့သော အဖျားရောဂါမရှိသောသူသည် ချမ်းအေးသော ဆောင်းတွင်းည၌ငှင်း၊ မြေပေါ်တွင် သစ်ရွက်အနည်းငယ်ဖြင့်သာ ဖုံးအုပ်ထားသည့် နေရာတွင် သော်၎င်း၊ သို့မဟုတ် ပူအိုက်သော နွေရာသီ ည၌ ပိတ်လှောင်နေသည့် အခန်းကျဉ်းထဲတွင်၎င်း၊ အေးချမ်းစွာ အိပ်ပျော်နိုင်ရန် အခက်အခဲ ရှိမည် မဟုတ်ပါပေ။

ထို့ကြောင့်၊ လောဘ၊ ဒေါသနှင့် မောဟဆိုသော် ဤသုံးခုတို့သည် လူ့ဆင်းရဲဒုက္ခအပေါင်း၏ ပင်ရင်းဇစ်မြစ်များ ဖြစ်လေသည်။ ဤဒုက္ခဇစ်မြစ်များကို စွန့်ပစ်နိုင်ရန်အတွက်၊ သီလတရားတော်ကို လိုက်နာကျင့်သုံးခြင်း၊ သမာဓိ စိတ်အာရုံစူးစိုက်မှုကို လေ့ကျင့်ခြင်းများ ပြုလုပ်ရမည့်အပြင်၊ ဉာဏ်ပညာ ရှိရမည်

ဖြစ်ပေသည်။ တရားတော်ကို လိုက်နာကျင့်သုံးခြင်းဖြင့်၊ လောဘကို ဖယ်ရှားနိုင်မည် ဖြစ်ပြီး၊ မှန်ကန်သောစိတ်၏ အာရုံစူးစိုက်မှုက ဒေါသ အညစ်အကြေးကို ဖယ်ရှား၍၊ ဉာဏ်ပညာက မိုက်မဲမှု အညစ်အကြေးကို ဖယ်ရှားမည် ဖြစ်လေသည်။

၅. လူသားတို့၏ ရမက်များသည် အဆုံး မရှိပါပေ။ ဆားငန်ရေကို သောက်သော လူတစ်ယောက်၏ ရေငတ်မှုကဲ့သို့ပင် ရေငတ်ပြေခြင်းမရှိဘဲ၊ ပို၍သာ ရေငတ်လာလေသည်။

မိမိ၏ ဆန္ဒရမက်များကို ဖြည့်စွမ်းလိုသော လူသည်လည်း၊ ထိုအတိုင်းပင် ဖြစ်ချေသည်။ မကျေနပ် မှုများသာ တိုးပွားလာ၍ ဒုက္ခများသည်လည်း အဆပေါင်းများစွာ တိုးပွားလာလေသည်။

ဆန္ဒရမက်များကို ဖြည့်စွမ်းပေးခြင်းအားဖြင့်၊ မည်သည့်အခါမျှ ရောင့်ရဲ တင်းတိမ်နိုင်မည် မဟုတ်ပါပေ။ မည်သည့်အခါမျှ လျှော့၍ မရနိုင်သော၊ မတည်ငြိမ်မှုများနှင့် စိတ်စနောင့်စနင်းဖြစ်မှုများသာ ဖြစ်ပေါ်လာပြီး လိုအင်ရမက်ကို ဖြည့်စွမ်းပေးနိုင်ခြင်းမရှိသောအခါ၊ မကြာခဏပင်၊ ရူးသွပ်သွားတတ် လေသည်။

မိမိတို့၏ ရမက်ကို ဖြည့်စွမ်းကြရန်အတွက်၊ လူသားများသည် ရုန်းကန်ကြိုးပမ်းကြ၍၊ အချင်းချင်း တိုက်ခိုက်ကြလေသည်။ ရှင်ဘုရင်နှင့်ရှင်ဘုရင်၊ အမတ်နှင့်အမတ်၊ မိဘနှင့်ကလေး၊ ညီနှင့်အစ်ကို၊ ညီမနှင့်အမ၊ သူငယ်ချင်းနှင့်သူငယ်ချင်း၊ အချင်းချင်း တိုက်ခိုက်ကြလေသည်။ ၎င်းတို့သည် မိမိတို့၏ ရမက်ကို ဖြည့်စွမ်းကြရန်အတွက်၊ အချင်းချင်း တိုက်ခိုက်ကြကာ၊ အချင်းချင်း သတ်ဖြတ်ကြသည့်အထိ ပြုလုပ်ကြရလေသည်။

လူများသည်၊ ဆန္ဒရမက်ကို ဖြည့်စွမ်းရန်၊ ကြိုးပမ်းရာ၌၊ မကြာခဏပင်၊ ဘဝပျက်စီးမှုများ ဖြစ်တတ် ကြလေသည်။ ၎င်းတို့သည် ခိုးပှက်ခြင်း၊ လိမ်လည်ခြင်းနှင့်၊ သူတပါးသားမယားကို ကျူးလွန်ခြင်းများ ပြုလုပ်ကြ၍ လက်တွေ့အဖမ်းခံရသောအခါတွင် အရှက်ကွဲခြင်းနှင့် အပြစ်ဒဏ်များကို ခံကြရလေသည်။

**လူ့စိတ်၏အညစ်အကြေး (ကိလေသာ)များ**

ရမက်အလိုလိုက်မှုကြောင့် နောက်ဆုံးတွင်၊ စိတ်မချမ်းသာမှုနှင့် ဆင်းရဲဒုက္ခ ရောက်ကြရမည်ကို ကောင်းစွာ သိရှိလျက်နှင့်ပင်၊ မိမိတို့၏ ခန္ဓာနှင့်နှုတ်တို့ဖြင့်၄င်း၊ ကိုယ်ပိုင်စိတ်ဖြင့်၄င်း၊ မကောင်းမှုများကို ကျူးလွန်တတ်ကြသဖြင့်၊ ဆန္ဒရမက်သည် ကြောက်ရွံ့ဖွယ်ရာ ကောင်းလှပေသည်။ ၄င်းနောက် နောင် ဘဝများ၌ ခံစားကြရမည့် ဆင်းရဲဒုက္ခမျိုးစုံများ၊ ထိုကဲ့သို့သော ဘဝမျိုးသို့ ကျရောက်ရမည့် ဆင်းရဲဒုက္ခ များ ဆက်တိုက်ဖြစ်ပေါ်လာလေသည်။

၆. လောကီရမက်အပေါင်းတို့တွင် ကာမရာဂသည် အပြင်းထန်ဆုံးပင် ဖြစ်လေသည်။ ကာမရာဂ နောက်တွင် အခြားသော လောကီရမက်အလုံးစုံ ရှိနေလေသည်။

အခြားသောရမက်များ ရှင်သန်ကြီးထွားစေရန်အတွက်၊ ကာမရာဂသည် ပြုစုပျိုးထောင်ပေးရာ၊ မြေသြဇာကောင်းမွန်သည့် မြေနေရာဖြစ်ဟန် ရှိလေသည်။ ကာမရာဂသည်၊ ကမ္ဘာပေါ်ရှိ ကောင်းမှု အလုံးစုံကို စားသုံးဖျက်ဆီးပစ်သော ဘီလူးမနှင့် တူလေသည်။ ကာမရာဂသည် ပန်းခြံထဲ၌ ပုန်းအောင်း နေသော အဆိပ်ပြင်းထန်သည့် မြွေဆိုးပင် ဖြစ်လေသည်။ အလှကို ရှာဖွေရန် ရောက်ရှိလာသူများအား အဆိပ်သင့်စေလေသည်။ ကာမရာဂသည် အကိုင်းအခက်အားလုံးသို့ ရစ်ခြုံတွယ်တက်၍၊ အပင်ကို သေစေသော နွယ်ပင်နှင့် တူလေသည်။ ကာမရာဂလက်များသည် လူ့စိတ်အတွင်းရှိ၊ စိတ်ကောင်းစိတ် မြတ်များသို့ ပြန့်နှံ့ရစ်နှောင်ကာ စိတ်ညှိုးကျ ပျက်စီးသွားသည်အထိ၊ စုပ်ယူဖျက်ဆီး ပစ်လေသည်။ ကာမ ရာဂသည် မာရ်နတ်သားက မြူဆွယ်ရန် ပစ်ထားသည့် အစာ ဖြစ်လေသည်။ အဘယ့်ကြောင့်ဆိုသော်၊ လူသားများသည် ၄င်းအစာကို ဟပ်စားကြခြင်းဖြင့်၊ မကောင်းသောကမ္ဘာ၏ နက်ရှိုင်းလှသော နေရာများ အထိ ဆွဲချသွားခြင်း ခံကြရသောကြောင့် ဖြစ်ပေသည်။

ခြောက်သွေ့နေသော အရိုးကို သွေးဖြင့် လူး၍ ခွေးတစ်ကောင်အား ပေးပါက ခွေးသည် မောပန်း၍ စိတ်ဓာတ်ကျဆင်းသွားသည့်အထိ၊ ၄င်းအရိုးကို ကိုက်ပေမည်။ လူသားတစ်ယောက်အတွက် ကာမရာဂသည် ဤအရိုးအတိုင်းပင် ဖြစ်လေသည်။ ကိုယ်ပမ်းစိတ်ပမ်း ကျသည့်အထိ၊ တွယ်တာ မြတ်နိုးနေမည်သာ

ဖြစ်ပေသည်။

တောရိုင်းတိရိစ္ဆာန်နစ်ကောင်အား အစာတစ်ခု ပစ်ပေးမည်ဆိုပါက၊ ၎င်းတို့သည် အစာရရန် အတွက်၊ အချင်းချင်း ခြစ်ကုတ်၊ တိုက်ခိုက်ကြမည် ဖြစ်ပေသည်။ လေစုန်ကို ဆန့်ကျင်၍၊ မီးရှူးတိုင်ကို သယ်ဆောင် သွားလောက်အောင် မိုက်မဲသောသူသည် မီးသင့်ခြင်း ခံရနိုင်ပေသည်။ ဤတောရိုင်း တိရိစ္ဆာန်နစ်ကောင်နှင့် လူမိုက်ကဲ့သို့ပင်လျှင်၊ လူသားများသည် လောကီရမက် စိတ်များကြောင့်၊ မိမိတို့ ကိုယ်ကို နာကျင်စေခြင်းနှင့် မီးသင့်စေခြင်းများကို ဖြစ်ပွားစေလေသည်။

၇. ပြင်ပကိုယ်ခန္ဓာကို အဆိပ်မြှား မထိမှန်စေရန်၊ အလွယ်တကူ ကာကွယ်နိုင်သော်လည်း၊ စိတ် တွင်းမှ ဖြစ်ပေါ်လာသော၊ အဆိပ်မြှားငယ်လေးများ မထိမှန်စေရန်အတွက်၊ စိတ်ကို ကာကွယ်ရန် မဖြစ် နိုင်ပါပေ။ လောဘ၊ ဒေါသ၊ မောဟနှင့် အတ္တ (ငါမှငါ) ဟူသော၊ အဆိပ်မြှားငယ် လေးစင်းတို့သည်၊ စိတ်အတွင်းမှ ထွက်ပေါ်လာကြ၍၊ စိတ်ကိုပြင်းထန်စွာ အဆိပ်သင့်စေလေသည်။

အကယ်၍ လူများသည် လောဘ၊ ဒေါသနှင့် မောဟအဆိပ်ဒဏ်များ သင့်နေပါက၊ ၎င်းတို့သည် လိမ်လည်ခြင်းနှင့် ကြမ်းတမ်းစွာ ဆဲဆိုခြင်းများကို ပြုလုပ်၍၊ ထို့နောက်၌ ၎င်းပြောစကားများအတိုင်း အကောင်အထည်ဖော်ကာ၊ သတ်ဖြတ်ခြင်း၊ ခိုးပုက်ခြင်းနှင့် သူတပါးသားမယားကို ကျူးလွန်ခြင်းများ ပြုလုပ်လာလေသည်။

ဤ မနောကံ (၃) ပါး၊ ဝစီကံ (၄) ပါးနှင့် ကာယကံ (၃) ပါးတို့ကို ပေါင်းစပ်လိုက်ပါက၊ ဒုစရိုက် တရား (၁၀) ပါး ဖြစ်လာလေသည်။

လိမ်လည်ပြောဆိုမှုတွင် အကျင့်ဖြစ်နေသူသည်၊ မှားယွင်းသောလုပ်ရပ်များကို သတိမမူမိဘဲ ကျူးလွန်တတ်လေသည်။ ကောက်ကျစ်စဉ်းလဲစွာ မပြုလုပ်မီ၊ လိမ်လည်ပြောဆိုရမည်ဖြစ်၍၊ စတင် လိမ်လည်ပြောဆိုသည်နှင့်၊ အစိုးရိမ်ကင်းမဲ့စွာဖြင့်၊ ကောက်ကျစ်စဉ်းလဲစွာ ပြုကျင့်တတ်လေသည်။

လောဘ၊ တဏှာ၊ ကြောက်ရွံ့ခြင်း၊ ဒေါသ၊ ကံဆိုးခြင်း၊ စိတ်မချမ်းသာခြင်း၊

စသည်တို့သည် မောဟမှ ထွက်ပေါ်လာခြင်း ဖြစ်သည်။ ထို့ကြောင့်၊ မောဟသည် အပြင်းထန်ဆုံးသော အဆိပ်အာ တောက်ပင် ဖြစ်ပေသည်။

၈. လိုအင်ရမက်မှ ကံပါလာသည်။ ကံမှဆင်းရဲဒုက္ခလိုက်ပါလာသည်။ လိုအင်ရမက်၊ ကံနှင့် ဆင်းရဲ ဒုက္ခတို့သည် ထာဝရလည်ပတ်နေသော ချားရဟတ်နှင့် တူလေသည်။

ဤရဟတ်၏ လည်ပတ်မှုသည် အဆုံးအစ မရှိပါပေ။ လူများသည်၊ ဤကဲ့သို့သော သံသရာလည်မှု မှ မည်ကဲ့သို့ လွတ်မြောက်နိုင်အံ့နည်း။ အဆုံးအစမရှိသော သံသရာထဲတွင် တစ်ဘဝပြီး တစ်ဘဝ ဆက်လက် ဖြစ်ပေါ်နေလေသည်။

ဘဝသံသရာ တစ်လျှောက်လုံးရှိ၊ မိမိ၏ အရိုးနှင့်ပြာများကို စုပုံလိုက်မည်ဆိုပါက၊ ယင်းအပုံကြီး သည် တောင်ကြီးတစ်ခုစာမျှ မြင့်ပေမည်။ ဘဝသံသရာတစ်လျှောက်လုံး၌ စို့ခဲ့သော မိခင်များ၏ နို့ရည် များကို စုဆောင်းခံယူထားမည် ဆိုပါက၊ ပင်လယ်ရေထက်ပင် နက်ပေမည်။

လူအားလုံးတို့တွင် ဗုဒ္ဓဖြစ်စဉ်၏ သဘာဝမျိုးရှိကြသော်လည်း၊ လောကီရမက် အညစ်အကြေးထဲ၌၊ အထူးနက်ရှိုင်းစွာ နစ်မြုပ်နေသဖြင့်၊ ကာလကြာရှည်စွာပင် မသိဘဲ ရှိနေခဲ့လေသည်။ ထို့ကြောင့် ၊ လူ တိုင်းတွင် ဆင်းရဲဒုက္ခရောက်မှုနှင့် ဆင်းရဲနွံချာလှသော ဘဝများ အဆုံးအစမရှိ အဖန်တလဲလဲ ဖြစ်ပေါ် နေခြင်း ဖြစ်လေသည်။

# II
# လူ့စရိုက်

၁. လူ့သဘာဝသည်၊ အဝင်ဂ မရှိ၍ ဖောက်ထွင်းဝင်ရောက်ရန် ခက်ခဲသော ထူပြစ်လှသည့် ချုံဖုတ်နှင့် တူလေသည်။ ယှဉ်ကြည့်ပါက၊ တိရိစ္ဆာန်တစ်ကောင်၏ သဘာဝကို နားလည်နိုင်ရန် ပိုမို လွယ်ကူလေသည်။ သို့တိုင်အောင်ပင်၊ ကျွန်ုပ်တို့သည် ယေဘုယျအားဖြင့်၊ သိသာထင်ရှားသည့် ခြားနား ချက်လေးရပ်အရ၊ လူ့သဘာဝကို ခွဲခြားသတ်မှတ်နိုင်လေသည်။

ပထမအချက်မှာ၊ မှားယွင်းသော သွန်သင်ဆုံးမမှုများကြောင့်၊ ပြင်းထန်စွာ ကြိုးပမ်း လေ့ကျင့် ကာ၊ ဆင်းရဲဒုက္ခရောက်ကြရသူများ ဖြစ်လေသည်။ ဒုတိယမှာ ရက်စက်ကြမ်းကြုတ်မှု၊ ခိုးပုက်မှု၊ သတ်ဖြတ်မှု၊ သို့မဟုတ် အခြားသောသူများအား ဆင်းရဲဒုက္ခရောက်စေသူများ ဖြစ်လေသည်။ တတိယမှာ မိမိနှင့်အတူ အခြားသောသူများကိုပါ၊ ဆင်းရဲဒုက္ခရောက်စေသူများ ဖြစ်သည်။ စတုတ္ထမှာ မိမိကိုယ်တိုင် ဆင်းရဲဒုက္ခမဖြစ်ဘဲ၊ အခြားသောသူများအား ဆင်းရဲဒုက္ခမှ ကူညီကယ်တင်သူများ ဖြစ်လေ သည်။ နောက်ဆုံးအမျိုးအစားလူများသည်၊ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို လိုက်နာကျင့်သုံးခြင်းဖြင့်၊ လောဘ၊ ဒေါသ၊ သို့မဟုတ် မောဟအလိုသို့ မလိုက်ကြဘဲ၊ သတ်ဖြတ် ခြင်းနှင့် ခိုးပုက်ခြင်း ကင်းမဲ့သော အေးချမ်းသော ဘဝမျိုးတွင် နေထိုင်ကြလေသည်။

၂. ကမ္ဘာပေါ်တွင် လူသုံးမျိုး ရှိလေသည်။ ပထမအမျိုးမှာ ကျောက်ဆောင်ပေါ်တွင် ထွင်းထားသော စာလုံးများနှင့် တူသည့် လူများ ဖြစ်လေသည်။ ၎င်းတို့သည် အလွယ်တကူ အမျက်ထွက်ကြ၍၊ ဒေါသ ထွက်သော အတွေးအခေါ်များကို အချိန်ကြာရှည်စွာ ထိန်းသိမ်းကြသူများ ဖြစ်လေသည်။ ဒုတိယအမျိုး မှာ သဲထဲတွင် ရေးသားထားသော စာလုံးများနှင့် တူသော လူများ ဖြစ်လေသည်။ ၎င်းတို့သည် ဒေါသ ထွက်ကြသော်လည်း၊ အမျက်ထွက်သော အတွေးအခေါ်များ အလွယ်တကူ ပျောက်ကွယ်သွားသူများ ဖြစ်လေသည်။ တတိယအမျိုးမှာ စီးဆင်းနေသော ရေထဲတွင် ရေးထားသည့်စာလုံးများနှင့်

တူလေသည်။ ခေါင်းထဲ ဝင်လာသော အတွေးအခေါ်များကို ထိန်းထားနိုင်ခြင်း မရှိကြပါပေ။ ဆဲဆိုစော်ကားခြင်းနှင့် မကောင်းသော ကောလာဟလ စကားများကိုလည်း သတိမမူကြပါပေ။ ၎င်းတို့၏ စိတ်သည် အစဉ်အမြဲပင် သန့်စင်၍ တုန်လှုပ်ခြင်း မရှိကြပါပေ။

နောက်ထပ် လူမျိုးသုံးမျိုး ရှိကြပေသေးသည်။ ပထမအမျိုးမှာ ဘဝင်မြင့်၍၊ အဆင်ခြင် ကင်းမဲ့စွာ ပြုမူကြပြီး၊ မည်သည့်အခါမျှ ကျေနပ်မှုမရှိသူများ ဖြစ်လေသည်။ ၎င်းတို့၏ သဘာဝကို သိရှိနားလည် နိုင်ရန် လွယ်ကူပေသည်။ ၎င်းနောက်၊ ယဉ်ကျေးသိမ်မွေ့၍ အမြဲပင် ဆင်ခြင်တုံတရားဖြင့် ပြုမူတတ်သူ များ ရှိလေသည်။ ၎င်းတို့၏ သဘာဝကို သိရှိနားလည်နိုင်ရန် ခက်ခဲပေသည်။ တတိယအမျိုးမှာ၊ မိမိတို့၏ ဆန္ဒရမက်ကို လုံးဝအောင်နိုင်သူများ ဖြစ်ကြလေသည်။

# III

# လူ့ဘဝ

၁. လူ့ဘဝအကြောင်း သရုပ်ဖော်ထားသည့် ပုံပြင်တခု ရှိလေသည်။ တရံရောအခါက၊ မြစ်တခုထဲ တွင် ရေစုန်အတိုင်း လှော်ခတ်စီးဆင်းနေသူ လူတစ်ယောက် ရှိလေသည်။ ကမ်းပေါ်တွင် ရှိနေသူ တစ်ဦး က၊ ၎င်းအား အော်ဟစ်သတိပေးလေသည်။ လျင်မြန်လှသော ရေစီးအလိုက် ပျော်ရွှင်စွာ လှော်ခတ် နေခြင်းကို ရပ်ဆိုင်းပါလော့၊ အကွေ့တွင် လှိုင်းတံပိုးနှင့် အန္တရာယ်ကြီးမားလှသော ရေဝဲသြဃသည် ၎င်း၊ ကျောက်ဂူများထဲတွင် အဆင်သင့် စောင့်မျှော်နေကြသော မိကျောင်းများနှင့် ဘီလူးသူရဲများသည် ၎င်း ရှိနေကြပေသည်။ အသင်သည် ဆက်လက် လှော်ခတ်သွားမည် ဆိုပါက၊ သေဆုံးသွားပေလိမ့်မည်။

ဤပုံပြင်ထဲရှိ `လျင်မြန်လှသော ရေစီးကြောင်း´ သည် ကာမရာဂဖြင့် အပြည့်ဖြစ်သော ဘဝပင် ဖြစ်သည်။ `ပျော်ရွှင်စွာလှော်ခတ်ခြင်း´ သည် လောကီရမက်များကို ချုပ်ထိန်းခြင်း ဖြစ်သည်။ `အကွေ့ တွင်ရှိသော

လှိုင်းတံပိုးများ´ ဟူသည်မှာ နောင်တွင် ဖြစ်ပေါ်ခံစားရမည့် ဆင်းရဲဒုက္ခများနှင့် နာကျင်မှု ဝေဒနာများ ဖြစ်သည်။ `ရေဂဲသြဃ´ မှာ ပျော်ရွှင်မှု ဖြစ်၍၊ `မိကျောင်းများနှင့် ဘီလူးသူရဲများ´ မှာ တဏှာ နှင့်အပျော်လိုက်မှု ဘဝ၏ နောက်၌လိုက်ပါလာသော ပျက်စီးခြင်းနှင့် သေဆုံးခြင်း ဖြစ်လေသည်။ သတိ ပေးပြောဆိုသော `ကမ်းပေါ်မှလူတစ်ဦး´ မှာ ဗုဒ္ဓပင် ဖြစ်သည်။

အခြားသော ပုံပြင်တစ်ခုလည်း ရှိလေသည်။ ပြစ်မှုတစ်ခုကို ကျူးလွန်မိသော လူတစ်ယောက် သည် ထွက်ပြေးတိမ်းရှောင်နေ၏။ အစောင့်များ လိုက်လာသဖြင့်၊ ၄င်းသည် ပုန်းအောင်းနေရန်၊ ကြိမ်ပင် အချို့ကို တွယ်၍၊ ရေတွင်းတစ်ခုထဲသို့ ဆင်းသွားလေသည်။ ထိုကဲ့သို့ ဆင်းသွားစဉ်၊ ရေတွင်းအောက်၌ မြွေဆိုးများကို တွေ့မြင်ရသဖြင့်၊ ၄င်းသည် ကြိမ်ပင်များကို တွဲလောင်း ဖက်တွယ်နေရန် ဆုံးဖြတ်လိုက် လေသည်။ အချိန်အတန် ကြာလာ၍ လက်ပမ်းကျလာသောအခါ၌၊ ၄င်းသည် ကြိမ်ပင်ကို ကိုက်နေသော ကြွက်နစ်ကောင်၊ အဖြူနှင့်အနက်တို့ကို သတိပြုမိလေသည်။

ကြိမ်ပင် ပြတ်သွားမည်ဆိုပါက၊ ၄င်းသည် မြွေဆိုးများရှိရာသို့ ကျဆင်းသွားကာ၊ သေဆုံးသွားပေ လိမ့်မည်။ ရုတ်တရက် အပေါ်သို့ မော့ကြည့်လိုက်သောအခါ၌၊ ၄င်း၏ မျက်နှာအနီး၌၊ မကြာမကြာ ပျားရည်စက်များ ကျလာသော ပျားအုံတစ်ခုကို တွေ့မြင်ရလေသည်။ ၄င်းလူသည် ဘေးအန္တရာယ် အပေါင်းကို မေ့လျော့ကာ၊ ပျားရည်ကို ဂမ်းမြောက်ဂမ်းသာ သောက်သုံးလေသည်။

`လူတစ်ယောက်´ ဆိုသည်မှာ၊ မွေးဖွားလာပြီးနောက် ဆင်းရဲဒုက္ခရောက်ကာ၊ တစ်ယောက်တည်း သေဆုံးရမည့်လူကို ဆိုလိုပေသည်။ `အစောင့်များ´ နှင့် `မြွေဆိုး´ များမှာ၊ လောဘရမက် အပြည့် ဖြစ်နေ သော ကိုယ်ခန္ဓာကို ရည်ညွှန်းလေသည်။ `ကြိမ်ပင´ များမှာ၊ လူ့ဘဝများ ဆက်မပြတ် တည်ရှိမှုကို ဆိုလို သည်။ `အဖြူနှင့်အနက် ကြွက်၂ကောင်´ မှာ နေ့နှင့်ည အချိန်ကို ဆိုလို၍၊ အချိန်ကာလပင် ဖြစ်သည်။ `ပျားရည်´ မှာ နစ်ကာလကြာရှည်စွာ ဆင်းရဲဒုက္ခ `ရောက်နေမှုများကို မေ့ပျောက်သွားစေရန် လှည့်စား တတ်သော ကိုယ်ခန္ဓာရုပ်၏ ပျော်ပါးမှုများ ဖြစ်လေသည်။

**လူ့စိတ်၏အညစ်အကြေး (ကိလေသာ)များ**

၂. နောက်ထပ်ပုံပြင်တစ်ခု ရှိသေး၏။ ရှင်ဘုရင်တစ်ပါးသည် မြွေဆိုးလေးကောင်ကို သေတ္တာတစ်ခုထဲတွင် ထည့်ကာ၊ ကောင်းမွန်စွာ ထိန်းသိမ်းကြည့်ရှုထားပါရန်၊ အစေခံတစ်ယောက်ထံ ပေးအပ်ထား လေသည်။ မြွေဆိုးများကို ကောင်းမွန်စွာ စောင့်ရှောက်ကြည့်ရှုထားရန်နှင့် အကယ်၍ မြွေဆိုးတစ်ကောင်ကောင်အား စိတ်ဆိုးအောင် ပြုမူမည် ဆိုပါက၊ သေဒဏ်ပေးမည်ဟု ရှင်ဘုရင်က မိန့်တော်မူ လေသည်။ အစေခံသည် ကြောက်ရွံ့လှသဖြင့်၊ သေတ္တာကိုပစ်ပြီး ထွက်ပြေးတိမ်းရှောင်နေရန် ဆုံးဖြတ် လိုက်လေသည်။

ဘုရင်သည် အစေခံအား ဖမ်းဆီးလာစေရန် အစောင့်ငါးယောက်ကို စေလွှတ်လိုက်လေသည်။ ၎င်းတို့သည် အစပထမ၌၊ လုံခြုံစွာ ဖမ်းဆီးခေါ်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့် အစေခံထံသို့၊ ချစ်ကြည်ရင်းနှီးဟန်ဖြင့် ချဉ်းကပ်လာကြလေသည်။ သို့ရာတွင် အစေခံက မယုံသဖြင့်၊ အခြားသော ကျေးရွာတစ်ခုသို့ ထွက်ပြေးသွားလေသည်။

ဤရွာထဲတွင် အသံတစ်ခုက လုံခြုံစိတ်ချရသည့် နေရာမရှိကြောင်းနှင့် လူဆိုးဓားပြ ခြောက် ယောက်တို့က ၎င်းအား တိုက်ခိုက်လိမ့်မည်ဟု ပြောသဖြင့်၊ အစေခံသည် အထူး ကြောက်လန့်တုန်လှုပ် စွာ ထွက်ပြေးသွားပြန်ရာ၊ ရေစီးကြမ်းတမ်းလှသော မြစ်တစ်ခုနားသို့ ရောက်ရှိသွားလေသည်။ နောက်၌ လိုက်ပါလာမည့် အန္တရာယ်များအကြောင်းကို တွေးတောကာ၊ ၎င်းသည် ဖောင်ငယ်တစ်ခု ဖွဲ့၍၊ ရေစီးကြမ်းတမ်းလှသောမြစ်ကို အောင်မြင်စွာ ဖြတ်ကူးနိုင်သဖြင့်၊ နောက်ဆုံးတွင် လုံခြုံမှုနှင့်ငြိမ်းချမ်းမှုတို့ကို ရနိုင်ခဲ့လေသည်။

`သေတ္တာထဲရှိ မြွေဆိုးလေးကောင်´ ဟူသည်မှာ၊ ကိုယ်ခန္ဓာကို ဖွဲ့စည်းထားသော ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး ဖြစ်လေသည်။ ကိုယ်ခန္ဓာကို တဏှာရာဂ အုပ်စိုးသဖြင့်၊ စိတ်၏ ရန်သူ ဖြစ်လေသည်။ ထို့ကြောင့် ၎င်းသည် ကိုယ်ခန္ဓာနှင့် ဝေးကွာရာသို့ ထွက်ပြေးခြင်း ဖြစ်လေသည်။

`ချစ်ခင်ရင်းနှီးဟန်ဖြင့် ချဉ်းကပ်လာသော အစောင့်ငါးယောက်´ မှာ၊ ကိုယ်ခန္ဓာနှင့် စိတ် တို့ကို ပေါင်းစပ်ထားသော ပုံစံ၊ ခံစားချက်၊ သိရှိမှု၊ စိတ်ကြိုက်ပြုခြင်းနှင့် သတိရှိမှုများ ဖြစ်လေသည်။

`လုံခြုံသောနေရာ´ မှာ အာရုံခြောက်ပါး ဖြစ်ပုံ၊ အမှန်မှာ လုံခြုံမှု မရှိပါပေ။ `လူဆိုးဓါးပြ ခြောက် ယောက်´ မှာ အာရုံခြောက်ပါးဖြင့် ခံစားနိုင်သော၊ အရာဝတ္ထု ခြောက်ခု ဖြစ်လေသည်။ ထို့ကြောင့်၊ အာရုံ ခြောက်ပါးအတွင်းရှိ အန္တရာယ်များကို တွေ့မြင်ကာ၊ ၎င်းသည် ထပ်မံထွက်ပြေး တိမ်းရှောင်လာ၍ လောကီရမက်များဖြစ်သည့် ကြမ်းတမ်းလှသော ရေစီးကြောင်းသို့ ရောက်ရှိလာလေသည်။

၎င်းနောက်၊ သူသည် ဗုဒ္ဓ၏ ကောင်းမွန်သော သွန်သင်ဆုံးမမှု ဖောင်ငယ်ကို ဖွဲ့ကာ၊ ကြမ်းတမ်းလှသော ရေစီးကြောင်းကို ဖြတ်ကျော်လေသည်။

၃. သားက မိခင်ကို မကယ်နိုင်ဘဲ၊ မိခင်ကလည်း သားကို မကယ်နိုင်သော ဘေးအန္တရာယ်များလှ သည့်အခါသုံးရပ် ရှိလေသည်။ ၎င်းတို့မှာ၊ မီးလောင်ခြင်း၊ ရေကြီးခြင်းနှင့် ဓါးပြတိုက်ခြင်းတို့ ဖြစ်လေသည်။ သို့တိုင်အောင်ပင်၊ တစ်ယောက်နှင့်တစ်ယောက်၊ အချင်းချင်း ကူညီကယ်တင်ရန် အခွင့်အလမ်း ရှိပေသည်။

သို့ရာတွင်၊ သားနှင့်မိခင်တို့၊ အပြန်အလှန် ကယ်ဆယ်နိုင်ခြင်း မရှိသောအခါ သုံးပါး ရှိလေသည်။ ၎င်းတို့မှာ၊ ဖျားနာသည့်အခါ၊ အသက်ကြီးရင့်လာသည့်အခါနှင့် သေဆုံးချိန်တို့ ဖြစ်လေသည်။

အိုမင်းရင့်ရော်လာနေသော မိခင်၏ နေရာ၌ သားငယ်သည် အဘယ်ကဲ့သို့ အစားထိုး ဝင်ရောက် နိုင်ပါသနည်း။ ဖျားနာနေသောသား၏ နေရာ၌ မိခင်သည် အဘယ်ကဲ့သို့ အစားထိုး ဝင်ရောက်နိုင်ပါသ နည်း။ သေဆုံးချိန် ရောက်လာသောအခါ၌ တစ်ဦးက တစ်ဦးအား အဘယ်ကဲ့သို့ ကူညီနိုင်ပါသနည်း။ ထိုကဲ့သို့သောအခါမျိုးများ၌၊ မိခင်နှင့်သားတို့သည် တစ်ဦးနှင့်တစ်ဦး မည်မျှပင် ချစ်ခင်ကြင်နာကြစေကာ မူ၊ အချင်းချင်း ကူညီပေးနိုင်ခြင်း မရှိကြပါပေ။

၄. တစ်ခါက၊ ငရဲမင်းကြီးယမသည် ငရဲပြည်သို့ ရောက်လာသော လူတစ်ယောက်အား၊ ၎င်းအသက် ရှင်စဉ်က ကျူးလွန်ခဲ့သော မကောင်းမှုများအကြောင်းနှင့် ပတ်သက်၍၊ အထက်ကောင်းကင်ဘုံမှ

စေတမန်တော်သုံးဦးအား တွေ့ခဲ့ဖူးပါသလားဟု မေးလေသည်။ ထိုလူက `ယင်းကဲ့သို့သော လူမျိုးကို တစ်ခါမျှ မတွေ့ဘူးပါဘုရား´ ဟု ပြန်လည်ဖြေကြားလေသည်။

ထိုအခါ၊ ယမမင်းက၊ အသက်ကြီးရင့်၍ ခါးကုန်းနေကာ၊ တုတ်ကောက်ဖြင့် လမ်းလျှောက်ရသော လူအိုကို တွေ့ဖူးပါသလားဟု မေးပြန်လေသည်။ ၎င်းလူက `မှန်လှပါဘုရား၊ ထိုကဲ့သို့သော လူများကို ကြိမ်ဖန်များစွာ တွေ့ခဲ့ဖူးပါသည်။´ ဟု ပြန်လည်ဖြေကြားလေသည်။ ထိုအခါ ယမမင်းက `အသင်သည် ယခုအပြစ်ဒဏ်ကို ခံရခြင်းမှာ လူအိုဖြစ်မလာမီ နေထိုင်မှု ဘဝလမ်းကြောင်းကို လျှင်မြန်စွာ ပြုပြင်ပြောင်း လဲပါဟု၊ သတိပေးရန်အတွက် သင့်ထံသို့ စေလွှတ်လိုက်သော ယင်းလူအိုမှတဆင့်၊ အထက် ကောင်းကင်ဘုံမှ တမန်တော်ကို အသင် မသိသောကြောင့် ဖြစ်သည်။´ ဟု ပြောလေသည်။

ဆင်းရဲဖျားနာကာ၊ မိတ်ဆွေသူငယ်ချင်းမရှိသော လူမျိုးကို တွေ့မြင်ဖူးပါသလားဟု ယမမင်းက ၎င်းအား ထပ်မံမေးမြန်လေသည်။ ၎င်းလူက `မှန်ပါဘုရား ထိုကဲ့သို့သော လူမျိုးကို မြောက်များစွာ တွေ့မြင်ဖူးပါသည်´ ဟု ဖြေကြားလေသည်။ ထိုအခါ ယမမင်းက `ဤနေရာသို့ အသင် ရောက်လာခြင်းသည် အသင်၏ ကိုယ်ပိုင်ဖျားနာမှုကို သတိပေးရန်အတွက်၊ ယင်းလူနာများမှတဆင့် စေလွှတ်လိုက်သော တမန်တော်များကို အသင် မသိသောကြောင့် ဖြစ်သည်´ ဟု ပြောလေသည်။

နောက်တဖန်၊ ယမမင်းက လူသေအား တွေ့ဖူးပါသလားဟု ၎င်းအား မေးပြန်လေသည်။ ၎င်းက `မှန်ပါဘုရား၊ လူသေအမြောက်အများကို တွေ့မြင်ဖူးပါသည်´ ဟုဖြေလေသည်။ ထိုအခါ၊ ယမမင်းက `ဤလူသေများမှတဆင့်၊ သင့်ထံသို့စေလွှတ်ခဲ့သော တမန်တော်များကို အသင် မသိသည့်အတွက်၊ ယခုနေရာသို့ ရောက်လာရခြင်း ဖြစ်ပေသည်။ အကယ်၍သင်သည် ယင်းတမန်တော်များကို သိရှိ မှတ်မိမည် ဆိုပါက၊ ၎င်းတို့၏ သတိပေးချက်များကို သတိမူကာ လမ်းစဉ်ကို ပြောင်းလဲကျင့်သုံးခဲ့မည် ဆိုပါက၊ ဤငရဲပြည်သို့ ရောက်ရှိလာမည် မဟုတ်´ ဟု ပြောလေသည်။

၅. တရံရောအခါက၊ ကြွယ်ဝချမ်းသာသော လူတစ်ဦး၏ ဇနီးဖြစ်သူ ကိသာဂေါတမီသည် ကလေး ဆုံးသွားသဖြင့်၊ ရူးသွပ်သွားလေသည်။ သူမသည်၊ ကလေးအလောင်းကို ထွေးပိုက်ကာ၊ တစ်အိမ်ဝင် တစ်အိမ်ထွက် သွားရောက်ပြီး၊ ကလေးငယ်ကို ကုသပေးပါရန်၊ တောင်းပန်ပြောဆိုလေသည်။

မည်သူမျှ၊ သူမအား ကူညီပေးနိုင်ခြင်း မရှိကြပါပေ။ နောက်ဆုံးတွင် ဗုဒ္ဓ၏ တပည့်တစ်ဦးက၊ ဇေတဝန်ကျောင်း၌ သီတင်းသုံးနေသော ဗုဒ္ဓထံ သွားရောက်တွေ့ဆုံပါရန် သူမအား အကြံပေးလေ သည်။ ထို့ကြောင့်၊ သူမသည် သေဆုံးနေသော ကလေးငယ်ကို ထွေးပိုက်လျက်၊ ဗုဒ္ဓထံသို့ ရောက်ရှိ လာလေသည်။ ဗုဒ္ဓသည် သူမအား ကြင်နာကရုဏာဖြင့် ဤသို့ မြွက်ကြားလေသည်။

`ဤကလေးကို ကုသပေးရန်အတွက်၊ ကျွန်ုပ်သည် မုန်ညှင်းစေ့ အနည်းငယ်ကို လိုအပ်ပါသည်။ သေခြင်း တစ်ခါမျှ မရှိဘူးသော အိမ်အချို့သို့ သွားရောက်ကာ၊ မုန်ညှင်းစေ့ ၄-၅စေ့မျှ တောင်းယူလာပါ။´

ထို့ကြောင့်၊ သားသေခြင်းကြောင့် ဂမ်းနည်းနေသော အမျိုးသမီးသည် သေခြင်းတစ်ခါမျှ မရှိဖူး သော နေအိမ်ကို သွားရောက်ရှာဖွေလေသည်။ သို့ရာတွင်၊ အချည်းနှီးသာဖြစ်ချေ၏။ နောက်ဆုံးတွင် သူမသည် ဗုဒ္ဓထံသို့သာ ပြန်လာခဲ့ရလေသည်။ တည်ငြိမ်အေးချမ်းလှသော ဗုဒ္ဓ၏ ရှေ့တော်မှောက်တွင် သူမ၏ စိတ်သည်လည်း ကြည်လင်ကောင်းမွန်လာပြီး၊ ဗုဒ္ဓ၏ မြွက်ကြားချက် အနက်အဓိပ္ပါယ်များကို နားလည်သဘောပေါက်လာလေသည်။ သူသည် ကလေးအလောင်းကို ယူဆောင်သွားကာ၊ သင်္ဂြိုလ်ပြီးစီး ပြီးနောက်၊ ဗုဒ္ဓထံသို့ ပြန်လာကာ၊ ဗုဒ္ဓ၏ တပည့်တော်မတစ်ဦး ဖြစ်လာလေသည်။

# IV

# လူ့ဘဝ၏ဖြစ်ရပ်မှန်များ (ဘဝတစ်ခု၏ သီအိုရီ)

၁. ဤကမ္ဘာပေါ်ရှိ လူသားများသည်၊ တစ်ကိုယ်ကောင်းဆန်ခြင်း ဖြစ်တတ်ကြ၍ ကိုယ်ချင်းစာနာမှု ကင်းမဲ့တတ်ကြလေသည်။ ၄င်းတို့သည် အချင်းချင်း၊ ချစ်ခင်မှုနှင့် လေးစားမှုမျိုးကို မသိကြပါပေ။ ၄င်းတို့ သည် အသေးအဖွဲကိစ္စရပ်များအပေါ် ငြင်းခုန်ကြခြင်းဖြင့်၊ နာကျင်ခံစားမှုများသာ ဖြစ်ပေါ်ကာ၊ ဘဝသည် လည်း ပျော်ရွှင်မှု မရှိသော သံသရာထဲတွင် တဝဲလည်လည် ဖြစ်နေလေသည်။

၄င်းတို့သည် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ငွေကြေးအကြောင်း ပူပန်ကြလေသည်။ ၄င်းတို့သည် ဆင်းရဲဒုက္ခ ခံစားကြရသကဲ့သို့၊ ကြွယ်ဝ ချမ်းသာသည့် ဒုက္ခကိုလည်း ခံကြရလေသည်။ လောဘ၏ နှိပ်စက်မှုကို ခံနေကြရသော ၄င်းတို့၏ ဘဝသည် မည်သည့်အခါမျှ တင်းတိမ်ရောင့်ရဲမှု၊ ကျေနပ်မှု၊ ငြိမ်သက်သာယာမှု မရှိကြပါပေ။

ချမ်းသာသော လူတစ်ယောက်သည်၊ ၄င်း၏မြေ၊ အိမ်နှင့်တကွ အခြားသော ဥစ္စာပစ္စည်းများ အတွက် စိုးရိမ်ပူပန်တတ်လေသည်။ ၄င်းသည် ပျက်စီးဆုံးရှုံးမှု ဖြစ်လာမည်။ နေအိမ် မီးလောင်သွား မည်၊ ဓါးပြအတိုက်ခံရမည်၊ ပြန်ပေးဆွဲခြင်းခံရမည်တို့ကို စိုးရိမ်နေလေသည်။ ၄င်းသည် သေခြင်းနှင့် ရွှေငွေပစ္စည်းများ ခွဲဝေပေးမှုတို့အတွက် ပူပန်နေလေသည်။ အမှန်မှာ၊ ၄င်းသည် မရဏလမ်းစဉ်ကို တစ်ယောက်တည်းသာ လျှောက်လှမ်းရမည် ဖြစ်ပြီး၊ မည်သူမျှ လိုက်ပါလာမည် မဟုတ်ပါပေ။

မရှိဆင်းရဲသောလူသည် အမြဲပင် မလုံမလောက်ဖြစ်နေသ၍ မြေနှင့်အိမ် ရရှိလိုခြင်း စသဖြင့်၊ အဆုံးအစ မရှိသော ဆန္ဒရမက်များ ဖြစ်ပေါ်လာလေသည်။ လိုချင်တပ်မက်မှု ပြင်းထန်လှသဖြင့်၊ ၄င်းသည် ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ကာ၊ ဘဝသက်တမ်း တစ်ဝက်လောက်၌ပင် သေဆုံးသွား တတ်လေသည်။

ကမ္ဘာကြီးတခုလုံးက ၄င်းအား ဆန့်ကျင်နေသယောင်ဖြစ်ကာ၊ မရဏလမ်းကြောင်းမှာလည်း အဖော်မရှိသည့်၊ ရှည်လျားလှသော ခရီးသဖွယ်

ပျင်းရိခြောက်သွေ့ဖွယ်ရာ ဖြစ်လေသည်။

၂. ဤကမ္ဘာပေါ်တွင် မကောင်းမှုငါးရပ် ရှိလေသည်။ ပထမမှာ ရက်စက်မှု ဖြစ်လေသည်။ သတ္တဝါမှန် သမျှတို့သည် ပိုးမွှားများပင်လျှင်၊ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်ယှဉ်ပြိုင် ရန်းကန်ကြရလေသည်။ သန်မာသူ က အားနည်းသူကို တိုက်ခိုက်၍၊ အားနည်းသူက သန်မာသူကို လိမ်လည်လှည့်စားလေသည်။ နေရာ တိုင်းတွင် တိုက်ခိုက်မှုနှင့် ရက်စက်မှုများ ရှိနေလေသည်။

ဒုတိယမှာ၊ ဖခင်တစ်ဦးနှင့်သားတစ်ဦးတို့၏ အခွင့်အရေးများအကြား၊ ထင်ရှားပြတ်သားသော နယ်နိမိတ်စည်းမျဉ်းမျိုး မရှိမှုပင် ဖြစ်လေသည်။ အစ်ကိုနှင့်ညီအကြား၌၊ လင်နှင့်မယား အကြား၌၊ အသက်ကြီးသောဆွေမျိုးနှင့် အသက်ငယ်သောဆွေမျိုးအကြား၌ ထိုကဲ့သို့သော နယ်နိမိတ်စည်းမျဉ်းမျိုး မရှိပါပေ။ အချိန်အခါတိုင်း၌၊ တစ်ဦးက အမြင့်ဆုံးနေရာတွင် ရှိလိုပြီး၊ အခြားသူများထံမှ အမြတ်ထုတ်လို လေသည်။ ၎င်းတို့သည် တစ်ဦးနှင့်တစ်ဦး လိမ်လည်လှည့်ဖျားကြ၍ လှည့်စားမှုရှိပြီး စိတ်ကောင်း စေတနာ ခေါင်းပါးကြလေသည်။

တတိယမှာ ယောကျ်ားနှင့် မိန်းမတို့၏ အပြုအမူများအကြား၌၊ တိကျပြတ်သားသော နယ်နိမိတ် စည်းမျဉ်းများ မရှိမှုပင် ဖြစ်လေသည်။ လူတိုင်းလူတိုင်းသည် တစ်ချိန်ချိန်က မသန့်စင်ဘဲ၊ ကာမရာဂမျိုး ဖြစ်သော အတွေးအခေါ်များနှင့် ဆန္ဒများ ရှိခဲ့ဖူးပြီး၊ ထိုမှတဆင့် မကောင်းသော လုပ်ရပ်များနှင့်၊ မကြာခဏ အငြင်းပွားမှု၊ ခိုက်ရန်ဖြစ်ပွားမှု၊ မတရားမှုနှင့် ကောက်ကျစ်မှုများကို ကျူးလွန်တတ်ကြလေ သည်။

စတုတ္ထမှာ လူများသည် အခြားသော သူများ၏ အခွင့်အရေးကို မလေးစားသည့် သဘာဝမျိုး ရှိ တတ်ကြ၍ အခြားသူများကို ဓားစာခံပြုကာ၊ မိမိ၏ အရေးပါမှုကို ချဲ့ထွင်ပြောဆိုခြင်း၊ မကောင်းသော အပြုအမူများကို ပြုကျင့်ခြင်းနှင့် မတရားပြောဆိုတတ်သဖြင့်လည်း၊ အခြားသူများအား လှည့်စားခြင်း၊ မကောင်းကြောင်း ပြောဆိုခြင်းနှင့် ဆဲဆိုခြင်းများ ပြုလုပ်တတ်ကြလေသည်။

**လူ့စိတ်၏အညစ်အကြေး (ကိလေသာ)များ**

ပဋ္ဌမမှာ၊ လူများသည် အခြားသူများအပေါ် ထားရှိရမည့် တာဝန်ဝတ္တရားများကို လျစ်လျူရှုတတ် သည့် သဘောရှိလေသည်။ ၎င်းတို့သည် မိမိတို့၏ ကိုယ်ပိုင်ဆန္ဒများနှင့် သက်သာရေးများကိုသာ၊ အလေးပေးလွန်းလှသဖြင့်၊ သူတပါး၏ ကျေးဇူးများကို မေ့လျော့ကာ၊ မတရားမှုကြီးများအထိ ဖြစ်ပွား လာသည့်တိုင်အောင်၊ အခြားသူများအား စိတ်အနှောင့်အယှက် ပေးတတ်ကြ လေသည်။

၃. လူတို့သည်၊ တစ်ယောက်နှင့်တစ်ယောက်၊ ပိုမိုကိုယ်ချင်းစာသင့်ပြီး၊ ကောင်းမွန်သော အမူအကျင့်များအတွက် ပိုမိုလေးစားသင့်ကာ၊ အခက်အခဲ ကြုံချိန်၌ ၊ အချင်းချင်း ကူညီသင့်ကြလေသည်။ သို့ရာတွင်၊ ၎င်းတို့သည် တစ်ကိုယ်ကောင်းဆန်၍ အသဲနှလုံး မာကြောကြလေသည်။ ၎င်းတို့သည် အချင်းချင်း ချွတ်ယွင်းချက်များအတွက် အထင်သေး၍၊ အခွင့်သာမှုများအတွက် မနာလို မုန်းတီးကြလေ သည်။ ဤကဲ့သို့သော၊ အထင်သေးမှု၊ မုန်းတီးမှုများသည် အများအားဖြင့် အချိန် ကြာမြင့်လာသည်နှင့် အမျှ ပိုမိုကြီးထွားလာပြီး အတန်ကြာသောအခါ မခံမရပ်နိုင် ဖြစ်လာတတ်လေသည်။

ဤကဲ့သို့သော မကြိုက်မနှစ်သက်မှု၊ ခံစားချက်များသည် အကြမ်းဖက် လုပ်ဆောင်မှုများဖြင့် ချက်ချင်းကုန်ဆုံးသွားခြင်း မရှိပါပေ။ ယင်းတို့သည် ဘဝကို၊ မုန်းတီးမှုနှင့်ဒေါသဖြစ်မှု ခံစားချက်ရမက် များဖြင့် အဆိပ်အတောက် ဖြစ်စေကာ၊ စိတ်ထဲ၌ အထူးနက်ရှိုင်းစွာ စွဲငြိနေသဖြင့်၊ နောင်ဘဝများ တိုင်အောင်၊ ပါသွားတတ်လေသည်။

အမှန်စင်စစ်မှာ၊ ဤကာမရာဂ ကမ္ဘာကြီးတွင် လူတစ်ဦးသည်၊ တစ်ဦးတည်းသာ မွေးဖွားလာပြီး၊ တစ်ဦးတည်းသာ သေဆုံးရ၍၊ နောင်ဘဝ၌ ခံရမည့်ဒဏ်ကို မည်သူ တစ်ဦးတစ်ယောက်ကမျှ ပိုင်းခံမည် မဟုတ်ပါပေ။

အကျိုးနှင့်အကြောင်းတရားသည်၊ နေရာတိုင်း၌ မှန်လေသည်။ လူတိုင်းသည် ၎င်း၏ ဒုစရိုက် ဝန်ထုပ်ကို သယ်ပိုးကာ၊ ဝဋ်ခံရမည် ဖြစ်ပေသည်။ ဤ အကျိုးနှင့်အကြောင်းတရားသည် ကောင်းသော လုပ်ရပ်များ အတွက်လည်း

အကျိုးဝင်လေသည်။ ကိုယ်ချင်းစာနာမှုနှင့် ကြင်နာမှု ရှိသော ဘဝသည် ချမ်းသာကြွယ်ဝခြင်းနှင့် ပျော်ရွှင်ခြင်းရလဒ်ကို ပေးလေသည်။

၄. နှစ်ကာလ ကျော်လွန်လာသည်နှင့်အမျှ လောဘ၊ အလေ့အထနှင့် ဆင်းရဲဒုက္ခများဖြင့်၊ ကျပ်တည်းစွာ နှောင်ဖွဲ့နေသော ဖြစ်ရပ်ကို တွေ့မြင် သိရှိလာကြသော လူများသည်၊ အထူးဝမ်းနည်းမှုနှင့် စိတ်ဓာတ်ကျဆင်းမှုများ ဖြစ်လာတတ်လေသည်။ မကြာခဏပင်လျှင်၊ စိတ်ဓာတ်ကျဆင်းမှုနှင့်အတူ ၎င်းတို့သည် ခိုက်ရန်ဖြစ်ပွားကြ၍၊ ဒုစရိုက်မှုများကို ပိုမိုကျူးလွန်လာကြကာ၊ မှန်ကန်သော လမ်းစဉ် လျှောက်လှမ်းရေးကို၊ လက်လွှတ်တတ်ကြလေသည်။ မကြာခဏပင်လျှင်၊ ၎င်းတို့၏ ဘဝသည်လည်း၊ ကောက်ကျစ်စဉ်းလဲမှု ကာလတွင်း၌ပင် စောလျင်စွာ ကုန်ဆုံးသွားကြပြီး၊ ထာဝရဒုက္ခ ခံကြရလေသည်။

ဤကဲ့သို့သော ကံမကောင်းမှုနှင့် ဆင်းရဲဒုက္ခများကြောင့်၊ စိတ်ဓာတ် ကျဆင်းခြင်းသည် အထူးပင် သဘာဝမကျလှ၍ အထက်ကောင်းကင်နှင့် ကမ္ဘာဟူသော ဓမ္မတရားနှင့်လည်း ဗီလာ ဆန့်ကျင်ဖြစ်နေ သဖြင့်၊ ဤလောကတွင် သာမက၊ သေဆုံးပြီးနောက်ပိုင်း လောကများတွင်လည်း ဒုက္ခခံစားရမည် ဖြစ် လေသည်။

ဤဘဝတွင် ရှိသောအရာခပ်သိမ်းသည်၊ တည်မြဲမှုမရှိဘဲ၊ မရေရာမှုများနှင့်သာ ပြည့်နှက်နေ သည်မှာ မှန်ကန်သော်လည်း၊ ဤအချက်ကို လျစ်လျူရှုကာ၊ မိမိ၏ လိုအင်ဆန္ဒများကို ဖြည့်စွမ်းရန်နှင့် ပျော်ရွှင်မှုများကို ရှာကြံရန်၊ ဆက်လက် ကြိုးပမ်းနေခြင်းမှာ ဝမ်းနည်းဖွယ်ရာ ဖြစ်လေသည်။

၅. ဆင်းရဲဒုက္ခသာဖြစ်သော ဤလောကကြီးတွင်၊ လူများက တစ်ကိုယ်ကောင်း ဆန်စွာ၊ ငါတည်း ဟူသော ကိုယ်ကျိုးအတွက် စဉ်းစား၊ ပြုမူကြခြင်းမှာ သဘာဝပင်ဖြစ်၍၊ ထိုကဲ့သို့ပြုမူခြင်းကြောင့်၊ ဆင်းရဲ ဒုက္ခများနှင့် စိတ်ချမ်းသာမှုများ ဖြစ်ပေါ်လာခြင်းမှာလည်း သဘာဝပင် ဖြစ်လေသည်။

လူများသည်၊ မိမိကိုယ်အလေးပေး၍ အခြားသူများအား လျစ်လျူရှုလေသည်။

**လူ့စိတ်၏အညစ်အကြေး (ကိလေသာ)များ**

လူများသည်၊ ၎င်းတို့၏ လိုအင်ဆန္ဒများကို၊ လောဘ၊ တဏှာနှင့် မကောင်းမှု အလုံးစုံအထိ ဖြစ်ပွားစေတတ်လေသည်။ ဤကဲ့သို့သော အကြောင်းများကြောင့်၊ ၎င်းတို့သည် အဆုံးအစမရှိ ဒုက္ခ ခံစားကြရလေသည်။

ကြွယ်ဝချမ်းသာသော အချိန်ကာလများသည်၊ တာရှည်မခံပါပေ။ လျှင်မြန်စွာ ကုန်ဆုံးသွားတတ် လေသည်။ ဤလောကတွင် မည်သည့်အရာကိုမျှ၊ တာရှည်စွာ ခံစား စံစားနိုင်ခြင်း မရှိပါပေ

၆. ထို့ကြောင့်၊ ငယ်ရွယ်ကျန်းမာစဉ်၊ လူများသည် ၎င်းတို့၏ လောဘနှင့် လောကီရေးရာ သံယောဇဉ် များကို စွန့်လွှတ်ဖြတ်တောက်သင့်ကြပြီး၊ အမှန်တရားကို စိတ်အားထက်သန်စွာဖြင့် ရှာကြံသင့်ကြလေ သည်။ အဘယ်ကြောင့်ဆိုသော်၊ အမှန်တရားမှအပ၊ တာရှည်တည်မြဲသော မှီခိုအားထားရာ၊ သို့မဟုတ် ပျော်ရွှင်မှုများ မရှိသောကြောင့် ဖြစ်ပေသည်။

သို့ရာတွင်၊ လူတိုင်းလိုလိုတို့သည် ဤအကျိုးနှင့် အကြောင်းတရားကို မယုံကြည်ခြင်း၊ သို့မဟုတ် လျစ်လျူရှုခြင်း ပြုတတ်ကြလေသည်။ ၎င်းတို့သည် ကောင်းမှုပြုပါက၊ ချမ်းသာပျော်ရွှင်မှု ရရှိ၍ မကောင်း မှုပြုပါက၊ ဆင်းရဲဒုက္ခရောက်မည် ဟူသောအချက်ကို မေ့လျော့နေကြကာ၊ လောဘနှင့် တစ်ကိုယ် ကောင်းဆန်မှု အလေ့အထများအတိုင်း ဆက်လက်ပြုကျင့် ကြလေသည်။ ဤဘဝ၌ လုပ်ဆောင်မှုများက၊ နောင်ဘဝတွင် အကျိုး သက်ရောက်မှု ရှိပြီး၊ ကောင်းကျိုးပေးမည် သို့မဟုတ် ဝဋ်ခံရမည် စသည်တို့ကို လည်း၊ ၎င်းတို့သည် အမှန်တကယ် ယုံကြည်ခြင်း မရှိကြပါပေ။

၎င်းတို့သည်၊ ၎င်းတို့၏ ဆင်းရဲဒုက္ခများကို ညည်းတွားပြောဆို၊ ငိုယိုတတ်ကြသော်လည်း၊ ပစ္စုပ္ပန်လုပ်ရပ်များက နောင်ဘဝများအပေါ်၊ အကျိုးသက်ရောက်မှုရှိပုံနှင့်၊ ၎င်းတို့၏ ဆင်းရဲဒုက္ခများ သည် ယခင်ဘဝဟောင်းက လုပ်ရပ်များနှင့် ဆက်စပ်နေပုံများကို လုံးဝ နားမလည်ကြပါပေ။ ၎င်းတို့သည် ပစ္စုပ္ပန်ဆန္ဒများနှင့် ဆင်းရဲဒုက္ခအကြောင်းများကိုသာ စဉ်းစားကြလေသည်။

ဤလောကကြီးတွင် မည်သည့်အရာမျှ တာရှည်တည်မြဲမှု၊ သို့မဟုတ်

ထာဝရတည်မြဲမှု မရှိကြပါ ပေ။ အရာခပ်သိမ်းသည် ခေတ္တခဏမျှသာ ဖြစ်၍ အစဉ်အမြဲ ပြောင်းလဲနေပြီး ဟောကိန်းထုတ်၍ မရပါ ပေ။ သို့ရာတွင်၊ လူများသည် မသိနားမလည်ကြဘဲ၊ တစ်ကိုယ်ကောင်းဆန်ကြ၍၊ ခဏတာမျှသာ ဖြစ်သော လိုအင်ဆန္ဒများနှင့် ဆင်းရဲဒုက္ခများအကြောင်းကိုသာ စဉ်းစားတွေးတောကြလေသည်။ ၎င်းတို့ သည် ကောင်းသောသွန်သင်ဆုံးမမှုများကို နားမဆင်ပဲ၊ နားလည်ရန်လည်း မကြိုးစားကြပါပေ။ ၎င်းတို့ သည် ပစ္စုပ္ပန်အကျိုး၊ စည်းစိမ်ဉစ္စာနှင့် ကာမရာဂများကို လွယ်လင့်တကူ ရှာကြံလိုက်စားကြလေသည်။

၇. ရှေးပဝေသဏီကပင်လျှင်၊ မရေမတွက်နိုင်သော လူများသည်၊ မရေရာမှုနှင့် ဆင်းရဲဒုက္ခဖြစ်သော ဤကမ္ဘာကြီးတွင် မွေးဖွားလာခဲ့ပြီး ဖြစ်ကြ၍၊ ယခုထက်တိုင် မွေးဖွား နေကြဆဲဖြစ်သည်။ သို့ရာတွင်၊ ကမ္ဘာကြီးတွင် ဗုဒ္ဓ၏ သွန်သင် ဟောပြောမှုနှင့်၊ လူများက ယင်းဟောပြောမှုများကို ယုံကြည်လိုက်နာကာ၊ ကယ်တင်ခြင်းခံနိုင်မှု ရှိနေခြင်းမှာ၊ ကံကောင်းလှပေသည်။

ထို့ကြောင့် လူများသည်၊ နက်နဲစွာ ဆင်ခြင်စဉ်းစား၍ စိတ်များကို သန့်စင်စွာနှင့် ကိုယ်ခန္ဓာများကို ကျန်းမာကောင်းမွန်စွာ ထိန်းသိမ်းထားရှိပြီး လောဘနှင့် မကောင်းမှုများမှ ရှောင်ကွင်းကာ၊ ကောင်းမှုကို ရှာကြံသင့်ကြလေသည်။

ကံအားလျော်စွာပင်၊ ကျွန်ုပ်တို့အတွက်၊ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများ ရှိနေလေသည်။ ကျွန်ုပ်တို့သည် ဗုဒ္ဓ၏ သန့်စင်သော ကမ္ဘာတွင် မွေးဖွားလာရန် အတွက်၊ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို ယုံကြည်ရ မည် ဖြစ်ပေသည်။ ဗုဒ္ဓ၏ ဆုံးမမှုများကို သိရှိနေလျက်နှင့်၊ ကျွန်ုပ်တို့သည် အခြားသော သွန်သင်မှုများ အရ၊ လောဘနှင့်ဒုစရိုက်လမ်းစဉ်များသို့ အလိုက်မမှားကြဘဲ မိမိ တစ်ကိုယ်တည်း သာလျှင်၊ ဗုဒ္ဓ၏ ဟောပြောမှုများကို လိုက်နာကျင့်သုံးခြင်း မပြုမူ၍ အခြားသူများ ထံသို့လည်း ဖြန့်ဝေသင့်လေသည်။

# အခန်း ၄း

# ဗုဒ္ဓ၏ကယ်တင်မှု

(ဤအခန်းတွင်ပါဝင်သော အကြောင်းအရာ အများစုသည် မဟာယာန အယူအဆများဟု မှတ်ယူနိုင်ပေသည်။ တည်းဖြတ်ရေးအဖွဲ့)

## I

## အမိတာဘဗုဒ္ဓ၏ သံန္နိဋ္ဌာန်များ

၁. ရှင်းလင်းဖော်ပြခဲ့ပြီး ဖြစ်သည့်အတိုင်း၊ လူများသည် အစဉ်ထာဝရပင်၊ လောကီရမက်များကို တပ်မက်လိုက်စားခြင်း၊ ဒုစရိုက်များကို တစ်ခုပြီးတစ်ခု ကျူးလွန်ခြင်းနှင့်၊ သည်းငြီးမခံနိုင်သော လုပ်ရပ် ဝန်ထုပ်များကို သယ်ပိုးကာ မိမိတို့၏ ကိုယ်ပိုင်စွမ်းအား၊ သို့မဟုတ် အသိဉာဏ်များဖြင့် ဤလောဘနှင့် အလိုလိုက်မှု အလေ့အထများအား ဖြတ်တောက်နိုင်ခြင်း မရှိကြပါပေ။ လောကီရမက်များကို ထိန်းချုပ် ခြင်းနှင့် ဖယ်ရှားပစ်ခြင်းများကို မပြုလုပ်နိုင်ပါက၊ အဘယ်သို့လျှင် မိမိတို့၏ စစ်မှန်သော ဗုဒ္ဓဖြစ်စဉ် သဘာဝကို ဖော်ထုတ်နိုင်ရန် မျှော်လင့်နိုင်ပါမည်နည်း။

လူ့သဘာဝကို ကောင်းစွာ သိကျွမ်းနားလည်သော ဗုဒ္ဓသည် လူသားများအပေါ် အထူး ကြင်နာ သနားမှု ရှိ၍၊ လူသားများ၏ စိုးရိမ်ကြောက်ရွံ့မှုများနှင့် ဆင်းရဲဒုက္ခများမှ ကယ်တင်ရန်အတွက်၊ မိမိအဖို့ အထူး ပင်ပန်းခက်ခဲစေကာမူ၊ တတ်စွမ်းသ၍ ကြိုးပမ်းဆောင်ရွက်မည် ဖြစ်ကြောင်း၊ သံန္နိဋ္ဌာန်ချခဲ့လေသည်။ ဤကဲ့သို့ ကယ်တင်ရေးကို အကောင်အထည် ဖော်နိုင်ရန်အတွက်၊ ဗုဒ္ဓသည် ရှေးလွန်လေပြီးသော ဘဝပေါင်းများစွာကပင်လျှင်၊ ဗောဓိသတ်ဘုရားလောင်းအဖြစ်၊ အောက်ပါ သံန္နိဋ္ဌာန်ကြီး ဆယ်ရပ်ကို ချမှတ်ခဲ့လေသည်။ (ထေရဝါဒနှင့် ကွဲလွဲနေသော အကြောင်းအရာများ ပါရှိပါသည်။ တည်းဖြတ်ရေး အဖွဲ့)

(က) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင်၊ ကမ္ဘာလောကရှိ လူအားလုံးတို့က၊ ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိရန်နှင့် အမှန်တရားကို သိရှိရန်၊

သေချာခြင်း မရှိပါက၊ ငါသည် အကျွတ်တရား မရပြီ။

(ခ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း ငါ၏ မှန်ကန်ခိုင်မြဲသော အလင်းရောင်က၊ ကမ္ဘာတစ်ပုမ်းလုံးအား ထွန်းလင်းပေးနိုင်ခြင်း မရှိပါက၊ အကျွတ်တရား မရပြီ။

(ဂ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင် ငါ၏ အသက်သည် ထာဝရ တည်မြဲနေ၍ မရေမတွက် နိုင်လောက်အောင် များပြားသော လူများအား ကယ်တင်နိုင်ခြင်း မရှိပါက အကျွတ်တရား မရပြီ။

(ဃ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း အရပ်ဆယ်မျက်နှာမှ ဗုဒ္ဓအပေါင်းတို့က ငါ၏ အမည် ကို တစ်ပေါင်းတစ်စည်းတည်း ဂိုင်းဂန်းချီးကျူးခြင်း မရှိပါက အကျွတ်တရား မရပြီ။

(င) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင် ငါ၏ သွန်သင်ဟောပြောမှုများကို အမှန်တကယ် ယုံကြည်၍ ငါ၏ နိုင်ငံတွင် ပြန်လည်မွေးဖွားလာနိုင်ရန်၊ ငါ၏ အမည်ကို ယုံကြည်စိတ် အပြည့်ဖြင့် ဆယ်ကြိမ်ခေါ် ဂေါ် ကာ ကြိုးပမ်းကြ၍ ထိုအတိုင်း အောင်မြင်စွာ မွေးဖွားလာနိုင်ခြင်း မရှိပါက ငါသည် ပြီးပြည့်စုံမည် မဟုတ်ပါပေ။

(စ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း နေရာတိုင်းရှိ လူများက အမှန်တရားကို ရရှိစေရန် ဆုံးဖြတ်ကြ၍ ကုသိုလ်ကောင်းမှုပြုကာ၊ ငါ၏ နိုင်ငံ၌ ပြန်လည်မွေးဖွားလာလိုသည့် စစ်မှန်သော စိတ်ထားမျိုးများ မရှိမချင်း၊ ငါသည် ပြီးပြည့်စုံမည် မဟုတ်ပါပေ။ ၎င်းတို့ သေဆုံးမည့်အချိန်၌ ငါသည် ဗောဓိသတ် အမြောက်အများခြံရံလျက် ၎င်းတို့အား ငါ၏ သန့်စင်သောနိုင်ငံသို့ ကြိုဆိုရန် ထွက်ပေါ်လာ မည် ဖြစ်သည်။

(ဆ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင်အောင် လူသား အားလုံးတို့က ငါ၏ အမည်ကို ကြားနာ ၍ ငါ၏ နိုင်ငံအကြောင်း တွေးတောကာ၊ ငါ၏နိုင်ငံ၌ ပြန်လည်မွေးဖွားလာလိုခြင်း၊ ထိုကဲ့သို့ ဖြစ်နိုင်စေရန် စိတ်ကောင်း စေတနာဖြင့် ကောင်းမှုပြုခြင်း၊ ယင်းမှသည် မိမိတို့၏ လိုအင်ဆန္ဒအပေါင်းကို အောင်မြင်စွာ ဖြည့်စွမ်းနိုင်ခြင်းမရှိပါက ငါသည် ပြီးပြည့်စုံခြင်း မရှိပါပေ။

(ဇ) ငါသည်ဘုရားအဖြစ် ရရှိသည် မှန်သော်လည်း ငါ၏သာသနာ

အတွင်းမှာ ဖြစ်သောသူတို့၊ နောက်နောင်ဘ၀ ဘုရားဖြစ်မည့် ဇာတိမျိုးရိုး အဆင့်အတန်းရမည်ဟု ဆိုစေကာမူ မပြည့်စုံ။ ဤကိစ္စမှာ အောက်ပါပုဂ္ဂိုလ်များကို ချွင်းချက်မှတ်ယူရပေမည်။ သစ္စာအဓိဋ္ဌာန် ပြုထားသူများ (ဘုရားဆုပန်ထားသူများ)၊ လူအများ ကောင်းကျိုးအတွက် သစ္စာအဓိဋ္ဌာန် ပါရမီဆုတောင်းထားသူများ၊ အများအကျိုး လိုလားဆောင်ရွက်သူများ၊ လောက၏ ငြိမ်းချမ်းမှုကို လိုလားသူများ၊ လူအများအကျိုးအတွက် ဦးစီး ရှေ့ဆောင်ပြုမည့်သူများ၊ မေတ္တာ၊ ကရုဏာ ကြီးမားစွာဖြင့် ကောင်းမှု ဆောင်ရွက်လိုသူများတို့ကို ဆိုလို သည်။

(ဈ) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသည့်တိုင်အောင် ကမ္ဘာပေါ်ရှိ လူသားအားလုံးတို့က ငါ၏ ချစ် ကြင်နာမှု ကရုဏာစိတ်များဖြင့် လွှမ်းမိုးခြင်းခံရကာ ၎င်းတို့၏ ကိုယ်ခန္ဓာများနှင့် စိတ်များကို သန့်ရှင်း စင်ကြယ်စေ၍ လောကီရေးရာများ၏ အထက်သို့ မိမိတို့ကိုယ်ကို မြှင့်တင်နိုင်ခြင်း မရှိပါက၊ ငါသည် အကျွတ်တရား မရပြီ။

(ည) ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ ရောက်ရှိသော်လည်း လူသားခပ်သိမ်းတို့က ငါ၏ အမည်ကို ကြားသိ၍၊ အသက်ရှင်ခြင်းနှင့်သေခြင်း သဘောတရား အစစ်အမှန်များကို ရရှိကာ၊ ကမ္ဘာလောကရှိ လောဘနှင့် ဆင်းရဲဒုက္ခများအလယ်၌ ၎င်းတို့၏ စိတ်များကို သန့်စင်တည်ငြိမ်စွာ ထိန်းထားနိုင်မည့် အပြစ်ကင်းစင် သော အသိဉာဏ်မျိုး ရရှိခြင်း မရှိပါက ငါသည် အကျွတ်တရား မရပြီ။

"ထို့ကြောင့် ငါသည် ဤအဓိဋ္ဌာန်များကို ချမှတ်သည်။ ယင်းအဓိဋ္ဌာန်များကို ဖြည့်စွမ်းနိုင်ခြင်းမရှိ မီ၊ ငါသည် ဗုဒ္ဓဖြစ်စဉ်သို့ မရောက်ပါစေနှင့်။ ငါသည် အကန့်အသတ်မရှိသော အလင်းရောင်၏ ပင်မ ဖြစ်လာ၍ ငါ၏ အသိဉာဏ်နှင့် ပါရမီအလင်းရောင်ခြည်များကို ထုတ်လွှတ်ကာ၊ ကမ္ဘာ အပေါင်းအား ထွန်းလင်းစေနိုင်ပြီး၊ ဆင်းရဲဒုက္ခရောက်နေသူအားလုံးတို့အား ကယ်တင်လွတ်မြောက်နိုင်ပါစေ။"

၂. ဤသို့ဖြင့် မခန့်မှန်းနိုင်လောက်အောင် ကြာရှည်သော နှစ်ကာလများ တစ်လျှောက်၊ များပြား လှသည့်ပါရမီများကို ဖြည့်ဆည်းစုဆောင်းလာခြင်းဖြင့် ၎င်းသည် အမိတာဘဗုဒ္ဓ သို့မဟုတ် အဆုံးအစ မရှိသော အလင်းရောင်နှင့်

အကန့်အသတ် မရှိသော ဘဂ၏ ဗုဒ္ဓဖြစ်လာ၍ မိမိ၏ ကိုယ်ပိုင်သန့်စင်သော ဗုဒ္ဓနိုင်ငံကို အပြီးသတ် တည်ဆောက်ကာ၊ ယခုအခါတွင် ယင်း ငြိမ်းချမ်းသည့် ကမ္ဘာထဲ၌ နေထိုင်လျက်၊ လူသားအားလုံးတို့အား အလင်းရောင်ပေးနေလေသည်။

ဆင်းရဲဒုက္ခကင်းမဲ့သော၊ ဤသန့်စင်ကမ္ဘာသည် အမှန်ပင် အငြိမ်းချမ်းဆုံးနှင့် အပျော်ရွှင်ဆုံး ဖြစ် လေသည်။ ဤကမ္ဘာတွင် နေထိုင်သူ အားလုံးတို့က ဆန္ဒရှိမည်ဆိုပါက အဂတ်အစား၊ စားသောက်ဖွယ်ရာနှင့် လှပသည့် အရာခပ်သိမ်းတို့သည် ထွက်ပေါ်လာလေသည်။ ကျောက်မျက်ရတနာများ အပြည့် သီးပွင့်နေသော သစ်ပင်များကို ညင်သာသည့်လေညှင်း တိုက်ခိုက်သွားသောအခါ အာကာသ လေဟာပြင်တစ်ခုလုံး၌ ဗုဒ္ဓဟောပြောချက် တေးသံများ ပျံ့နှံ့သွားပြီး၊ ကြားရသူအပေါင်း၏ စိတ်ကို သန့်စင်ပေးလေသည်။

ဤသန့်စင်ကမ္ဘာတွင် မွှေးကြိုင်လှသော ပဒုမ္မာကြာပန်း အမြောက်အများရှိနေ၍ ပန်းပွင့်တိုင်း၌ အဖိုးတန်ပွင့်ဖတ်များ ပြည့်နှက်နေကာ၊ ပွင့်ဖတ်တစ်ခုချင်းစီသည်လည်း မဖော်ပြနိုင်လောက်သော အလှ မျိုးဖြင့် တောက်ပနေလေသည်။ ဤကြာပန်းပွင့်များ၏ တောက်ပမှုသည် အသိဉာဏ် လမ်းကြောင်းကို ထွန်းလင်းစေ၍၊ ဗုဒ္ဓ၏ ဆုံးမဟောပြောမှုတေးသံကို နားဆင်သူတို့သည်လည်း လုံးဝငြိမ်းချမ်းမှု ရရှိကြ လေသည်။

၃. ယခုအခါတွင် အရပ်ဆယ်မျက်နှာတို့မှ ဗုဒ္ဓများသည် ဤအဆုံးအစမရှိသော အလင်းရောင် နှင့် အကန့်အသတ်မရှိသော ဘဂ၏ ဗုဒ္ဓပါရမီတော်များကို ကောင်းချီးသြဘာပေးနေကြလေသည်။

ဤဗုဒ္ဓ၏ အမည်နာမကို ကြားရသူတိုင်းသည် ဂမ်းမြောက်ဂမ်းသာဖြင့် ယုံကြည်လက်ခံ၍ ဗုဒ္ဓ၏ စိတ်နှင့်ထပ်တူထပ်မျှဖြစ်ကာ၊ ဗုဒ္ဓ၏ သန့်စင်သော ကမ္ဘာတွင် မွေးဖွားလာမည် ဖြစ်ပေသည်။

ဤသန့်စင်ကမ္ဘာတွင် မွေးဖွားလာသူတို့သည် ဗုဒ္ဓ၏ အကန့်အသတ်မရှိသော ဘဂတွင် ပါဂင် ဆင်နွှဲနိုင်ကြ၍၊ ဆင်းရဲဒုက္ခရောက်နေသူများအား သနားကြင်နာစိတ်များ ချက်ချင်းပွားများလာကာ ဗုဒ္ဓ၏ ကယ်တင်မှု

နည်းလမ်းမျိုးဖြင့် သွားရောက်ကယ်တင်ကြလေသည်။

ဤသံနိဋ္ဌာန်များကို ချမှတ်ခဲ့ရာတွင် လောကီသံယောဇဉ်အပေါင်းကို ဖြတ်တောက်ထား၍ ဤ ကမ္ဘာကြီး၏ မတည်မြဲမှု (ဂါ) အနိစ္စကို အသိအမှတ်ပြုထားလေသည်။ ၎င်းတို့သည် ဘဂအပေါင်း၏ လွတ်မြောက်မှုကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ထား၍ မိမိတို့၏ ကိုယ်ပိုင်ဘဂများကို အခြားသော ဘဂများနှင့် ပေါင်းစည်းကာ၊ အတူတကွ ဒုက္ခခံထားသော်လည်း တစ်ချိန်တည်းမှာပင် ဤလောကီဘဂ၏ ချည်နှောင်မှုများနှင့် သံယောဇဉ်မှ လွတ်ကင်းမှုကို ဖြစ်ထွန်းစေလေသည်။

၎င်းတို့သည် လောကီဘဂ၌ ရှိသော အတားအဆီးများနှင့် အခက်အခဲများကို သိရှိသကဲ့သို့ပင် ဗုဒ္ဓ၏ အတိုင်းအဆ မရှိသော မေတ္တာကရုဏာတော်ကိုလည်း သိရှိကြလေသည်။ ၎င်းတို့သည် လွတ်လပ်စွာ သွားလာခြင်း၊ ရှေ့သို့တိုးခြင်း၊ သို့မဟုတ် ရပ်ခိုင်းခြင်း ပြုလုပ်နိုင်ကြသော်လည်း ဗုဒ္ဓ၏ ကရုဏာတော် ထားရှိသောသူများနှင့် အတူနေရန် ရွေးချယ်ကြလေသည်။

ထို့ကြောင့် ဤ အမိတာဘဗုဒ္ဓ၏ အမည်ကို ကြားသိရသူမှန်သမျှက ယင်းအမည် ကို ယုံကြည်စွာ ရွတ်ဆိုမည်ဆိုပါက ထိုသူသည် ဗုဒ္ဓ၏ ကရုဏာတော်ကို ခံယူရမည် ဖြစ်ပေသည်။ ထို့ကြောင့်၊ လူ အပေါင်းတို့သည် ဗုဒ္ဓ၏ ဆုံးမမှုကို နားဆင်သင့်ကြ၍၊ ဤသေခြင်းနှင့် ရှင်ခြင်းကမ္ဘာကို ဖုံးအုပ် လောင်ကျွမ်းနေသော မီးတောက်များအတွင်းသို့ ထပ်မံ ဂင်ရောက် ရသယောင်ရှိစေကာမူ ဗုဒ္ဓ၏ ဆုံးမမှု များအတိုင်း လိုက်နာကျင့်သုံးသင့်ပေသည်။

အကယ်၍ လူများသည် အမှန်တကယ်ပင် အမှန်တရားကို ရရှိလိုစိတ် ပြင်းထန်ကြပါက ၎င်းတို့ သည် ဤဗုဒ္ဓ၏ စွမ်းအားအပေါ် မှီခိုကြရမည် ဖြစ်ပေသည်။ သာမန်လူတစ်ဦးသည် ဤဗုဒ္ဓ၏ ကူညီမှုကို မရယူပဲနှင့် ၎င်း၏ အမြင့်မားဆုံးဖြစ်သော ဗုဒ္ဓသဘာဂကို ရယူနိုင်မည် မဟုတ်ပါပေ။

၄. အမိတာဘဗုဒ္ဓသည် မည်သူနှင့်မျှ အလှမ်းမဝေးပါပေ။ ဗုဒ္ဓ၏ သန့်စင်မှုကမ္ဘာသည် အနောက်ဖက် ဝေးလံလှသော နေရာ၌ ရှိသည်ဟု

ဖော်ပြကြသော်လည်း ထိုကမ္ဘာတွင် မွေးဖွားလာရန် စိတ်ဆန္ဒ ပြင်းပြသူများ၏ စိတ်ထဲ၌လည်း ရှိနေပေသည်။

လူတစ်ဦးတစ်ယောက်က ရွှေရောင်တစ်လက်လက်ဖြင့်၊ တင့်တယ်စွာ တောက်ပနေသော အမိတာဘဗုဒ္ဓ၏ ရုပ်ပုံတော်ကို စိတ်ထဲတွင် မှန်းကြည့်သောအခါ ယင်းရုပ်ပုံတော်သည် ရုပ်ပုံပေါင်း ရှစ်သောင်းလေးထောင် ကွဲသွားပြီး ရုပ်ပုံတစ်ခုချင်းစီမှ အလင်းရောင်ခြည်ပေါင်း ရှစ်သောင်းလေးထောင် ထုတ်လွှတ်ကာ အလင်းရောင်ခြည်တစ်ခုစီသည် ကမ္ဘာတစ်ခုအား ထွန်းလင်းစေ၍၊ ဗုဒ္ဓနုဿတိ ဘာဝနာ ပွားများနေသော မည်သူတစ်ဦးတစ်ယောက်ကိုမျှ အမှောင်ထဲ၌ ချန်လှပ်ထားမည် မဟုတ်ပါပေ။ ဤသို့ ဖြင့် ဤဗုဒ္ဓသည် လူသားများအား ၎င်း၏ ကယ်တင်မှုကို ခံယူနိုင်ရန် ကူညီပေးလေသည်။

ဗုဒ္ဓ၏ ရုပ်ပုံကို ဖူးမြင်ခြင်းအားဖြင့် ဗုဒ္ဓ၏ စိတ်ကို နားလည်နိုင်လေသည်။ ဗုဒ္ဓ၏ စိတ်သည် လူ အားလုံးအပေါ် အထူးမေတ္တာကရုဏာထား၍၊ ယုံကြည်စွာ အမှတ်ရနေသူများ ထက်ပင်လျှင် မသိနား မလည်သူ၊ သို့မဟုတ် မေ့လျော့နေသူများအားပင် ပိုမို ကရုဏာထားလေသည်။

ဗုဒ္ဓသည် ယုံကြည်သက်ဝင်သူများအား ဗုဒ္ဓနှင့် အတူဖြစ်လာရန် အခွင့်အလမ်းပေးလေသည်။ ဤဗုဒ္ဓသည် အလုံးစုံပေါင်းစပ်ပါဝင်သော ညီမျှမှုဖြစ်သဖြင့် ဗုဒ္ဓအား စဉ်းစားသူ မှန်သမျှအား ဗုဒ္ဓက စဉ်းစား၍ ၎င်း၏ စိတ်ထဲသို့ လွတ်လပ်စွာ ဝင်ရောက်လာလေသည်။

အဓိပ္ပာယ်မှာ လူတစ်ဦးတစ်ယောက်သည် ဗုဒ္ဓကို တောင့်တသောအခါ၊ ၎င်း၏ စိတ်သည် သန့်စင် ပျော်ရွှင်၍ အေးချမ်းသော ဗုဒ္ဓ၏ စိတ် ဖြစ်လာလေသည်။ တစ်နည်းအားဖြင့် ၎င်းသည် ဗုဒ္ဓ၏ စိတ်ဓာတ် ရလာလေသည်။

ထို့ကြောင့် လူတစ်ဦးတစ်ယောက်ချင်းစီသည် သန့်စင်ယုံကြည်မှုဖြင့် မိမိ၏ ကိုယ်ပိုင်စိတ်သည် ဗုဒ္ဓ၏ စိတ်ပင် ဖြစ်သည်ဟု နားလည်သင့်ပေသည်။

၅. ဗုဒ္ဓသည် ပုံပန်းအသွင်အမျိုးမျိုး ပြောင်းလဲဖြစ်ပေါ်နိုင်၍ လူတစ်ယောက်ချင်းစီ၏ အရည်အချင်း နှင့်အညီ အသွင်မျိုးစုံဖြင့် ဖော်ပြ

နိုင်လေသည်။

ဗုဒ္ဓသည် ကောင်းကင်ပြင်တစ်ခုလုံးနှင့်တကွ အကန့်အသတ် မရှိသော အာကာသ လေဟာနယ် တစ်ခွင်လုံးအထိ ဖုံးလွှမ်းနိုင်သော ကြီးမားလှသည့် ကိုယ်ခန္ဓာကို ပြလေသည်။ ဗုဒ္ဓသည် မိမိကိုယ်ကို သေးငယ်လှသော သဘာဝအဖြစ် တခါတရံပုံစံအသွင်ဖြင့်၄င်း၊ တခါတရံ စွမ်းအင်အဖြစ်၄င်း တခါတရံ ဥပမိရုပ်အဖြစ်၄င်း ဖော်ပြလေသည်။

သို့ရာတွင် တစ်နည်းတစ်ဖုံဖြင့် ဗုဒ္ဓသည် ယုံကြည်စွာဖြင့် ဗုဒ္ဓအမည်ကို ရွတ်ဆိုသူများထံ မလွဲမသွေ ပေါ်လာလေသည်။ ယင်းကဲ့သို့သော သူများထဲတွင် အမိတဗုဒ္ဓသည် ကရုဏာတော် ဗောဓိသတ်ဘုရားလောင်းဖြစ်သည့် လောကီ တေသရာဘုရားလောင်း၊ ဉာဏ်ပညာတော် ဗောဓိသတ် ဘုရားလောင်း ဖြစ်သည့် မဟာထာမပြတ္တ ဘုရားလောင်းနစ်ပါး အစဉ်အမြဲ လိုက်ပါလာလျက် ပေါ်လာ တော်မူလေသည်။ ဗုဒ္ဓ၏ ဖော်ပြမှုသည် လူတိုင်း ဖူးမြင်နိုင်စေရန် ကမ္ဘာတစ်ခုလုံးတွင် အပြည့် ဖြစ်နေသော်လည်း ယုံကြည်သူများသာလျှင် တွေ့မြင်နိုင်ပေသည်။

ဗုဒ္ဓ၏ အချိန်အခါအလိုက် ဖော်ပြမှုကို တွေ့မြင်နိုင်စွမ်းရှိသူများသည် တာရှည်တည်မြဲသော ကျေနပ်မှုနှင့် ပျော်ရွှင်မှုများကို ရရှိလေသည်။ ထို့အပြင် စစ်မှန်သောဗုဒ္ဓကို ဖူးမြင်နိုင်စွမ်းရှိသူများသည် အတိုင်းအဆမရှိသော ပျော်ရွှင်မှုနှင့် ငြိမ်းချမ်းမှုစည်းစိမ်များကို ရရှိကြလေသည်။

၆. အတိုင်းအဆမရှိသော မေတ္တာကရုဏာနှင့် အသိဉာဏ်တို့ဖြင့် ပြည့်လျှမ်းနေသော အမိတာဘ ဗုဒ္ဓ၏ စိတ်တော်သည် ကြင်နာကရုဏာထားမှုပင် ဖြစ်သောကြောင့်၊ ဗုဒ္ဓသည် လူသားအားလုံးတို့အား ကယ်တင်နိုင်လေသည်။

အကောက်ကျစ်ဆုံးသော လူများ၊ မယုံကြည်နိုင်လောက်သော ပြစ်မှုများကို ကျူးလွန်ကြသူများ၊ စိတ်ထဲတွင်လောဘ၊ ဒေါသနှင့် မောဟမှုများဖြင့် အပြည့်ဖြစ်နေသူများ၊ လိမ်လည် ခြင်း၊ ဆဲဆိုခြင်းနှင့် လှည့်စားတတ်သူများ၊ သတ်ဖြတ်ခြင်း၊ ခိုးဝှက်ခြင်းနှင့် ရာဂကြီးစွာဖြင့် ပြုမူတတ်သူများ၊ နစ်ပေါင်းများစွာ ဒုစရိုက်များကို လုပ်ဆောင်လာပြီးသည့်နောက်၊ သေဆုံးချိန် နီးကပ်နေသူများ၊

ယင်းလူများသည် ဘဝ ပေါင်းများစွာ ဝဋ်ခံကြရမည် ဖြစ်ပေသည်။

သူငယ်ချင်းကောင်းသည် ၎င်းတို့ထံ လာ၍ ယခုကဲ့သို့ ပြောကြားပါမည်။ "အသင်သည် ယခုအခါ၌ သေဆုံးချိန်သို့ ရောက်လာပေပြီ။ ကောက်ကျစ်စဉ်းလဲသော အသင်၏ ဘဝကို ဖျက်ပစ်ရန် မဖြစ်နိုင်ပါ။ သို့ရာတွင် အဆုံးအစမရှိသော အလင်းရောင်ရှင် (ဂါ) အမိတာဘဗုဒ္ဓ၏အမည်ကို ရွတ်ဆိုခြင်းဖြင့် (ဗုဒ္ဓနသဿတိ ဘာဝနာ ပွားများခြင်းဖြင့်) ဗုဒ္ဓ၏ ကရုဏာတော်အောက်တွင် ခိုလှုံနိုင် ပါသည်။"

အကယ်၍ ဤကောက်ကျစ်စဉ်းလဲသူ အပေါင်းတို့က အာရုံစူးစိုက်၍ ဗုဒ္ဓနသဿတိ ဘာဝနာ ပွား များကြမည်ဆိုပါက ငရဲဘုံသို့ ရောက်ရှိစေမည် ဖြစ်သော ဒုစရိုက်အပေါင်းတို့သည် ရှင်းလင်းပပျောက် ကာ သုဂတိဘုံသို့မည် ဖြစ်ပေသည်။

အကယ်၍ ဗုဒ္ဓ၏ အမည်တော်ကို အကြိမ်ကြိမ်အခါခါ ရွတ်ဆိုရုံမျှဖြင့် ဤသို့ ဖြစ်လာနိုင်ပါက ဤဗုဒ္ဓအပေါ် အာရုံစူးစိုက်နိုင်သူအတွက် မည်မျှပို၍ အကျိုးရှိလိမ့်မည်နည်း။

ဤကဲ့သို့ ဘဝသက်တမ်းကုန်ဆုံးခါနီး၌ ဗုဒ္ဓ၏ အမည်တော်ကို ရွတ်ဆိုနိုင်သူများအား အမိတာဘဗုဒ္ဓနှင့် တကွ မေတ္တာဂရုဏာတော်နှင့် ဉာဏ်ပညာရှင် ဗောဒိသတ္တတို့က လာရောက် တွေ့ဆုံ ကာ၊ ဗုဒ္ဓနိုင်ငံသို့ ခေါ်ဆောင်သွားမည်ဖြစ်၍ ကြာဖြူ၏ သန့်စင်မှုကမ္ဘာတွင် မွေးဖွားလာမည် ဖြစ်သည်။ (ဤသည်မှာ စိတ်၏ ဖန်တီးတွေးတောမှု တစ်ခုသာ ဖြစ်ပေသည်။ တည်းဖြတ်ရေးအဖွဲ့)

ထို့ကြောင့်၊ လူတိုင်းလူတိုင်းသည် "နမောအမိတာဘဗုဒ္ဓ" ၊ သို့မဟုတ် "အဆုံးအစ မရှိသော အလင်းရောင်နှင့် အကန့်အသတ်မရှိသော ဘဝရှင်ဗုဒ္ဓအပေါ် စိတ်နှလုံးသားအပြည့်ဖြင့် မှီခိုအားထား ခြင်း" ဟူသော စကားလုံးများကို စွဲမှတ်ထားသင့်ပေသည်။

# II

# အမိတာဘဗုဒ္ဓ၏ သန့်စင်မှုကမ္ဘာ (ဘုရားသာသနာ)

၁. အလင်းရောင်နှင့် ဘဂအနန္တရှင် ဗုဒ္ဓသည် အစဉ်အမြဲပင် ရှင်သန်နေ၍ ၄င်း၏ အမှန်တရားများကို ဟောနေပေသည်။ ဗုဒ္ဓ၏သန့်စင်သောကမ္ဘာတွင် ဆင်းရဲဒုက္ခမရှိ၊ အမှောင်ထုမရှိပဲ၊ နာရီတိုင်းမှာလည်း ပျော်ရွှင်မှုဖြင့်သာ ကျော်လွန်သွားလေသည်။ ထို့ကြောင့် ၄င်းကို ပျော်ရွှင်မှုကမ္ဘာ (ဂါ) သုဂတိဘဂဟု ခေါ်လေသည်။

ဤကမ္ဘာ၏ အလယ်တွင် သန့်စင်ကြည်လင်လှသော ရေကန်တစ်ခုရှိ၍ လှိုင်းငယ်လေးများသည် လည်း ရွှေသဲပွင့်များသာဖြစ်သော ကမ်းခြေပေါ်သို့ ညင်သာစွာ ရိုက်ခတ်နေလေသည်။ ဟိုတစ်နေရာ၊ ဤတစ်နေရာတို့တွင် လှည်းယာဉ်ဘီးအရွယ်မျှ ကြီးမားလှသော ကြာပွင့်များ၊ ရောင်စုံဖူးပွင့်နေလေ သည်။ အပြာရောင်ကြာပန်းမှ အပြာရောင်ခြည်၊ အဝါရောင်ကြာပန်းမှ အဝါရောင်ခြည်၊ အနီရောင် ကြာပန်းမှ အနီရောင်ခြည်၊ အဖြူရောင်ကြာပန်းမှ အဖြူရောင် အလင်းရောင်စု ရှိနေကြ၍ အမွှေးရနံ့များ သည် လေပြင်တစ်ခုလုံး၌ သင်းပျံ့နေလေသည်။

ရေကန်၏ အနီးပတ်ဝန်းကျင်၌ ရွှေနှင့်ငွေ၊ ကျောက်စိမ်း၊ ကျောက်သလင်းတို့ဖြင့် ဆင်ယင်ထား သော ပြသာဒ်များရှိနေ၍ ရေစပ်အထိ ဆင်းသက်သွားနိုင်သော၊ ကျောက်ဖြူလှေခါးထစ်များ ရှိနေလေ သည်။ အခြားသောနေရာများတွင်မူ ရေမျက်နှာပြင်ပေါ်သို့ ကားထွက်နေသော ကျောက်မျက် ရတနာ တင်းတိမ်တို့ဖြင့် ကာရံထားသည့် ပါးလွှာချောမွတ်သော သိုးမွေးထည်များရှိနေ၍ ကြားနေရာများတွင် အမွှေးရနံ့ပင်များနှင့် ပန်းချုံများ ရှိနေလေသည်။

ကမ္ဘာသည် အလှရောင်ရှိန်တို့ဖြင့် တောက်ပနေ၍ လေပြင်မှာလည်း ကောင်းကင်ယံ၏ သာယာ ငြိမ့်ညောင်းသံများဖြင့် တုန်ခါနေလေသည်။ နေ့နှင့်ညအခါ ကာလအတွင်း ရောင်စုံသန်းနေသော ပန်း ဂတ်လွှာများက ခြောက်ကြိမ်တိုင်တိုင် ကောင်းကင်မှ ရွာကျလာသည်ကို လူများက ပန်းအိုးများဖြင့်

ကောက်ယူ၍ အခြားသော ဗုဒ္ဓကမ္ဘာများသို့ သယ်ဆောင်သွားကာ၊ များပြားလှစွာသော ဗုဒ္ဓများထံ ပေးအပ်ပူဇော်ကြလေသည်။

၂. အံ့မခန်းဖွယ်ရာဖြစ်သော ဤကမ္ဘာတွင် ငှက်ငယ်များ အမြောက်အများ ရှိလေသည်။ နှင်းကဲ့သို့ ဖြူဖွေးနေသော ရေဗျိုင်းများနှင့် ရေငန်းများ လှပတောက်ပြောင်နေသည့် ရောင်စုံဒေါင်းငှက်များနှင့် အပူ ပိုင်းဖုံငှက်မျိုးစုံနှင့် အုပ်စုလိုက်ဖြစ်သော ငှက်ငယ်ကလေးများသည် ညင်သာစွာ သီဆို ကျူးရင့်နေကြလေသည်။ ဗုဒ္ဓ၏ သန့်စင်သောကမ္ဘာ တွင် ချိုမြစွာ အော်မြည်နေကြသော ဤငှက်ငယ်ကလေးများသည် ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများကို ရင့်ကျူးကြ၍ ဗုဒ္ဓ၏ ပါရမီတော် ကောင်းမှုများကို ချီးကျူးနေကြလေသည်။

ဤတေးသံသာများကို ကြားရသူတိုင်းသည် ဗုဒ္ဓ၏အသံတော်ကို နားဆင်ခြင်းပင် ဖြစ်၍ ယုံကြည် မှုစိတ်ဓာတ်သစ်နှင့် နေရာတိုင်းရှိ ယုံကြည်ကိုးစားသူ အချင်းချင်းတို့နှင့် ညီရင်းအစ်ကိုဖြစ်မှု၏ ပျော်ရွှင် ချမ်းမြေ့မှုများ ရှင်သန်နိုးကြားလာလေသည်။ ညင်သာသော လေပြေလေညှင်းများသည် ယင်းသန့်စင် ကမ္ဘာအတွင်းရှိ သစ်ပင်များကို ဖြတ်သန်းကာ၊ ပြဿဒ်များ၏ ရန့်မွှေးကြိုင်သော တင်းတိမ်များကို တုန် လှုပ်စေကာ သာယာ ပျော့ပြောင်းလှသည့် တေးသံများဖြင့် ကျော်ဖြတ်သွားကြလေသည်။

ဤကောင်းကင်ဘုံတေးသံ၏ တိုးလှသော ပဲ့တင့်သံမျာကို ကြားရသည့်လူများသည် တရားနှင့် သံဃာတို့ကို အာရုံပြုကြလေသည်။ ကောင်းမွန်ထူးမြတ်လှသော ဤအရာအပေါင်းတို့သည် သန့်စင် ကမ္ဘာတွင်းရှိ သာမန်အရာများသာ ဖြစ်ချေသည်။

၃. ဤကမ္ဘာရှိ ဗုဒ္ဓအား အမိတာဘ (ဂါ) အလင်းရောင်ခြည်နှင့် ဘဂအနန္တဗုဒ္ဓဟု အဘယ်ကြောင့် ခေါ်ဆိုကြပါသနည်း။ အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓ၏ အမှန်တရားများသည် ဗုဒ္ဓကမ္ဘာအလုံးစုံ၏ နေရာ အပေါင်းစုံသို့ အဟန့်အတားမရှိ ပျံ့လွင့်လွှမ်းခြုံနေသောကြောင့် ဖြစ်ပေသည်။ ဗုဒ္ဓ၏ မေတ္တာ ကရုဏာ တော်များသည် မရေမတွက်နိုင်သော ဘဂများနှင့် ခေတ်ကာလတစ်လျှောက်လုံးတွင်

**ဗုဒ္ဓ၏ကယ်တင်မှု**

မည်သည့်အခါမျှ လျော့နည်း ယုတ်လျော့သွားခြင်း မရှိသောကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓ၏ သန့်စင်သောကမ္ဘာတွင် မွေးဖွားလာ၍ လုံးဝအမှန်တရား ရရှိကာ၊ သံသယ ဖြစ်မှုနှင့် သေခြင်းကမ္ဘာသို့ မည်သည့်အခါမျှ ပြန်သွားမည် မဟုတ်ကြသော လူဦးရေများ မရေမတွက်နိုင်လောက် အောင် များပြားလှသောကြောင့် ဖြစ်ပေသည်။

ဗုဒ္ဓ၏ အလင်းရောင်ဖြင့် ဘဂ၏ဆန်းသစ်မှုကို သိရှိလာကြသော လူဦးရေများလည်း မရေ မတွက်နိုင်အောင် များပြားလှသောကြောင့် ဖြစ်ပေသည်။ (ထေရဝါဒတွင်မူ တရားထူးရ၍ ဘဂ အဆုံး သတ်ခြင်းမျိုးဟု ဆိုရပေမည်။ တည်းဖြတ်ရေးအဖွဲ့)

ထို့ကြောင့် ဗုဒ္ဓအမည်ကို အာရုံစူးစိုက်၍ သေဆုံးခါနီး၌ တစ်ရက်တည်းသာဖြစ်စေ သို့မဟုတ် ခုနစ်ရက်ဖြစ်စေ၊ ယုံကြည်မှုအပြည့်ဖြင့် ဗုဒ္ဓနုဿတိ ဘာဂနာ ပွားများသူများသည် တည်ငြိမ်သော စိတ် ဖြင့် ပြုလုပ်ခြင်းဖြစ်ပါက သေဆုံးချိန်၌ ပေါ်ထွက်လာမည် ဖြစ်သော အမိတာဘဗုဒ္ဓနှင့်တကွ အခြားသော ဗုဒ္ဓမြောက်များစွာတို့၏ ဦးဆောင်ခေါ်ဆောင်မှုအရ ဗုဒ္ဓ၏ သန့်စင်မှုကမ္ဘာတွင် မွေးဖွားလာကြမည် ဖြစ်ပေသည်။ (ထေရဝါဒတွင်မူ သေခါနီး ဗုဒ္ဓနုဿတိကို အာရုံယူကာ ကောင်းသော ကုသိုလ် ကံ္မဌာန်ရုံဖြင့် စုတိ စိတ်ကျ၍ သုဂတိဘုံသို့ တက်လှမ်းရန် ကြိုးစားကြသော ထေရဝါဒ ဘာသာဝင်များကဲ့သို့ မှတ်ယူသင့်ပါသည်။ တည်းဖြတ်ရေးအဖွဲ့)

လူတစ်ဦးတစ်ယောက်သည် အမိတာဘဗုဒ္ဓ၏အမည်ကို ကြားရ၍ ဗုဒ္ဓ၏ သွန်သင်ဆုံးမမှုများတွင် ယုံကြည်စိတ်နိုးကြားလာပါက ၎င်းသည် တုပနှိုင်းယှဉ် ဖွယ်ရာ မရှိသော အမှန်တရားကို ရရှိနိုင်မည် ဖြစ်ပေသည်။